မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၀ပြည့်နှစ်၊ တပို့တွဲလပြည့်ကျော် ၁၁ရက်၊ ၂၀၀၉ ခုနှစ်၊ ဖေဖော်ဝါရီ ၂၀ ရက်၊ သောကြာနေ့၊ အတွဲ(၄၈)၊ အမှတ်(၁၄၃)

မာတာပိတု ဥပဋ္ဌာနံ ဧတံ မင်္ဂလ မုတ္တမံ

မိဘကို လုပ်ကျွေးပြုစုခြင်းသည်
မြတ်သော မင်္ဂလာမည်၏။

နိုင်ငံရေးဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့်အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

စက်မှုလယ်ယာ စံပြစိုက်ပျိုးရေးစနစ် အထူးဇုန်လုပ်ငန်းများ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ လှည့်လည်ကြည့်ရှုစစ်ဆေး

ရန်ကုန် ဖေဖော်ဝါရီ ၁၉

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ယနေ့မွန်းလွဲ ၁၂ နာရီ ၁၀ မိနစ်က ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်ရှိ စက်မှုလယ်ယာ စံပြစိုက်ပျိုးရေး အထူးဇုန်(၁) အကွက်အမှတ်(၁)ရှိ ဒဂုံအင်တာနေရှင်နယ်ကုမ္ပဏီလီမိတက်သို့ ရောက်ရှိပြီး ကန်ပတ်လမ်းဖောက်လုပ်ပြီးစီးမှု၊ နွေစပါးစိုက်ပျိုးပြီးစီးမှု၊ စက်ယန္တရားများဖြင့် မြေပြုပြင်မှု၊ လယ်ထွန်စက်ဖြင့် လယ်များထွန်ယက်နေမှု၊ ရေတင်စက်ဖြင့် လယ်ကွင်းအတွင်း ရေသွင်းနေမှု၊ ရေဆင်းစိုက်ပျိုးရေးသုတေသနဌာနမှ ထုတ်လုပ်သည့် ဆင်းနွယ်ရင်မျိုးစပါးစိုက်ပျိုးထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေး၍ တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် အထူးဇုန်(၁)ရှိ ယုဇနကုမ္ပဏီလီမိတက်သို့ ရောက်ရှိပြီး ကုန်ထုတ်လမ်းဖောက်လုပ်ပြီးစီးမှု၊ နွေစပါးစိုက်ပျိုးပြီးစီးမှု၊ ဘက်စုံစိုက်ပျိုးမွေးမြူရေး (Integrated Farm) အတွက် မြေပြုပြင်ပြီးစီးမှုများကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ထူးထရေးဒင်းကုမ္ပဏီလီမိတက်၏ နွေစပါးစံပြဧက ၅၀စိုက်ခင်း၌ စပါးများ စိုက်ပျိုးဖြစ်ထွန်းမှုများကို လည်းကောင်း၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အထူးဇုန်(၂)ရှိ ရွှေနဂါးမင်းကုမ္ပဏီလီမိတက်၏ အထွက်တိုးစပါးမျိုးများ စိုက်ပျိုးပြီးစီးမှု၊ နှစ်လသားရှိ အောင်မြင်ဖြစ်ထွန်းနေသည့် အထွက်တိုးစပါးစိုက်ခင်း၊ ကုန်ထုတ်လမ်းဖောက်လုပ်ပြီးစီးမှုနှင့် လျှပ်စစ်ရေတင်

စာမျက်နှာ ၇ ကော်လံ ၁ ●

သာယာမည်

နေပြည်တော်နှင့် အနီး တစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

သတင်းခရီးသည်နှင့် ဓာတ်ပုံမှတ်တမ်း
သတင်းထောက် စဥ့်ကူစိုးဝင်း

စာမျက်နှာဖွဲ့စည်းမှု - ဉာဏ်ဖြိုး (မြန်မာ့အလင်း)

စစ်တွေ ဖေဖော်ဝါရီ ၁၉ (ဖက်စ်)

ရခိုင်ပြည်နယ် စစ်တွေမြို့သို့ရောက်ရှိခဲ့စဉ် စစ်တွေမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ ကြီးကြပ်၍ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း(မြို့နယ်)မှ နည်းပညာ၊ သဘာဝဓာတ်မြေဩဇာ ပံ့ပိုးကူညီမှုဖြင့် သီးနှံစိုက်ပျိုးအောင်မြင်မှုကို သွားရောက်လေ့လာရန် စစ်တွေမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ထွဋ်အား သွားရောက်တွေ့ဆုံခဲ့သည်။

စာမျက်နှာ ၉ ကော်လံ ၁ ✻

20-2 (01).pmd 1 2/20/2009, 2:15 AM

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၉ ခုနှစ် ဖေဖော်ဝါရီ ၂၀ ရက်)

လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေး မီဒီယာကဏ္ဍ တိုးမြှင့်ဖော်ဆောင် ဒေသဖွံ့ဖြိုးရေး ဒေသခံတိုင်းရင်းသားပြည်သူများ လက်တွဲပါဝင်

ရခိုင်ပြည်နယ်သည် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ အစိတ်အပိုင်းတစ်ခုဖြစ်ပြီး ရှေးပဝေသဏီကပင် တိုင်းရင်းသားပေါင်းစုံ ဥမကွဲသိုက်မပျက် ပေါင်းစည်းနေထိုင်လာခဲ့ကြသော ပြည်နယ်တစ်ခုဖြစ်သည်။

နိုင်ငံတော်အစိုးရသည် နိုင်ငံတော်အတွင်း ဒေသအားလုံး မျှတစွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ရခိုင်ပြည်နယ်၏ ဖွံ့ဖြိုးတိုးတက်မှုများကို ယခုအခါ ဒေသခံပြည်သူများ လက်တွေ့အကျိုးခံစားနေကြရပြီဖြစ်သည်။

ရေခြားမြေခြားဖြစ်နေသဖြင့် ရခိုင်ပြည်နယ်ကို အခြားသော ပြည်နယ်၊ တိုင်းများနှင့် အလွယ်တကူဆက်သွယ်သွားလာနိုင်ရန် ရန်ကုန်-စစ်တွေ မော်တော်ကားလမ်းကို ခက်ခက်ခဲခဲဖောက်လုပ်ပေးနိုင်ခဲ့ပြီး ရခိုင်ပြည်နယ်တောင်ပိုင်းနှင့် မြောက်ပိုင်း ဆက်သွယ်သွားလာနိုင်ရန်နှင့် ဧရာဝတီတိုင်း၊ ရန်ကုန်တိုင်း တို့နှင့် ဆက်သွယ်သွားလာနိုင်ရန် ရန်ကုန်-ကျောက်ဖြူလမ်းကို ဖောက်လုပ်ပေးခဲ့သည်။

ယခုအခါ စစ်တွေ-ပုဏ္ဏားကျွန်း-ကျောက်တော်-မြောက်ဦး-မင်းပြားမြို့များမှစ၍ အမ်းမြို့အထိ မီးရထားလမ်းဖောက်လုပ်ရန် စတင်ဆောင်ရွက်နေပြီး အမ်းမြို့မှ ဧရာဝတီအနောက်ဘက်ခြမ်းရှိ မီးရထားလမ်းနှင့် ဆက်သွယ်ဖောက်လုပ်သွားမည်ဖြစ်သည်။

ရခိုင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်မှု ဆောင်ရွက်ရာတွင် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် မီဒီယာကဏ္ဍကိုလည်း ပိုမိုတိုးချဲ့ဆောင်ရွက်သွားမည်ဖြစ်ရာ ပြည်နယ်တစ်ခုလုံး နေရာလပ်မကျန် ရုပ်မြင်သံကြားဖမ်းယူကြည့်ရှုနိုင်ရန် ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်များကို လွှင့်အားမြှင့်စက်ပစ္စည်းများ ပြောင်းလဲတပ်ဆင်လျက်ရှိသည်။ ရေဒီယိုထုတ်လွှင့်မှုအနေဖြင့် စစ်တွေမြို့၌ FM ရေဒီယို အမြန်ဆုံးထပ်ဆင့်ထုတ်လွှင့်နိုင်ရန် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

ရခိုင်ပြည်နယ်ရှိ ကျေးရွာများသို့ နေ့စဉ်ထုတ်သတင်းစာများ ရောက်ရှိဖတ်ရှုနိုင်ရန် စွမ်းရည်မြှင့်စက်သစ်များ တပ်ဆင်ပုံနှိပ်ခြင်းကို စတင်ဆောင်ရွက်လျက်ရှိရာ မြို့နယ် ၁၄ မြို့နယ်ရှိ ကျေးရွာပေါင်း ၈၉၂ ရွာသို့ ဖြန့်ဝေသွားမည်ဖြစ်ပြီး ကျန်ရှိသောကျေးရွာများသို့လည်း သတင်းစာဖတ်ရှုနိုင်ရန် ဆက်လက်အကောင်အထည်ဖော်သွားမည် ဖြစ်သည်။

သို့ဖြစ်ပေရာ နိုင်ငံတော်အစိုးရသည် ပြည်နယ်နှင့်တိုင်းများ တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်ရန်အတွက် အကြားအလပ်မရှိ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ၌ ဒေသခံတိုင်းရင်းသားပြည်သူများကလည်း နိုင်ငံတော်အစိုးရနှင့်အတူ ဝိုင်းဝန်းလက်တွဲ ပါဝင်ကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

အမျိုးသားကာကွယ်ဆေးတိုက်နေ့များ ဖွင့်ပွဲ လှိုင်ကော်မြို့ မြို့တော်ခန်းမ၌ကျင်းပ

လှိုင်ကော် ဖေဖော်ဝါရီ ၁၉

ကယားပြည်နယ် လှိုင်ကော်မြို့ မြို့တော်ခန်းမတွင် အမျိုးသားကာကွယ်ဆေးတိုက်နေ့ဖွင့်ပွဲကို ဇန်နဝါရီ ၁၀ရက် နံနက် ၉နာရီခွဲက ကျင်းပရာ အခမ်းအနားသို့ ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဝင်းမြင့် တက်ရောက်အမှာစကားပြောကြားပြီး ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာသန်းထွန်းမြင့် က အမျိုးသားကာကွယ်ဆေးတိုက်နေ့များ(၂၀၀၉) ကျင်းပရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ဆေးတိုက်ကျွေး

အခမ်းအနားအပြီးတွင် ပြည်နယ်ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဝင်းမြင့်နှင့်ဇနီး ဒေါ်နွယ်နီဝင်းနှင့် တက်ရောက်လာကြသူများက ငါးနှစ်အောက်ကလေးငယ်များအား ပိုလီယိုကာကွယ်ဆေးတိုက်ကျွေးပြီး အာဟာရမုန့်နှင့် ကစားစရာများ ဝေငှပေးသည်။ ထိုမှ ပြည်နယ်ဥက္ကဋ္ဌနှင့်ဇနီးတို့သည် လှိုင်ကော်မြို့ မင်္ဂလာရပ်ကွက်နှင့် ဒေါတမရပ်ကွက်များသို့ သွားရောက်၍ ငါးနှစ်အောက်ကလေးငယ်များအား ပိုလီယိုကာကွယ်ဆေးတိုက်ကျွေးပြီး အာဟာရမုန့်နှင့် ကစားစရာများ ဝေငှပေးသည်။ (ခရိုင် ပြန်/ဆက်)

မြဝတီရုပ်မြင်သံကြား

၂၀-၂-၂၀၀၉ (သောကြာနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	အဖွင့်သီချင်း
၇း၁၀	၃။	မျိုးချစ်တပ်မတော်
၇း၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇း၄၅	၆။	**မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၇း၅၀	၇။	သာယာသီကြွေးခေတ်ဆန်းတေး
၇း၅၅	၈။	အမျိုးသားရေးတေးကဗျာ
၈း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၀။	အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၀	၃။	ချိုမြလက်သံငြိမ့်ညောင်းဟန်
၄း၂၀	၄။	ရင်ခုန်စီးဆင်း အချစ်သီချင်း
၄း၂၅	၅။	မဟာဂီတ ချိုကြည်မြ
၄း၅၀	၆။	မျိုးချစ်တပ်မတော်
၅း၀၀	၇။	ရင်မှာစွဲလမ်းတော်ဝင်ပန်း
၅း၂၅	၈။	အလွမ်းတေးပန်းချီ ချစ်သူဆီ
၅း၃၅	၉။	၂၀၀၉ခုနှစ်တက္ကသိုလ်ဝင်တန်းစာမေးပွဲအထောက်အကူပြုသင်ခန်းစာ (စိတ်ကြိုက်မြန်မာစာ)
၅း၅၀	၁၀။	သာယာသီကြွေးခေတ်ဆန်းတေး
၆း၀၀	၁၁။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၁၂။	နိုင်ငံတကာသတင်း
၆း၂၀	၁၃။	အမျိုးသားရေးတေးကဗျာ
၆း၂၅	၁၄။	စောင့်မျှော်ရှုစား ကြိုးဝိုင်းစကား
၆း၄၅	၁၅။	လျှပ်တစ်ပြက်
၇း၀၀	၁၆။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ကျွန်တော့်ချစ်သူ** (အပိုင်း-၇)
၈း၀၀	၁၇။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၈။	မိုးလေဝသသတင်း
	၁၉။	အမျိုးသားရေးတေးကဗျာ
	၂၀။	စိုက်ပျိုးသုတ
	၂၁။	ရှင်သန်နေသောသီချင်းများ (Living Songs) အတ္တအခင်းအကျင်း(အပိုင်း-၁) နောင်နောင်(ဆန်းဖလားဝါး)
	၂၂။	မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
	၂၃။	ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
	၂၄။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ဒဏ္ဍာရီထဲက ပုံပြင်လေးတစ်ပုဒ်** (အပိုင်း-၂၂)

အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း မကွေးမြို့နယ် ညောင်ကန်ကျေးရွာ၌ ကျေးရွာ ၁၆ရွာတို့မှ ဒေသခံပြည်သူများအား အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

လျှပ်စစ်(၁)ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း

မကွေးတွင် ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းများညှိနှိုင်းဆောင်ရွက်ပေး

နေပြည်တော် ဖေဖော်ဝါရီ ၁၉

အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီး ဇော်မင်းသည် ဖေဖော်ဝါရီ ၁၆ရက် နံနက်ပိုင်းက မကွေးမြို့နယ်ရှိ ကြာကန်ကျေးရွာ၊ ညောင်ပင်သာရွာ၊ လေးအိမ်ရွာ၊ ပုဂံမျှော်ရွာ၊ ကြို့ပင်အင်းရွာ၊ ကျုံချောင်းရွာသစ်၊ ကျုံချောင်းရွာမ၊ ကြိုးကြာကတ်ရွာနှင့် ကြည်တစ်လုံးရွာတို့မှ ဒေသခံပြည်သူများနှင့်တွေ့ဆုံ၍ ကျေးရွာလျှပ်စစ်မီးရရှိရေးအတွက် ဇီဝဓာတ်ငွေ့သုံး လျှပ်စစ်မီးစက်ရုံတည်ဆောက်ရန် ညှိနှိုင်းဆောင်ရွက်ပေးပြီး ကြာကန်ရွာရှိ အခြေခံပညာအထက်တန်းကျောင်း၌ ဆရာ ဆရာမများနှင့် တွေ့ဆုံကာ ဘိလပ်မြေအိတ်များနှင့် အလှူငွေများကို ပေးအပ်လှူဒါန်း၍ စက်ရေတွင်းပြုပြင်ရန် ညှိနှိုင်းဆောင်ရွက်ပေးသည်။

ကြည့်ရှုစစ်ဆေး

ထိုမှတစ်ဆင့်ဝန်ကြီးသည် ညောင်ကန်ကျေးရွာ၌ ညောင်ကန်ရွာ၊ သံဘိုလေးရွာ၊ လိပ်ကမ်းရွာ၊ ရွာသစ်ကြီးရွာ၊ ကုန်းကြီးရွာ၊ ကျစ်စုံပွေးရွာ၊ ဘိုကုန်းရွာ၊ တယ်ပင်ကန်ပေါက်ရွာ၊ ကန်ပြားကြီးရွာ၊ သပြေရင်ရွာ၊ ဖိုလေးလုံးရွာ၊ ကျောင်းဆောင်ရွာ၊ လင့်မြင့်ရွာ၊ သံဖိုရွာနှင့် လက်ဆည်ကန်ရွာ စသည့်ရွာပေါင်း၁၆ရွာမှ ဒေသခံပြည်သူများနှင့်တွေ့ဆုံပြီး ကျေးရွာပိုင် ဇီဝဓာတ်ငွေ့သုံးလျှပ်စစ်မီး စက်ရုံတည်ဆောက်ရေးအတွက် ညှိနှိုင်းဆောင်ရွက်ပေးကာ ညောင်ကန်စံပြကျေးရွာ တိုက်နယ်ဆေးရုံကို ကြည့်ရှုစစ်ဆေးသည်။

ဆောင်ရွက်ပေး

ယင်းနောက် ဝန်ကြီးသည် ကန်ပြားကျေးရွာသို့ရောက်ရှိကာ ကန်ပြားအရှေ့ရွာ၊ ကန်ပြားအနောက်ရွာ၊ စမ်းကန်ရွာ၊ ကန်သာကြီးရွာ၊ ကန်သာလေးရွာ၊ ညောင်ပင်ရွာ၊ ရွာဟောင်းကန်ရွာ၊ ရွာသစ်ရွာ၊ လွန်မြတ်ကန်ရွာ၊ ဘုရားပြိုတောင်ရွာ၊ ဝွေးတောက်စမ်းရွာ၊ မကြီးကန်ရွာ၊ ဆားတိုင်ကန်ရွာနှင့် ထပေါက်တောရွာတို့မှ ဒေသခံပြည်သူများနှင့် တွေ့ဆုံပြီး ကန်ပြားကျေးရွာတွဲဖက် အထက်တန်းကျောင်း၌ သောက်သုံးရေရရှိရေးအတွက် ရေကန်နှင့် ရေတင်စက်တပ်ဆင်ရေး ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဆုချီးမြှင့်

တာမွေ အမက(၃) ကျောင်းခန်းမ၌ ကျင်းပသော မိဘဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန် ဆုချီးမြှင့်ပွဲကို ဖေဖော်ဝါရီ ၇ရက်က ကျင်းပရာ ကျောင်းအဆင့် ပထမဆုရရှိသော သူငယ်တန်းမှ မောင်ကျော်စွာဟိဏ်းအား ကျောင်းအုပ်ဆရာမကြီး ဒေါ်တင်မာအေးက ဆုချီးမြှင့်စဉ်။

(ပညာရေး)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၀-၂-၂၀၀၉ (သောကြာနေ့)

AM & PM

၇း၀၀-၁း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅-၁း၀၅	သံယောဇဉ်ပြတ်လျှင်နိဗ္ဗာန်ဝင် တရားတော် (ပြည်တွင်းပြည်ပသာသနာပြု အောင်ဆန်းဆရာတော် ဘဒ္ဒန္တသဒ္ဓမ္မကိတ္တိသာရ)
၇း၅၀-၁း၅၀	အရေအတွက်မှ အရည်အချင်းသို့
၈း၁၀-၂း၁၀	VJ Choice
၈း၃၀-၂း၃၀	ဂေါက်ယူဆင်နွဲ Yangon Golf Club ရဲ့ ရာပြည့်ပွဲ
၈း၄၀-၂း၄၀	လေလှိုင်းမှ ဖြေကြားပရိသတ်များ အမေးစကား
၉း၀၀-၃း၀၀	**အမျိုးနှင့်မျိုး** နေမျိုးအောင်၊ မိုးပြည့်ပြည့်မောင်ဇော်၊ ဝင်းနိုင်(အနုပညာ) (ဒါရိုက်တာ-ဖုန်းမြင့်အောင်)
၉း၁၅-၃း၁၅	ပြည်တွင်းသတင်းအကျဉ်း
၉း၂၅-၃း၂၅	တေးဂီတအစီအစဉ်
၉း၃၀-၃း၃၀	ကုသိုလ်မျှဝေယူကြစေ ပါဒသက်သေ
၉း၄၀-၃း၄၀	နိုင်ငံတကာသတင်းအကျဉ်း
၉း၄၅-၃း၄၅	Art Vision (Asean Contemporary Art Exchange)
၁၀း၀၅-၄း၀၅	မိုးလေဝသခန့်မှန်းချက်
၁၀း၁၀-၄း၁၀	ကျန်းမာပျော်ရွှင်မီးအိမ်ရှင်ကဏ္ဍ (ဒေါက်တာနိုက်တင်ဂေးလ်နှင့် ဆွေးနွေးခန်း)
၁၀း၂၀-၄း၂၀	တေးဂီတအစီအစဉ်
၁၀း၃၅-၄း၃၅	ယနေ့သိပ္ပံနှင့်နည်းပညာ
၁၀း၅၀-၄း၅၀	ပြည်တွင်းသတင်းအကျဉ်း
၁၁း၀၅-၅း၀၅	ကွင်းမြေစမ်းသပ်ခြင်းနှင့် မြေနမူနာရယူခြင်းလုပ်ငန်း
၁၁း၁၅-၅း၁၅	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၂၀-၅း၂၀	ရွေးချယ်အစုံစုံ ရင်သွေးရိပ်မြုံ (MIEC Pre School) ပညာရိပ်မြုံအကြောင်း သိကောင်းစရာ
၁၁း၃၅-၅း၃၅	တေးဂီတအစီအစဉ်
၁၁း၄၀-၅း၄၀	(Activities in the City) သတ္တမအကြိမ် ဇော်စာပေ ရှားပါးစာအုပ်ပြပွဲနှင့် ရောင်းပွဲ
၁၁း၅၀-၅း၅၀	Music Talk (ဝင်းဦး)
၁၂း၄၅-၆း၄၅	အပြုံးသစ် (ပါမောက္ခဒေါက်တာဘမြင့်၊ ဒေါက်တာမိုးသီတာထွေး)
၁း၀၀-၇း၀၀	MRTV-4 အပိတ် Logo၊

MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း စတုတ္ထအကြိမ် (၂၀၀၇ ခုနှစ်အတွက်) သုတစွယ်စုံစာပေဆုချီးမြှင့်ပွဲအခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

စတုတ္ထအကြိမ် သုတစွယ်စုံစာပေဆုချီးမြှင့်ပွဲကျင်းပ ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်းတက်ရောက် ဆုများချီးမြှင့်

ရန်ကုန် ဖေဖော်ဝါရီ ၁၉

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ယမန်နေ့ ညနေ၄နာရီတွင် ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်၌ ကျင်းပသည့် မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့က ကြီးမှူး၍ Swesone Media Group ၏ သုတစွယ်စုံ စာအုပ်တိုက်က ချီးမြှင့်သော စတုတ္ထအကြိမ် (၂၀၀၇ ခုနှစ်အတွက်) သုတစွယ်စုံစာပေဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက် အမှာစကားပြောကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် Swesone Media Group က ဆုရွေးချယ်ချီးမြှင့်ရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဆုရွေးချယ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမျိုးသန့်(မောင်ဆုရှင်)က ဆုရွေးချယ်ပုံအဆင့်ဆင့်နှင့် ဆုရစာအုပ်များအပေါ် အကဲဖြတ်ချက်တို့ကို ရှင်းလင်းတင်ပြသည်။

ဆုများချီးမြှင့်

ထို့နောက် စတုတ္ထအကြိမ် သုတစွယ်စုံစာပေဆုရရှိကြသူများအား ဆုများကို ချီးမြှင့်ရာ ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက သုတစွယ်စုံ တစ်သက်တာစာပေဆုရရှိသည့် ဒေါက်တာခင်မောင်ညွန့်၊ "မြန်မာ့ခရီးသွားဥယျာဉ် အတွင်းမှ ပန်းပွင့်ဟိုတယ်များ"စာအုပ်ဖြင့် လူမှုစီးပွားဘာသာရပ်ဆုရရှိသည့် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အေးမြင့်ကြူ (ချစ်ဆွေမြင့်)၊ "ဘဝတစ်ကွေ့ကြုံတွေ့ရ မှတ်တိုင်များ"စာအုပ်ဖြင့် စာပဒေသာ ဘာသာရပ်ဆုရရှိသည့် ဗိုလ်မှူးကြီးစောမြင့်(ငြိမ်း)(မှူးသမိန်)နှင့် "ဤကမ္ဘာလောကနှင့် ရေနံစွမ်းအင် ပြဿနာ" စာအုပ်ဖြင့် နိုင်ငံတကာရေးရာဘာသာရပ်ဆုရရှိသည့် သံအမတ်ကြီး ဦးလှမောင်(အငြိမ်းစား) (သံအမတ်ကြီးဦးလှမောင်-ဘောဂ)တို့အား ဆုများကို ချီးမြှင့်သည်။

ဆက်လက်၍ မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးလှမြိုင်(ကိုဆောင်း)နှင့် Swesone Media Group ဥက္ကဋ္ဌ ဒေါက်တာတင်ထွန်းဦးတို့က "ဘဝတစ်ခုစီမံမှု" စာအုပ်ဖြင့် လူငယ်စာပေဘာသာရပ်ဆုရရှိသည့် ဦးချစ်နိုင် (ညွှန်ကြားရေးမှူးချုပ်၊ ငြိမ်း) (ချစ်နိုင်-စိတ်ပညာ)၊ "ဘဏ်လုပ်ငန်းနှင့် ဘဏ္ဍာရေးဆိုင်ရာဝေါဟာရအဘိဓာန်"စာအုပ်ဖြင့် ရည်ညွှန်းစာပေဘာသာရပ်ဆုရရှိသည့် မောင်လှသောင်း(ဘဏ်)၊ "ဧရာဝတီဖလော်တီလာ"စာအုပ်ဖြင့် ဘာသာပြန်စာပေ ဘာသာရပ်ဆုရရှိသည့် ကျော်ဦးလှကိုယ်စား မိခင်ဖြစ်သူ ဒေါ်တင်တင်လှ၊ "လာနီညာဆိုတဲ့မိန်းကလေးနှင့်သဘာဝဘေးအန္တရာယ်ဆိုင်ရာဆောင်းပါးများ"စာအုပ်ဖြင့် သုတသိပ္ပံဘာသာရပ်ဆုရရှိသည့် မောင်ထွန်းလွင် (မိုးလေဝသ)၊ "ကျန်းမာစေဖွယ်နည်းအသွယ်သွယ်"စာအုပ်ဖြင့် အသုံးချသိပ္ပံဘာသာရပ်ဆုရရှိသည့် အောင်(ဆေး-၁)နှင့် "ကမ္ဘာ့သိမြန်မာများနှင့် ကမ္ဘာ့သိမြန်မာစာအုပ်များ"စာအုပ်ဖြင့် ဝိဇ္ဇာဘာသာရပ်ဆုရရှိသည့် မောင်ဇေယျာတို့အား ဆုများကို ချီးမြှင့်သည်။

လက်ဆောင်ပစ္စည်းပေးအပ်

ယင်းနောက် Swesone Media Group ဥက္ကဋ္ဌ ဒေါက်တာတင်ထွန်းဦးနှင့်ဇနီး ဒေါက်တာခင်မိုးမိုးတို့က မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့အတွက် လှူဒါန်းငွေကျပ်ခုနစ်သိန်းကို မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးလှမြိုင်(ကိုဆောင်း)နှင့် ဒုတိယဥက္ကဋ္ဌ(၁) ဦးတင်ခ (တက္ကသိုလ်တင်ခ)တို့သို့လည်းကောင်း၊ ဟသ္သာတမြို့နယ် နိဗ္ဗာန်ကျေးရွာရှိ ဦးဖိုးကျားအထိမ်းအမှတ် သုတစွယ်စုံ စာကြည့်တိုက်အတွက် လှူဒါန်းငွေကျပ်ငါးသိန်းကို တာဝန်ရှိသူတို့သို့လည်းကောင်း ပေးအပ်လှူဒါန်းကာ ဆုရွေးချယ်ရေးအဖွဲ့သို့ လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

ထို့နောက် ဆုရရှိကြသူများကိုယ်စား စာရေးဆရာမှူးသမိန်၊ ချစ်ဆွေမြင့်နှင့် သုတစွယ်စုံ တစ်သက်တာစာပေဆုရ ဒေါက်တာခင်မောင်ညွန့်တို့က ကျေးဇူးတင်စကား ပြန်လည်ပြောကြားကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား

၂၀-၂-၂၀၀၉ ရက် (သောကြာနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇း၃၀ ၃။ နံနက်ခင်းသတင်း
- ၇း၄၀ ၄။ လှုပ်ရှားပုံပြင် စိတ်ပျော်ရွှင်
- ၇း၅၀ ၅။ သံသာချိုအေး မင်္ဂလာတေး
- ၈း၀၀ ၆။ အကပြိုင်ပွဲ
- ၈း၁၅ ၇။ တေးဂီတအစီအစဉ်
- ၈း၃၀ ၈။ International News
- ၈း၄၀ ၉။ **မင်းမသိသေးပါဘူးကွာ** ဧရာ၊ ၄က်ပျောကြော်၊ ချစ်စရာ၊ ကြူကြူသင်း၊ အေးအေးခိုင် (ဒါရိုက်တာ-ဆွေဇင်ထိုက်)
- ၈း၅၀ ၁၀။ ကြေးမုံရိပ်သွင် တေးနုယဉ်
- ၉း၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄း၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
- ၄း၁၀ ၂။ အဆိုပြိုင်ပွဲ
- ၄း၂၀ ၃။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
- ၄း၃၀ ၄။ **သတိတစ်ချက် တစ်သက်အမှား** ကျော်မင်းနောင်၊ ကြည်လဲ့လဲ့ဦး၊ နန်းကလျာလှိုင် (ဒါရိုက်တာ စောစန္ဒာလှိုင်)
- ၄း၄၀ ၅။ တေးဂီတအစီအစဉ်
- ၄း၅၀ ၆။ ၂၀၀၉ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဘာသာရပ်ဆိုင်ရာ သင်ခန်းစာ (စိတ်ကြိုက်မြန်မာစာ)
- ၅း၁၅ ၇။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
- ၅း၂၅ ၈။ အတီးပြိုင်ပွဲ
- ၅း၃၅ ၉။ မြန်မာစာ၊ မြန်မာစကား
- ၅း၄၅ ၁၀။ နှောင်းခေတ်တေးပဒေသာ
- ၆း၀၀ ၁၁။ ညနေခင်းသတင်း
- ၆း၃၀ ၁၂။ မိုးလေဝသ အခြေအနေ
- ၆း၃၅ ၁၃။ သုတစုံလင် ရွှေဉာဏ်ရှင်
- ၇း၁၀ ၁၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **ကုန်သွယ်မှုန်တိုင်း** (အပိုင်း-၅၄)
- ၈း၁၀ ၁၅။ ပြည်တွင်းသတင်း
- ၁၆။ နိုင်ငံတကာသတင်းများ
- ၁၇။ မိုးလေဝသအခြေအနေ
- ၁၈။ နိုင်ငံခြားဇာတ်လမ်းတွဲ **မေတ္တာလမ်းဆုံ** (အ ပိုင်း-၂)

● ကျောဖုံးမှ

အသုံးပြုပြီး အလင်းရောင်စွမ်းအားဖြင့် ဓာတ်အားရရှိစေရန် ကြိုးစားခြင်းပင်ဖြစ်သည်။ နေစွမ်းအင်မှ ထုတ်ယူရရှိသော စွမ်းအင်မှာ ဈေးနှုန်းသက်သာသည့်အပြင် ကုန်ကြမ်းပစ္စည်းလည်း မကုန်ခန်းနိုင်အောင် အလျှံပယ်ပေါများသည်။

ပေါများ

ထို့အတူ အလင်းစွမ်းအင်မှ ထုတ်ယူရရှိသော ဓာတ်အားသည်လည်း အနာဂတ်ကာလတွင် ပေါများစွာ အသုံးပြုနိုင်မည်ဖြစ်သည်။

အလင်းရောင်တွင်ပါရှိသော လျှပ်စစ်သံလိုက်စက်ကွင်း တစ်ဖိုတွန်(တစ်ယူနစ်)ကို မော်လီကျူးများဖြင့် ပြုလုပ်ထားသည့် ဝိုင်ယာကြိုးက စုပ်ယူတိုင်း အီလက်ထရွန်တစ်ခုကို ပြန်လည်ထုတ်ပေးနိုင်သည်ဖြစ်ရာ ယင်းအခြေခံသဘောတရားအပေါ်၌ သုတေသနပြုစမ်းသပ်နေခြင်းဖြစ်သည်။

စိုးရိမ်စရာမလို

အလင်းစွမ်းအားမှ ဓာတ်အားထုတ်ယူခြင်း အောင်မြင်မှုရရှိပါက အနာဂတ်ကာလတွင် ဓာတ်အားသုံးစွဲမှုအတွက် ကြောင့်ကြစရာမလိုတော့ဘဲရှိမည်ဖြစ်ရာ ဂျပန်သုတေသနပညာရှင်များက အောင်မြင်မှုရရှိရေးအတွက် ကြိုးစား သုတေသနပြုနေခြင်း ဖြစ်သည်။

✱ ကျောဖုံးမှ

သွားလာသော အရပ်ဒေသ၌နေထိုင်ရပါက ပန်းနာရောဂါဖြစ်ပွားရန် ၇၅ရာခိုင်နှုန်း အခွင့်အလမ်းများကြောင်း၊ ထို့အပြင် လည်ချောင်းရောဂါဖြစ်ပွားမှုကိုလည်း များပြားစေကြောင်း ဗြိတိသျှ သုတေသနပညာရှင်များက ထောက်ပြထားသည်။

ပန်းနာရောဂါနှင့် လည်ချောင်း ရောဂါအဖြစ်များသော ကလေး၅၆ဦးကို သုတေသနပြုခဲ့ရာ ၄င်းတို့အနက် ၉၀ရာခိုင်နှုန်းမှာ မော်တော်ယာဉ် အသွားအလာ များပြားသောနေရာဒေသ၌ နေထိုင်ကြသူ များဖြစ်နေကြောင်း တွေ့ရသည်ဟု သုတေသနပညာရှင်များက ပြောကြားသည်။

The Live News ဂျာနယ် အမှတ်(၁၂၀)ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဖေဖော်ဝါရီ ၁၉

ယခုအပတ်ထုတ် The Live News ဂျာနယ် အမှတ်(၁၂၀)တွင် ဆင်ဖြူကျွန်း အောင်သိန်း၏ စာပေဟောပြောပွဲ စည်းမျဉ်းအချို့၊ မြင်းမူမောင်နိုင်မိုး၏ မိတ်ဆွေကောင်း၊ နီမင်းဆွေ၏ ချစ်ဆိပ်ရည်(၁၂)၊ ကိုကိုလှိုင်၏ စီးပွားပျက်ကပ်နောက်မှာ ပို၍ မလုံမခြုံဖြစ်လာမည့်ကမ္ဘာ၊ မောင်မြတ်မွန်(ဆူးလေ)၏ ရန်ကုန်မြို့ကြီးရဲ့ သမိုင်းထဲက 'မရှိမဖြစ်' ရေသမိုင်းကြောင်း(၃)လော့်ကားရေလှောင်ကန်+Mount Pleasant ထပ်ဆင့်ကန်သာ၊ နီငြိမ်း(အညာတက္ကသိုလ်)၏ ကမ္ဘာ့အရှေ့ဖျားမှ ဖွံ့ဖြိုးဝေစည်ဂျပန်ပြည် အပိုင်း(၁၄)၊ အောင်လျှမ်းဝေ၏ လွမ်းငွေ့မပြေချယ်ရီမြေ(၂၃)၊ အာရှမိုး၏ အစိုးရတပ်များက အကြီးအကျယ်အသာစီးရသွားတဲ့ သီရိလင်္ကာ တမီလ်ကျားသူပုန်ရှင်းလင်းရေးတိုက်ပွဲများ၊ မိုး(ပျဉ်းမနား)၏ ဥယျာဉ်မှူးဖေဖေ မေမေ၊ အမေရိကန်နိုင်ငံ၏ ဒေါ်လာ၇၈၇ဘီလီယံပမာဏရှိ စီးပွားရေးလှုံ့ဆော်မှုအစီအစဉ်၊ ရုရှားရေတပ်သင်္ဘောတစ်စင်းက ဆိုမာလီ ပင်လယ်ဓားပြသင်္ဘောသုံးစင်းအားဖမ်းဆီးခဲ့၊ တစ်စည်လျှင် ၃၄ဒေါ်လာအောက်ရောက်ရှိနေသော ကမ္ဘာ့ရေနံစိမ်းဈေးနှုန်း ဆက်လက်ကျဆင်းဖွယ်ရှိဟုဆို၊ ၁၈နှစ်အတွင်း နှင်းမုန်တိုင်းများ အကြီးအကျယ်ကျရောက်ခဲ့တဲ့ အနောက်ဥရောပ၊ စင်ကာပူစီးပွားရေးအတွက် အစိုးရ၏ ကူညီပံ့ပိုးရေးအစီအစဉ်၊ မက်ဒရစ်မြို့၌ ဝေဟင်ထက်တွင်အချိန်အတော်ကြာ မတ်တပ်ရပ်ပြခဲ့သူ၊ အချစ်ရေးကို မစဉ်းစားသေးပါဘူးလို့ဆိုတဲ့ ရတနာမိုင်၊ ထင်ပေါ်ကျော်ကြားကိုရီးယားအနုပညာရှင်များ၊ မြဝတီရုပ်မြင်ပေါ်က ရုပ်ရှင်စသည့်သတင်း၊ ဆောင်းပါး၊ အားကစား၊ အနုပညာကဏ္ဍများဖြင့် ဝေဝေဆာဆာတင်ဆက်ထားသည်။

မှာယူဖတ်ရှုနိုင်

The Live News ဂျာနယ်ကို အပတ်စဉ်စနေနေ့တိုင်းဖတ်ရှုသူ အိမ်အရောက်ပေးပို့ရန် စီစဉ်ထားရာ လစဉ်ကြေးဖြင့် ဖတ်ရှုလိုသူများ သုံးလ ၁၃စောင် ငွေကျပ် ၅၈၅၀၊ ခြောက်လ ၂၆ စောင် ငွေကျပ် ၁၁၇၀၀ နှုန်းထားများဖြင့် ရွှေပြည်စိုးစာပေတိုက်အမှတ် ၃၁၀ အခန်း ၀၀၄ ဝါးတန်းလမ်း လမ်းမတော်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၂၉၈၈၂၊၂၂၉၈၈၅ နှင့် Market Care (Distribution Service) အမှတ်၅၅ ပထမထပ် ဝါးတန်းလမ်း လမ်းမတော်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၂၃၉၇၃၊ ၀၉-၅၀-၀၈၀၄၇တို့သို့ မှာယူဖတ်ရှုနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ရွှေတြိဂံဂေါက်ကွင်း၌ တစ်ချက်တည်းကျင်းဝင်

ကျိုင်းတုံ ဖေဖော်ဝါရီ ၁၉

ဦးအောင်နိုင်သည် ကစားဖော်များဖြစ်ကြသော ဦးဆွမ်ဖိတ်ကျောက်၊ ဦးရီရှဲ၊ ဦးစိုင်းဆမ်တစ်၊ ဦးအားဟိုက်တို့နှင့်အတူ ဖေဖော်ဝါရီ၁၄ရက်က ကျိုင်းတုံမြို့ ရွှေတြိဂံဂေါက်ကွင်း၌ ဂေါက်သီးရိုက်ကစားစဉ် Titalist Pro V1 No.4 ဂေါက်သီးကို Ping Eye 3, No. 6 တုတ်ဖြင့် ရိုက်လိုက်ရာ ၁၆၈ ကိုက်အကွာရှိ ကျင်းအမှတ်(၈)သို့ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားခဲ့ကြောင်း သိရသည်။

(မြန်မာ့အလင်း)

မြန်မာ့အလင်း မိုးလေဝသ ခန့်မှန်းချက် — သန်းသန်းနု ကိုးကားတင်ပြသည်

ဟားခါးတွင်ညအပူချိန် ၂ဒီဂရီစင်တီဂရိတ်နှင့် လားရှိုးနှင့်နမ့်စန်၌ ၆ဒီဂရီစင်တီဂရိတ်ရှိ

ရန်ကုန် ဖေဖော်ဝါရီ ၁၉

ဖေဖော်ဝါရီ၂၀ရက် (ယနေ့) ပြည်နယ်နှင့်တိုင်းများ၏ ရာသီဥတုအခြေအနေကို ခန့်မှန်းရပါက ကချင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရန်ကုန်တိုင်း၊ ပဲခူးတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းပြီး ကျန်ပြည်နယ်နှင့် တိုင်းတို့၌ အများအားဖြင့်သာယာမည်ဖြစ်သည်။

ဖေဖော်ဝါရီ၂၀ရက် **(ယနေ့)** နေပြည်တော်နှင့် မန္တလေးမြို့အနီးတစ်ဝိုက်တွင် အများအားဖြင့် သာယာမည်ဖြစ်ပြီး ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၌ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်ဖြစ်သည်။

တိမ်အသင့်အတင့်

ဖေဖော်ဝါရီ ၁၉ ရက်က ဖြစ်ပေါ်ခဲ့သော ရာသီဥတုအခြေအနေကို ဖော်ပြရပါက မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့၌ အများအားဖြင့် သာယာခဲ့သည်။

ညအပူချိန်များမှာ ချင်းပြည်နယ်နှင့် ပဲခူးတိုင်းတို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိ လျော့နည်းခဲ့ပြီး ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်း အထက်ပိုင်း၊ မန္တလေးတိုင်းနှင့် တနင်္သာရီတိုင်းတို့၌ ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်အထိ၊ မွန်ပြည်နယ်တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၆ ဒီဂရီစင်တီဂရိတ် ပိုခဲ့သည်။ ကျန်ဒေသများတွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။

ထူးခြားသည့်ညအပူချိန်များမှာ ဟားခါးတွင် ၂ ဒီဂရီစင်တီဂရိတ်၊ လားရှိုးမြို့နှင့် နမ့်စန်မြို့တို့၌ ၆ ဒီဂရီစင်တီဂရိတ်တို့ဖြစ်သည်။

လှိုင်းအသင့်အတင့်

ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် အများအားဖြင့်သာယာနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့၌ တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။ မြန်မာ့ပင်လယ်ပြင်တွင်မူ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်ဖြစ်ကြောင်း ဖော်ပြလိုက်ရပါသည်။ ။

ကိုးကား - မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ထုတ်ပြန်ချက်

အိုဘားမား၏ ပထမဆုံး စစ်ရေးဆုံးဖြတ်ချက် အာဖဂန်သို့ တပ်ဖွဲ့ဝင် ၁၇၀၀၀ ထပ်မံစေလွှတ်မည်

ဝါရှင်တန် ဖေဖော်ဝါရီ ၁၉

အာဖဂန်နစ္စတန်၌ သူပုန်တို့၏ ပိုမိုဆိုးရွားလာသော အကြမ်းဖက်မှုကို ကိုင်တွယ်ဖြေရှင်းရေးအတွက် ၎င်းနိုင်ငံသို့ အမေရိကန်တပ်ဖွဲ့ဝင် ၁၇၀၀၀ထပ်မံစေလွှတ်ရန် သမ္မတဘားရက်အိုဘားမားက အမိန့်ထုတ်လိုက်ကြောင်း အမေရိကန်သမ္မတ အိမ်ဖြူက ဖေဖော်ဝါရီ ၁၇ ရက်တွင် ကြေညာသည်။

ထပ်မံစေလွှတ်

ယင်းမှာ သမ္မတအိုဘားမား၏ ပထမဆုံးအထင်ကရ စစ်ရေးဆုံးဖြတ်ချက် ဖြစ်သည်။ အာဖဂန်နစ္စတန်နိုင်ငံမှ ပိုမိုဆိုးရွားလာသော အခြေအနေတစ်ရပ် တည်ငြိမ်လာစေရေးအတွက် ယင်းသို့တပ်ဖွဲ့ဝင်များ ထပ်မံစေလွှတ်ရန်လိုအပ်ကြောင်း သမ္မတ အိုဘားမားက ကြေညာသည်။

အမ်အင်န်အေ၊ ရိုက်တာ

တရုတ်နိုင်ငံပေကျင်းမြို့ မြောက်ပိုင်းရှိ မဟာတံတိုင်းကြီးပေါ်၌ ဆီးနှင်းထုကြားမှ ကမ္ဘာလှည့်ခရီးသည်များ လာရောက်လည်ပတ်လျက်ရှိသည်ကို ဖေဖော်ဝါရီ ၁၉ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

ကယ်လီဖိုးနီးယားပြည်နယ်၌ အလုပ်သမား ၂၀၀၀၀ အလုပ်မှ လျှော့ချဖွယ်ရှိ

လော့စ်အိန်ဂျလိစ် ဖေဖော်ဝါရီ ၁၉

အမေရိကန်ပြည်ထောင်စု ကယ်လီဖိုးနီးယားပြည်နယ်မှာ ငွေကြေး ပြတ်လပ်တော့မည့် အခြေအနေသို့ ဆိုက်ရောက်ခဲ့သည်။

သတိပေး

ထို့ကြောင့် ပြည်နယ်အလုပ်သမား ၂၀၀၀၀တို့ကို အလုပ်မှလျှော့ချရတော့မည်ဖြစ်ကြောင်း ဖေဖော်ဝါရီ ၁၇ရက်တွင် သတိပေးနို့ဆော်ရလိမ့်မည်ဟု ပြည်နယ်အုပ်ချုပ်ရေးမှူး ရပ်ရှင်မင်းသားဟောင်းကြီး အာနိုး၏ပြောရေးဆိုခွင့်ရှိသူက ဖေဖော်ဝါရီ ၁၆ ရက်တွင် ပြောကြားသည်။

ပြောကြား

အဆိုပါ အလုပ်သမားများမှာ ပြည်နယ်အလုပ်သမားထု၏ ၂၀ ရာခိုင်နှုန်းခန့်ရှိသည်ဟုလည်း ပြည်နယ်အုပ်ချုပ်ရေးမှူး အာနိုး၏ ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

အမ်အင်န်အေ၊ ရိုက်တာ

ဘာရာဇီး၌ ကိုကင်း ၄၂၃ တန် သိမ်းဆည်းရမိ

ရီယိုဒီဂျနေးရိုး ဖေဖော်ဝါရီ ၁၉

ဘာရာဇီးနိုင်ငံ အရှေ့တောင်ပိုင်း ဆော်ပေါ်လိုပြည်နယ်တွင် ကိုကင်း ၄၂၃တန် သိမ်းဆည်းရမိခဲ့ကြောင်း ဘာရာဇီးရဲတပ်ဖွဲ့က ဖန်နဝါရီ ၁၉ ရက်၌ သတင်းထုတ်ပြန်သည်။

ဖမ်းဆီးမိ

ရီဘီရာအိုမြို့ ဆင်ခြေဖုံးဒေသရှိ အက်စ်ပီ–၃၃၀ လမ်းမကြီးပေါ်တွင် ရဲအဖွဲ့က မူးယစ်စစ်ဆင်ရေးဆောင်ရွက်စဉ် ကုန်တင်ကားဖြင့် တင်ဆောင်လာသော ပြောင်းဆန်များအတွင်း သိုဝှက်သယ်ဆောင်လာသော ဆေးခြောက် ၄၂၃တန်နှင့်အတူ လူနှစ်ဦးအား ဖမ်းဆီးမိခဲ့ခြင်း ဖြစ်သည်။ **(အင်တာနက်)**

ဗီယက်နမ်နှင့် အမေရိကန် တိုက်ရိုက်လေကြောင်းခရီးစဉ် ၂၀၁၀ ပြည့်နှစ်တွင် စတင်တိုးချဲ့ပျံသန်းမည်

ဟနွိုင်း ဖေဖော်ဝါရီ ၁၉

ဗီယက်နမ်နှင့် အမေရိကန်သည် ကုန်သွယ်မှုနှင့် ခရီးသွားလုပ်ငန်းကို နှစ်နိုင်ငံအကျိုးတူ ပူးပေါင်းဆောင်ရွက်နေမှုကြောင့် ၂၀၁၀ ပြည့်နှစ်တွင် တိုက်ရိုက်လေကြောင်း ခရီးစဉ်ပျံသန်းမည်ဖြစ်ကြောင်း ဖေဖော်ဝါရီ ၁၈ရက်တွင် ဗီယက်နမ်နယူးစ်၌ သတင်းထုတ်ပြန်သည်။

ပိုမိုတိုးချဲ့

ဗီယက်နမ်နိုင်ငံ၏ စီးပွားရေးကဏ္ဍပေါ်တည်မှီလျက် ကုန်သွယ်မှု ဈေးကွက်အရ ရည်မှန်းချက်ပန်းတိုင် ရောက်ရှိရေးအတွက် လေကြောင်းခရီးစဉ်များ ပိုမိုတိုးချဲ့သွားမည်ဖြစ်သည်။

၎င်းနိုင်ငံ၌ ယခင်နှစ်အတွင်း လေကြောင်းခရီးသွားလုပ်ငန်းအနေဖြင့် ခရီးသည်ကိုးသန်း ဝန်ဆောင်မှုပေးနိုင်ခဲ့ရာမှ ယခုနှစ်အတွင်းခရီးသည်၉ဒသမ၄သန်း ဝန်ဆောင်မှုပေးနိုင်ရန် မျှော်မှန်းထားရှိကြောင်း ပြည်တွင်းလေကြောင်း စီမံခန့်ခွဲမှုဌာနမှဒါရိုက်တာတစ်ဦးက ပြောကြားသည်။ **(အင်တာနက်)**

အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့၌ ပြည်တွင်းထုတ်ကုန်များအား သင်္ဘောတင်နေသည်ကို ဖေဖော်ဝါရီ ၁၉ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

တာလီဘန်သူပုန် ၆၀ လက်နက်ချ

ကဘူးလ် ဖေဖော်ဝါရီ ၁၉

အာဖဂန် တာလီဘန်သူပုန် ၆၀တို့သည် ယခုအခါလက်နက်ချပြီး သာမန်ပြည်သူဘဝသို့ ပြန်လည်ခံယူကြပြီဖြစ်ကြောင်း တာဝန်ရှိသူမိုဟာမက်အာရက်က ဖေဖော်ဝါရီ ၁၇ ရက်တွင် ပြောကြားသည်။

ထောက်ခံရန်ဆုံးဖြတ်

ငြိမ်းချမ်းမှုခိုင်မြဲရေးကော်မရှင်၏ ကြိုးပမ်းမှုကြောင့် ထိုညီအစ်ကိုတော်များသည် ဝါဒက်ပြည်နယ်တွင် လက်နက်ချပြီး နိုင်ငံအတွင်း ငြိမ်းချမ်းရေးနှင့် ပြန်လည်ရင်ကြားစေ့ရေးကိုထောက်ခံရန် ဆုံးဖြတ်လိုက်ကြပြီဖြစ်ကြောင်း လက်နက်ချသူများအား ကြိုဆိုသည့် အခမ်းအနားတွင် အာရပ်က သတင်းထောက်များအား ပြောကြားလိုက်သည်။

လွန်ခဲ့သည့်နှစ်နှစ်အတွင်းတွင် အာဖဂန်နစ္စတန်၌ အလားတူ လက်နက်ချတာလီဘန်သူပုန် ၂၀၀၀ ကျော်ရှိသည်ဆိုသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ပုံးဖောက်ခွဲမှု ဖြစ်ပွား

ပြင်သစ်နိုင်ငံ ကာရစ်ဘီယံကျွန်း အနီး၌ ဗုံးဖောက်ခွဲတိုက်ခိုက်မှုဖြစ်ပွားပြီးနောက် အပျက်အစီးများကို ဖေဖော်ဝါရီ ၁၉ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

အာဖဂန်၌ အကြမ်းဖက်တိုက်ခိုက်မှုကြောင့် ယခင်နှစ်အတွင်း ပြည်သူ ၂၀၀၀ကျော်သေဆုံး

ကဘူးလ် ဖေဖော်ဝါရီ ၁၉

အာဖဂန်နစ္စတန်၌ ယခင်နှစ်အတွင်း တာလီဘန်လက်နက်ကိုင်များ၏ အကြမ်းဖက်တိုက်ခိုက်မှုကြောင့် ပြည်သူ ၂၁၁၈ ဦး သေဆုံးခဲ့ရကြောင်း အာဖဂန်ရှိကုလသမဂ္ဂ ကိုယ်စားလှယ်အဖွဲ့(ယူအင်န်အေအမ်)က ဖေဖော်ဝါရီ ၁၈ ရက်တွင် သတင်းထုတ်ပြန်သည်။

ယင်းသို့သေဆုံးခြင်းမှာ အသေခံဗုံးဖောက်ခွဲတိုက်ခိုက်ခြင်း၊ လမ်းဘေးဗုံး ပေါက်ကွဲခြင်းတို့ကြောင့်ဖြစ်ကြောင်း၊ အာဖဂန် ပြည်သူများသေဆုံးမှုမှာ ၂၀၀၇ ခုနှစ်ကထက် ၄၀ ရာခိုင်နှုန်း တိုးမြင့်လာကြောင်း သတင်း၌ဖော်ပြသည်။

သေဆုံးသူပြည်သူ ၈၀၀ ကျော်မှာ အမေရိကန်စစ်ဘက်နှင့် နိုင်ငံစုငြိမ်းချမ်းရေးတပ်ဖွဲ့က လေကြောင်းမှတိုက်ခိုက်မှုကြောင့်ဖြစ်ကြောင်း အဆိုပါသတင်း၌ ဖော်ပြသည်။ **(အင်တာနက်)**

ထိုင်းတောင်ပိုင်း၌ လမ်းဘေးဗုံး ပေါက်ကွဲ

ဗန်ကောက် ဖေဖော်ဝါရီ ၁၉

ထိုင်းနိုင်ငံ တောင်ပိုင်းရှိ သောင်းကျန်းမှုအများဆုံးဖြစ်ပွားသည့် ပတ္တနီပြည်နယ်၌ အကြမ်းဖက်သမားများ၏ လမ်းဘေး ဗုံးဖောက်ခွဲတိုက်ခိုက်သဖြင့် ရဲတပ်ဖွဲ့ဝင်ငါးဦး ဒဏ်ရာရရှိကြောင်း ဒေသဆိုင်ရာ မီဒီယာက သတင်းထုတ်ပြန်သည်။

တိုက်ခိုက်

ယင်းဖြစ်ပွားမှုသည် လုံခြုံရေးတပ်ဖွဲ့ကင်းလှည့်တာဝန် ထမ်းဆောင်ရာသို့ ပစ်မှတ်ထား တိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း၊ တပ်ဖွဲ့ဝင်များသည် ၎င်းပြည်နယ်ကော်ပိုဒေသရှိ စာသင်ကျောင်းကို လုံခြုံရေးတာဝန်ချထားခြင်းဖြစ်ကြောင်း ထိုင်းသတင်းစာ၌ ဖော်ပြသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ပါကစ္စတန်နယ်ခြား ပြည်နယ် ကားဗုံးခွဲ၍ ငါးဦးသေဆုံး

ပက်ရှဝါ ဖေဖော်ဝါရီ ၁၉

ပါကစ္စတန်နိုင်ငံ အနောက်မြောက် နယ်ခြားပြည်နယ်အတွင်း အစ္စလမ္မစ်စစ်သွေးကြွများအား တိုက်ခိုက်ချေမှုန်းရန် ပြည်သူ့စစ်များကို ပျိုးထောင်ပေးသည့် ပါကစ္စတန်မြို့တော်ဝန်၏ နေအိမ်အပြင်ဘက်တွင် ဖေဖော်ဝါရီ ၁၇ရက်က ကားဗုံးခွဲတိုက်ခိုက်သဖြင့် ငါးဦးသေဆုံးပြီး ၁၆ဦးဒဏ်ရာရသွားကြောင်း မျက်မြင်တွေ့ရှိသူများနှင့် ရဲတပ်ဖွဲ့က ပြောကြားသည်။

ထိခိုက်

အနောက်မြောက် နယ်ခြားပြည်နယ်မြို့တော် ပက်ရှဝါဆင်ခြေဖုံးရှိ မြို့တော်ဝန်ရီမန်၏ နေအိမ်အနီးတွင် မော်တော်ကားကို ဗုံးထောင်ခွဲလိုက်ခြင်းဖြစ်သည်။ နေအိမ်တွင်ရှိနေသည့် မြို့တော်ဝန်မှာ တစ်စုံတစ်ရာထိခိုက်ခြင်းမရှိဟု သိရသည်။

အမ်အင်န်အေ၊ရိုက်တာ

နိုင်ငံတကာသတင်း စုစည်းဘာသာပြန်သူများ
တိုး၊ မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုး၊ ချစ်စိုးနိုင်၊ တင်မာဝင်းနှင့် အေးသန္တာသိန်း

■ *ကျောဖုံးမှ*

မြန်မာနိုင်ငံကို ၁၈၇၆ခုနှစ်ခန့်က စတင်ရောက်ရှိပြီး တနင်္သာရီတိုင်း မြိတ်မြို့ကို စတင်ရောက်ရှိခဲ့တယ်လို့ မှတ်တမ်းများအရ သိရပါတယ်။ စီးပွားဖြစ်အနေနဲ့ကတော့ ၁၉၀၅ ခုနှစ်ကျမှသာ စိုက်ပျိုးနိုင်ခဲ့တယ်လို့ ထပ်ဆင့် သိရပြန်ပါတယ်။

မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ်ရှိ ကျုံကဒတ် ရော်ဘာခြံကတော့ ၁၉၀၂ခုနှစ်ကတည်းက အစောဆုံး စတင်စိုက်ပျိုးခဲ့တယ်လို့ သိရပါတယ်။

တိုးတက်စိုက်ပျိုး

ဒါကြောင့် ရေခံမြေခံ အစဉ်အလာရှိခဲ့တဲ့ မွန်ပြည်နယ်ကို ရော်ဘာပြည်နယ်ဖြစ်စေရေးအတွက် နိုင်ငံတော်က အဘက်ဘက်က ပံ့ပိုးဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပါတယ်။

၁၉၈၈ခုနှစ် မတိုင်မီက ရော်ဘာ ၇၆၆၀၇ ဧကသာ စိုက်ပျိုးနိုင်ခဲ့ရာမှ ယခု ၂၀၀၈-၂၀၀၉ ခုနှစ်မှာ ၄၀၇၈၇၉ ဧကအထိ တိုးတက်စိုက်ပျိုးနိုင်ခဲ့ပြီ ဖြစ်ပါတယ်။ တစ်နှစ်သားနဲ့ နှစ်နှစ်သား ရော်ဘာ ပင်တန်းကြားများမှာ ဝင်ငွေရ ကြားသီးနှံဧက၃၀၂၂၀ကိုလည်း စိုက်ပျိုးနိုင်ခဲ့ပါတယ်။

တစ်နိုင်ငံလုံး ရော်ဘာ စိုက်ဧကရဲ့ ၄၀ ဒသမ ၄၂ ရာခိုင်နှုန်း၊ အစေးလှီးဧက ၆၀ ရာခိုင်နှုန်း၊ ရော်ဘာ အစေးထုတ်လုပ်နိုင်မှု ၆၂ ရာခိုင်နှုန်းရှိတဲ့အတွက် အချိုးအားဖြင့် အများဆုံး ထုတ်လုပ်နိုင်တဲ့ ပြည်နယ် ဖြစ်ခဲ့ပါတယ်။

မွန်ပြည်နယ်ကို ရော်ဘာပြည်နယ်ဖြစ်စေရေး ရည်မှန်းချက်နဲ့အညီ စိုက်ဧကလေးသိန်းလျာထားခဲ့တဲ့အနက် ယခု၂၀၀၈-၂၀၀၉ခုနှစ်မှာ စိုက်ဧက၄၀၇၈၇၉ စိုက်ပျိုးပြီးဖြစ်တဲ့အတွက် ရည်မှန်းချက် ပြည့်မီကျော်လွန်ကြောင်း သိရပါတယ်။

ဆက်လက်ကြိုးပမ်း

စိုက်ပျိုးပြီး ဧကလေးသိန်းကို အစေးလှီး ဧက သုံးသိန်းရရှိချိန်မှာ ရော်ဘာတန်တစ်သိန်းထုတ်လုပ်နိုင်ရေးအတွက်ဆက်လက်ကြိုးပမ်း ဆောင်ရွက်နေကြပါတယ်။

ဒီလို ရော်ဘာစိုက်ပျိုးမှုနဲ့ အထွက်နှုန်းများ တိုးတက်ရခြင်းကလည်း နိုင်ငံတော်က "ရော်ဘာစိုက်ပျိုးလိုသူများအတွက် စိုက်ပျိုးမြေ အလွယ်တကူရရှိလုပ်ကိုင်နိုင်ရေး၊ အထွက်ကောင်း မျိုးကောင်း မျိုးသန့်များ ဖြန့်ဖြူးပေးခြင်းနဲ့ ခေတ်မီစိုက်ပျိုးရေး နည်းပညာများရရှိ တတ်ကျွမ်းစေရေး" အတွက် ပံ့ပိုးဖြည့်ဆည်းပေးခြင်းက တစ်ကြောင်း၊ ဒေသအတွင်း တည်ငြိမ်အေးချမ်းလာတဲ့ အခြေခံရလဒ်ကောင်းများကြောင့်တစ်ကြောင်းလို့ သုံးသပ်ဆိုရပါမယ်။

ကျွန်တော်တို့ သတင်းအဖွဲ့ဟာ မော်လမြိုင်မြို့နယ် ဖားအောက်ကျေးရွာရှိ နှစ်ရှည်ပင်များအသုံးချသုတေသနဌာန၊ မုဒုံမြို့နယ်၊ ကျုံဖိုက်ကျေးရွာရှိ ရော်ဘာသုတေသနနှင့် မျိုးပွားခြံတို့အပြင် ရော်ဘာသစ်စမ်းသပ်ထုတ်လုပ်ရေးဌာနနဲ့ ကျုံဖိုက်ခရမ့်စက်ရုံကိုပါ လှည့်လည်လေ့လာခွင့်ရခဲ့ပါတယ်။

သုတေသန

တကယ်တော့ သုတေသနဆိုတာ လုပ်ငန်းတစ်ခုမစတင်မီ သင့်၏၊ မသင့်၏၊ တော်၏၊ မတော်၏ဆိုတဲ့ ရလဒ်တစ်ခုအတွက် စမ်းသပ်သုံးသပ်ဝေဖန်စေ့ငုရတဲ့ မရှိမဖြစ်တဲ့ ကနဦး ရှေ့တော်ပြေးလုပ်ငန်းတစ်ရပ်ဖြစ်ပါတယ်။

ဖားအောက်ကျေးရွာရှိ နှစ်ရှည်ပင်များအသုံးချရေးသုတေသနဌာနမှာ မျိုးကောင်းမျိုးသန့်များကို သုတေသနပြုလျက်ရှိပြီး ဒေသနဲ့ကိုက်ညီတဲ့မျိုးများကို ထောက်ခံဆောင်ရွက်ပေးနေပါတယ်။ ငါးနှစ် ဆက်တိုက်သုတေသနပြုချက်အရ BPM-24၊ BP-235 နဲ့ RRIC- 100 တို့ဟာ အထွက်ကောင်းတဲ့ ရော်ဘာမျိုးများအဖြစ် တွေ့ရှိခဲ့ကြပါတယ်။

ဒါပေမယ့် အချို့ရော်ဘာတောင်သူတွေဟာ ပြည်ပက တိုက်ရိုက်တင်သွင်းလာတဲ့အခြားမျိုးတွေကို ကိုယ့်သဘောနဲ့ ကိုယ်စိုက်ပျိုးခဲ့ကြပြီး ရေမြေသဘာဝ၊ ရာသီဥတုနဲ့မကိုက်ညီတဲ့အတွက် အရှုံးပေါ်ခဲ့ကြောင်းလည်း သိရတဲ့အတွက် ဌာနက သုတေသနပြုချက်တွေကို အလေးထားဖို့ နှိုးဆော်ချင်ပါတယ်။

ရော်ဘာသစ်ဖြင့် ပြုလုပ်ထားသည့် ကုန်ချောပစ္စည်းများ....။

လျာထားထုတ်လုပ်

ပြည်နယ်အတွင်းရှိ ရော်ဘာ သစ်စက် သုံးစက်မှာလည်း ရော်ဘာသစ်များ ထုတ်လုပ် ပေးနေပါတယ်။ သက်တမ်း နှစ်၃၀ကျော်လွန်ပြီး အစေးအထွက်မကောင်းတော့တဲ့ ရော်ဘာပင်အိုများကို ခုတ်လှဲပြီး ရော်ဘာသစ်အဖြစ် ထုတ်လုပ်နေခြင်းဖြစ်ပါတယ်။ မော်လမြိုင်မြို့နယ် ရိုးဂိုးကျေးရွာရှိ မြန်မာ့နှစ်ရှည်ပင်လုပ်ငန်းပိုင် ရော်ဘာသစ်စက်က ရော်ဘာသစ်တန် ၄၆၄တန် လျာထား ထုတ်လုပ်လျက်ရှိပါတယ်။

ရောင်းတမ်းဝင် ရော်ဘာသစ်မှ ပရိဘောဂပစ္စည်းများ အပါအဝင် ရော်ဘာကုန်ချောပစ္စည်းများကို ဤသို့ထုတ်လုပ်ထားသည်။

ထုတ်လုပ်ဖြန့်ဖြူး

ကျုံဖိုက်ရွာက ရော်ဘာသုတေသနနှင့် မျိုးပွားခြံမှာတော့ ရော်ဘာမျိုးကောင်း၊ မျိုးသန့်များကို နှစ်စဉ် မျိုးပွားထုတ်လုပ်ပေးလျက်ရှိရာမှာ ယခု ၂၀၀၈-၂၀၀၉ခုနှစ်မှာ ဖူးဆက်ပျိုးပင် သုံးသိန်းထုတ်လုပ်ဖြန့်ဖြူးပေးသွားမယ်ဖြစ်ကြောင်း သိရပါတယ်။

အရည်အသွေးမြင့်

အရည်အသွေးမြင့် ရော်ဘာ(ခရမ့်) စက်ရုံကတော့ ရော်ဘာအစေးရည်မှ အဝါရောင်ခရမ့်နဲ့ ဆွဲဖတ်၊ ခွက်ကပ်များမှ အညိုရောင်ခရမ့်တို့ကို ထုတ်လုပ်လျက်ရှိပါတယ်။ ယခု ၂၀၀၈-၂၀၀၉ခုနှစ်မှာ တန် ၁၂၀၀ ထုတ်လုပ်ရန် လျာထားတဲ့အနက် တန် ၁၅၀၀ အထိ ထုတ်လုပ်နိုင်မယ် ဖြစ်ကြောင်း သိရပါတယ်။

လုပ်ငန်းအဆင့်ဆင့်အဖြစ် ခုတ်လှဲပြီး ရော်ဘာသစ်များကို သုံးရက်အတွင်း ပို့ဆောင်ပြီး ၂၄နာရီအတွင်း ခွဲစိတ်ပိုင်းဖြတ်ဆေးစိမ်ရပါတယ်။ ဒီနောက်မှာ ဘွိုင်လာပေးထားတဲ့အခြောက်ခံခန်းထဲမှာအခြောက်ခံ ယူရပါတယ်။ တစ်တန်ကို စက်ရုံရောင်းဈေး ငွေကျပ်လေးသိန်းရှိပါတယ်။ ရော်ဘာတစ်ဧကကို ရောင်းတမ်းဝင် ရော်ဘာသစ် လေးတန်၊ ငါးတန်ထုတ်ယူနိုင်ကြောင်းလည်း သိရပါတယ်။ အစေးအထွက်နည်းသော ပင်အိုများကို ခုတ်လှဲပြီး မျိုးကောင်းမျိုးသန့်များကို ပြန်လည်စိုက်ပျိုးရန်အတွက် ရင်းနှီးမြှုပ်နှံနိုင်ပါတယ်။

မွန်ပြည်နယ်အတွင်းသတင်းရှာပုံတော်ဖွင့်ခဲ့တဲ့ သတင်းခရီးသည် ကျွန်တော်တို့သတင်းအဖွဲ့ဟာ ရော်ဘာခြံပေါင်းများစွာကို တစ်ခြံခုန်၊ တစ်ခြံကူးရင်း အချိန်တန်တော့ အိပ်တန်းတက်ရာအရပ်ကို ပြန်ခဲ့ကြပါတယ်။

အခြေခံရလဒ်ကောင်း

ခရီးစဉ် တစ်ခုလုံးရဲ့ အနှစ်ချုပ်သုံးသပ်ချက်ကို ထုတ်နုတ်လို့ တင်ပြရရင် "ပြည်နယ်၊ ပြည်မ မခွဲခြားဘဲ ပြည်ထောင်စုစိတ်ဓာတ် အရင်းတည်ပြီး ပြည်ထောင်စုသားတိုင်းအပေါ် မျှတစွာထားရှိတဲ့ နိုင်ငံတော်ရဲ့ စေတနာတရားတွေရယ်၊ တကယ်လုပ် အဟုတ်ဖြစ်ရမယ်ဆိုတဲ့ သန္နိဋ္ဌာန်ခံယူချက်တွေရယ်ကြောင့် မွန်ပြည်နယ်အပါအဝင် ပြည်ထောင်စုကြီးတစ်ခုလုံးမှာ ယခုလို အခြေခံရလဒ်ကောင်းများကို ကဏ္ဍအလိုက် ဖော်ဆောင်တည်ဆောက်နိုင်ခဲ့ခြင်းပဲဖြစ်တယ်လို့" သုံးသပ်တင်ပြလိုက်ရပါတယ်။ ။ **(သတင်းစဉ်)**

ရော်ဘာသုတေသနနှင့်မျိုးပွားခြံ၌ ရော်ဘာပျိုးပင်များကို ပျိုးထောင်ထားစဉ်....။

(၆၄)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်

၁။ အေးချမ်းသာယာပြီး ခေတ်မီ ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော် တည်ဆောက်ရာတွင် ချမှတ်ထားသည့် မူဝါဒလမ်းစဉ်(၇)ရပ် ပြီးမြောက်အောင်မြင်စေရေးအတွက် တိုင်းရင်းသားပြည်သူများနှင့် အတူ လက်တွဲကြိုးပမ်းဆောင်ရွက်ရေး။

၂။ ဒို့တာဝန်အရေးသုံးပါးကို အမျိုးသားရေးမူဝါဒအဖြစ် ခံယူပြီး အသက်ပေး၍ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး။

၃။ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ဟန့်တားနှောင့်ယှက်သော ပြည်တွင်း၊ ပြည်ပ အဖျက်သမားများကို တိုင်းရင်းသားပြည်သူတို့နှင့်အတူ လက်တွဲ ချေမှုန်းရေး။

၄။ နိုင်ငံတော်၏ အချုပ်အခြာအာဏာနှင့် ပိုင်နက်လုံခြုံရေးကို ကာကွယ်စောင့်ရှောက်ရန် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီ မျိုးချစ်တပ်မတော် တည်ဆောက်ရေး။

မိခင်စိတ်ဓာတ်

❐ 'သမီး' 'အမေ' 'အဘွား' အရွယ်ခြား၍
ကွဲပြားခဲ့မူ ဘယ်မတူလည်း
ဖြူစင်စွဲဝင် မိခင်စိတ်ဓာတ်၊

❐ သမီးအရွယ် ပျိုနုနယ်စွ
တွယ်တာထူးခြား မိသားစုပေါ်
မျှော်ခေါ်ထောက်ထား ကြင်နာပွားသည်
ထူးခြားစတင် မိခင်စိတ်ဓာတ်၊

❐ အမေသည်ကား သားကိုသခင်
လင်ကိုဘုရား ပမာထား၍
စားလည်းနောက်က အိပ်နောက်ကျနှင့်
တက်ကြွမွန်မြတ် မိခင်စိတ်ဓာတ်၊

❐ အဘွားဖြစ်ပေ တာဝန်ကျေဟု
မသွေချန်လှပ် မသတ်မှတ်နှင့်
မပြတ်ဆပွား သားကားအချစ်
မြေးအနှစ်ပင် မိခင်စိတ်ဓာတ်၊

❐ ဤစိတ်ဓာတ်ကို သုံးသပ်သေချာ
သိနေပါသည့် မြန်မာအမျိုးသမီး
အဖွဲ့ချုပ်ကြီးကား စုစည်းဝင့်ထည်
အရွယ်သုံးပါး အားလုံးအကျိုး
အမျိုးသမီးထု ပြုစုစောင့်ရှောက်
ချီးမြှောက်ထောက်ပံ့ အနှံ့ကြည်ဖြူ
ဖေးကူမပြတ် မိခင်စိတ်ဓာတ်။ ။

ဒေါက်တာသန်းဦး

သံတွဲခရိုင်အသင်း နှစ်ပတ်လည်အစည်းအဝေး ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၉

သံတွဲခရိုင်အသင်း (ဂွ-တောင်ကုတ်-သံတွဲ)၏ နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဖေဖော်ဝါရီ ၂၂ရက် (တနင်္ဂနွေနေ့) မွန်းတည့် ၁၂နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ရခိုင်ပြည်နယ်ခန်းမှာရုံ၌ ကျင်းပမည်ဖြစ်ရာ အသင်းသူအသင်းသား၊ ခရိုင်သူ ခရိုင်သားများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြရန် ဖိတ်ကြားထားသည်။

သက်ကြီးပူဇော် ကန်တော့ခံနိုင်ရန်အတွက် အသက်(၇၅)နှစ်နှင့်အထက် အသင်းဝင်သက်ကြီးများသည် မှတ်ပုံတင်မိတ္တူဖြင့်လည်းကောင်း၊ ပညာရည်ချွန်ဆု ရယူနိုင်ရန်အတွက် ၂၀၀၈ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့်အောင်မြင်ခဲ့သော အသင်းဝင်များ၏ သားသမီး ကျောင်းသား ကျောင်းသူများသည် အမှတ်စာရင်းမိတ္တူနှင့် ကျောင်းထောက်ခံချက်ပူးတွဲ၍လည်းကောင်း စာရင်းပေးထားပြီးဖြစ်ရာ ဆုပေးပွဲအခမ်းအနား၌ ကိုယ်တိုင်တက်ရောက်၍ ဆုလက်ခံယူကြပါရန်နှင့် လှူဒါန်းလိုသူများသည် ဥက္ကဋ္ဌ ဦးကျော်ရင် ဖုန်း-၃၇၆၈၄၈၊ ၀၉-၅၁-၂၆၄၈၉၊ ဒုတိယဥက္ကဋ္ဌ ဦးမြမောင် ဖုန်း-၆၄၃၆၂၀၊ ၀၉-၅၁-၂၁၅၂၁၊ ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်ကြည်မြင့် ဖုန်း-၆၉၉၉၈၇၊ ၀၉-၅၁-၃၆၄၀၁၊ အတွင်းရေးမှူး(၂) ဦးမောင်မောင်သိန်းဖေ ဖုန်း-၀၉-၅၁-၁၂၃၀၇၊ အတွင်းရေးမှူး(၃) ဦးထင်ကျော်လင်း ဖုန်း-၅၁၆၆၅၆၊ စာရင်းစစ် ဦးခင်မောင်စိုး ဖုန်း-၅၅၂၁၂၆၊ စာရင်းစစ် ဦးမြင့်ဆွေ ဖုန်း-၅၄၈၈၉၂ နှင့် နီးစပ်ရာ အမှုဆောင်များထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း အမြို့မြို့အနယ်နယ် လိုတိုရှင်းသတင်းများ

မြောက်ဦး၌ စာကြည့်တိုက်အတွက် စာအုပ်များလှူဒါန်း

မြောက်ဦးမြို့နယ် နဒင်ကျေးရွာ လင်းရောင်ခြည်စာကြည့်တိုက်အတွက် စာအုပ်စာစောင်လှူဒါန်းပွဲကို ဖေဖော်ဝါရီ ၂ရက် မွန်းလွဲ၂နာရီက အဆိုပါစာကြည့်တိုက်၌ ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးမြင့်စိုးက စာကြည့်တိုက်များ ရှင်သန်ခိုင်မာရေးရှင်းလင်းပြီး စာကြည့်တိုက်မှူး ဦးထွန်းမြကျော်က စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းရာ စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးလှဘော်သူက လက်ခံယူသည်။ **(မြို့နယ် ပြန်/ဆက်)**

လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေး သင်တန်းဆင်း

စစ်ကိုင်းတိုင်း ကနီမြို့နယ် ရပ်ကွက်ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေး သင်တန်း အမှတ်စဉ် (၁/၂၀၀၉)ဆင်းပွဲကို ဖေဖော်ဝါရီ ၂၈ရက်က မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။ အဆိုပါသင်တန်းသို့ သင်တန်းသား သင်တန်းသူ ၈၉ဦးတက်ရောက်ပြီး သင်တန်းကာလ ငါးရက်ကြာမြင့်သည်။ *(မြို့နယ် ပြန်/ဆက်)*

မြစ်ငယ်၌ ကျန်းမာရေးပညာပေး ဟောပြော

မန္တလေးခရိုင် မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ဝင်းရွှေသည် မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်စန်းစန်းယုနှင့် အဖွဲ့ဝင်များလိုက်ပါလျက် ဇန်နဝါရီ ၁၇ရက် မွန်းလွဲ၁နာရီက အမရပူရမြို့နယ် မြစ်ငယ်မြို့သို့ ရောက်ရှိလာပြီး မြန်မာ့မီးရထားခန်းမ၌ ဒေသခံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဝင်များအား တွေ့ဆုံ၍ ကျန်းမာရေးပညာပေး ဟောပြောပွဲကို ကျင်းပသည်။ **(ဝ၈၀)**

နမ္မတူ - မန်ပွမ်းလမ်း ကျောက်ချောခင်းဆောင်ရွက်

နမ္မတူမြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ် နမ္မတူ-မန်ပွမ်းလမ်း ကျောက်ချောခင်းခြင်းလုပ်ငန်းကို တာဝန်ခံအင်ဂျင်နီယာ ဦးခင်မောင်ဌေး ဆောင်ရွက်ရာ အမှုဆောင်အရာရှိ ဦးကြည်ဝင်း ကွင်းဆင်းစစ်ဆေးကြီးကြပ်ခဲ့ကြောင်း သိရသည်။ *(မြို့နယ်စည်ပင်)*

ဆီဆိုင်မြို့၌ ကာကွယ်ဆေးတိုက်ကျွေး

ရှမ်းပြည်နယ်(တောင်ပိုင်း) ဆီဆိုင်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ဦးစီး၍ မြို့နယ်ကျန်းမာရေးဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် ၂၀၀၈-၂၀၀၉ ခုနှစ် ပထမအကြိမ် ငါးနှစ်အောက်ကလေးငယ်များ အမျိုးသားပိုလီယိုကာကွယ်ဆေး တိုက်ကျွေးပွဲကို ဇန်နဝါရီ ၁၀ရက် နံနက် ၈နာရီက မြို့နယ်နှင့်ကျေးရွာအုပ်စု ၁၉အုပ်စုမှ ကျေးရွာပေါင်း ၂၉၄ရွာရှိ ငါးနှစ်အောက်ကလေးငယ်များအား ကျေးရွာအလိုက် သတ်မှတ်နေရာများတွင် တစ်ပြိုင်တည်း တိုက်ကျွေးပြီးစီးခဲ့သည်။ **(မြို့နယ် ပြန်/ဆက်)**

ကျောက်တံခါး၌ တက္ကသိုလ်ဝင်တန်း အောင်ချက်မြင့်မားရေးဟောပြော

၂၀၀၈-၂၀၀၉ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲ အောင်ချက်မြင့်မားရေး ဟောပြောပွဲကို ကျောက်တံခါးမြို့နယ် ပညာရေးကြီးကြပ်မှုကော်မတီနှင့် ကျောင်းအကျိုးတော်ဆောင်များကကြီးမှူး၍ ဖေဖော်ဝါရီ ၂ရက် နံနက် ၈ နာရီက မြို့နယ် စည်ပင်သာယာခန်းမ၌ကျင်းပရာ တက္ကသိုလ်မှ ပါမောက္ခ၊ တွဲဖက်ပါမောက္ခများ၊ ကထိကများက ဟောပြောပို့ချပြီး ကျောက်တံခါးမြို့နယ်အတွင်းရှိ အထက်တန်းကျောင်းများမှ ဆရာဆရာမများ၊ ကျောင်းသားကျောင်းသူများ တက်ရောက်လေ့လာမှတ်သားကြသည်။ *(ဝ၆၇)*

ရမည်းသင်း၌ ယာဉ်/လမ်းစည်းကမ်း ပညာပေးဆွေးနွေး

ရမည်းသင်းခရိုင်ရဲတပ်ဖွဲ့မှ ရဲမှူးဇော်ဝင်း ဆိုင်ကယ်(ကယ်ရီ)မောင်းနှင်သူများအားတွေ့ဆုံ၍ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများလိုက်နာရန် ပညာပေးဆွေးနွေးပွဲကို ဇန်နဝါရီ ၁ရက် နံနက်၈နာရီက ရမည်းသင်းမြို့ သီလဝခန်းမ၌ကျင်းပသည်။ **(၁၆၉)**

ဟုမ္မလင်းမြို့ ဆိပ်မူကျေးရွာ အလကကျောင်းဆောင်သစ်ဖွင့်

စစ်ကိုင်းတိုင်း ဟုမ္မလင်းမြို့ အိုးဘိုကတောက်ကျေးရွာအုပ်စုဆိပ်မူကျေးရွာတွင် အခြေခံပညာအလယ်တန်းကျောင်းခွဲ ကျောင်းဆောင်သစ်ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၄ရက် နံနက်၉နာရီခွဲက ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးမြတ်သိန်းထွန်း၊ မြို့နယ်ပညာရေးမှူး ဦးကျင်နိုင်နှင့် ကျေးရွာအုပ်စု ဥက္ကဋ္ဌ ဦးမောင်ထွန်းတို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ကျောင်းဆောင်သစ်ကို ကျောင်းအကျိုးတော်ဆောင် ဦးအုန်းပေးက မြို့နယ်ပညာရေးမှူးထံ လွှဲပြောင်းပေးအပ်သည်။ *(မြို့နယ် ပြန်/ဆက်)*

မြောင်မြို့၌ နံရံကပ်စာစောင်နှင့် ဓာတ်ပုံပြပွဲကျင်းပ

စစ်ကိုင်းတိုင်း မြောင်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက ကြီးမှူးကျင်းပသည့် နံရံကပ်စာစောင်နှင့် ဓာတ်ပုံပြပွဲကို ဇန်နဝါရီ ၃ရက် နံနက် ၁၀ နာရီက မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုပ်မြင်သံကြားခန်းမ၌ ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးဦးသိန်းက အမှာစကားပြောကြားပြီး တက်ရောက်လာသူများက ခင်းကျင်းပြသသည့် နံရံကပ်စာစောင်နှင့် ဓာတ်ပုံများကို ကြည့်ရှုလေ့လာကြသည်။ **(မြို့နယ် ပြန်/ဆက်)**

ဆိပ်ဖြူမြို့၌ မီးဘေးလုံခြုံရေး ဓာတ်တိုက်လေ့ကျင့်

မြန်မာ့သစ်လုပ်ငန်း(ပြည်တွင်းရောင်း/စက်) အမှတ် ၁၂၄ သစ်စက် ဆိပ်ဖြူမြို့ မီးဘေးလုံခြုံရေးဓာတ်တိုက်လေ့ကျင့်ခြင်းကို ဖေဖော်ဝါရီ ၁၁ရက်က သစ်စက်ဝင်း အတွင်း၌ စက်ရုံမှူး ဦးရဲရင့်အောင်၊ ဒုတိယစက်ရုံမှူး ဦးညွန့်သန်းတို့ကြီးကြပ်၍ သစ်စက် အရန်မီးသတ်တပ်ဖွဲ့ဝင် ဝန်ထမ်းများ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ စုပေါင်းဓာတ်တိုက်လေ့ကျင့်ရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်နိုင်နှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ တက်ရောက်ကြသည်။ *(မြန်မာ့သစ်လုပ်ငန်း)*

စက်မှုသင်တန်းကျောင်း(သာဂရ)၌ သင်ကြားရေးဆိုင်ရာစက်ပစ္စည်းများ တပ်ဆင်ပြီးစီးမှုနှင့် လွှဲပြောင်းလက်ခံမည့် အစီအစဉ်များ

စက်မှု(၂)ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း ဆွေးနွေး

နေပြည်တော် ဖေဖော်ဝါရီ ၁၉

အမှတ်(၂)စက်မှုဝန်ကြီးဌာနဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးသိန်းအား Korea International Cooperation Agency (KOICA) မှ Mr. Cho Kwang Geol ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ဖေဖော်ဝါရီ ၁၇ရက် နံနက် ၁၀နာရီက နေပြည်တော်ရှိ ဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။ **(ယာပုံ)**

ဆွေးနွေး

ထိုသို့တွေ့ဆုံရာတွင် အမှတ်(၂)စက်မှုဝန်ကြီးဌာနနှင့် Korea International Cooperation Agency တို့ ပူးပေါင်း၍ အကောင်အထည်ဖော်တည်ဆောက်လျက်ရှိသော စက်မှုသင်တန်းကျောင်း(သာဂရ)၌ ကိုရီးယားသမ္မတနိုင်ငံမှ ပေးပို့သည့် သင်ကြားရေးဆိုင်ရာ စက်ပစ္စည်းများ တပ်ဆင်ပြီးစီးမှုနှင့် သင်တန်းကျောင်းအား လွှဲပြောင်းလက်ခံမည့် အစီအစဉ်များကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မကွေးတိုင်းအတွင်းရှိ ဌာနဆိုင်ရာ အရာထမ်းများအား ဘဏ္ဍာ/အခွန်ဝန်ကြီး ဗိုလ်ချုပ်လှထွန်း တွေ့ဆုံမှာကြား

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်း မကွေးတိုင်းအတွင်းရှိ ဦးစီးဌာန၊ လုပ်ငန်းဌာနများမှ တိုင်းနှင့် ခရိုင်အဆင့် အရာထမ်းများအား အမှာစကား ပြောကြားစဉ်။ (ဘဏ္ဍာ/အခွန်)

နေပြည်တော် ဖေဖော်ဝါရီ ၁၉

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်းသည် ဖေဖော်ဝါရီ ၁၆ရက် နံနက်ပိုင်းက မကွေးတိုင်း ချောက်မြို့ရှိ မြန်မာ့စီးပွားရေးဘဏ်အစည်းအဝေးခန်းမ၌ မကွေးတိုင်းအတွင်းရှိ မြန်မာ့စီးပွားရေးဘဏ်၊ မြန်မာ့အာမခံလုပ်ငန်း၊ မြန်မာ့အသေးစားချေးငွေလုပ်ငန်း၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ ပင်စင်ဦးစီးဌာနတို့မှ တိုင်းနှင့် ခရိုင်အဆင့် အရာထမ်းများအားတွေ့ဆုံ၍ လုပ်ငန်းဆောင်ရွက်မှုတိုင်း ဥပဒေ၊ စည်းမျဉ်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်သွားရေး၊ ဌာနဆိုင်ရာတာဝန်များ ထမ်းဆောင်ရင်း ဒေသဖွံ့ဖြိုးတိုးတက်မှုကိုပါ အထောက်အကူပြု ဆောင်ရွက်သွားရေးတို့ကို အကျယ်တဝင့် မှာကြားပြီး ချောက်မြို့ မြန်မာ့စီးပွားရေးဘဏ်ရှိ ငွေစုဘဏ်လုပ်ငန်း၊ ဘဏ်ငွေလွှဲလုပ်ငန်း၊ ဘဏ်ငွေပေးအမိန့်လုပ်ငန်း စသည့် ဘဏ်လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဝန်ကြီးသည် ချောက်မြို့နှင့် ရေဝတီမြစ် အနောက်ဘက်ကမ်းရှိ ဆိပ်ဖြူမြို့တို့ကို ဆက်သွယ်ထားသည့် ရေဝတီမြစ်ကူး အနော်ရထာတံတား ကြံ့ခိုင်မှုအခြေအနေကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ-ဆိုင်ကလုန်း နာဂစ်ပြန်လည်ထူထောင်ရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ဖွင့်ပွဲအခမ်းအနားကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၉

မြန်မာနိုင်ငံ ကြက်ခြေနီအသင်းက ကြီးမှူး၍ မိတ်ဖက်အမျိုးသား ကြက်ခြေနီနှင့် လခြမ်းနီအသင်းတို့ ပူးပေါင်းကျင်းပသော မြန်မာ-ဆိုင်ကလုန်း နာဂစ်ပြန်လည်ထူထောင်ရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (Myanmar : Cyclone Nargis Partnership Meeting) ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၇ရက် နံနက် ၈နာရီခွဲက ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ ဆီဒိုးနားဟိုတယ်၌ ကျင်းပသည်။

ရှင်းလင်းတင်ပြ

ဖွင့်ပွဲအခမ်းအနားတွင် ကျန်းမာရေးဝန်ကြီးဌာနဒုတိယဝန်ကြီးဒေါက်တာမြဦးက အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေးဗဟိုကော်မတီအောက်ရှိ ကျန်းမာရေး ဆပ်ကော်မတီအနေဖြင့် လေဘေးသင့်ဒေသများ၌ ပြည်သူ့ကျန်းမာရေး အထူးကျွမ်းကျင်သူများအား သက်ဆိုင်ရာဒေသအလိုက် တာဝန်ချထား၍ အလေးထားဆောင်ရွက်ခဲ့မှုများ၊ မြန်မာနိုင်ငံကြက်ခြေနီ အသင်းအနေဖြင့်လည်း ပြည်တွင်းပြည်ပလူမှုရေးအသင်းအဖွဲ့များနည်းတူ လေဘေးသင့်ဒေသရှိ ပြည်သူများ၏ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများနှင့်ပြန်လည်ထူထောင်ရေးလုပ်ငန်းများ၌ တက်ကြွစွာပါဝင်ဆောင်ရွက်ခဲ့မှုများကိုရှင်းလင်းပြောကြားသည်။ **(အောက်ပုံ)**

အမှာစကားပြောကြား

ထို့နောက် မြန်မာနိုင်ငံ ကြက်ခြေနီအသင်းဥက္ကဋ္ဌ ပါမောက္ခဒေါက်တာသာလှရွှေ၊ IFRC Regional Office မှ Mr. Alan Harold Bradbury၊ IFRC Myanmar Delegation မှ Head of Delegation Mr. Bernd Schell၊ ICRC မှ Head of Delegation Mr. Georges Paclisanu နှင့် IFRC Regional Office မှ Regional Organizational Delegate Mr.Malcolm John Mckinlay တို့က အမှာစကား ပြောကြားကြသည်။

ယင်းနောက် မြန်မာနိုင်ငံကြက်ခြေနီအသင်းဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင် အဖွဲ့ဝင်များ၊ နိုင်ငံတကာကြက်ခြေနီ ဖက်ဒရေးရှင်းနှင့် နိုင်ငံတကာကြက်ခြေနီနှင့် လခြမ်းနီအသင်းမှ တာဝန်ရှိသူများ၊ နိုင်ငံတကာလူမှုရေး အသင်းအဖွဲ့များမှ ကိုယ်စားလှယ်များသည် နာဂစ်လေဘေးဆိုင်ရာ လုပ်ငန်းဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။ **(သတင်းစဉ်)**

● ရှေ့ဖုံးမှ

ရေငြိမ်ကန်တို့ကိုလည်းကောင်း၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် အထူးဇုန်(၂) အကွက်အမှတ်(၉)ရှိ ပင်လယ်ကိုးသွယ်ကုမ္ပဏီ၏ ပင်မရေသွင်းမြောင်းတို့ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

ရေပေးသွင်း

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေသည် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်ရှိ ဒေသခံတပ်ရင်း၏ နွေစပါးကေ ၅၀စိုက်ခင်းသို့ ရောက်ရှိပြီး နွေစပါးများ အောင်မြင်ဖြစ်ထွန်းနေမှုနှင့် လျှပ်စစ်ရေတင်စက်ဖြင့် လယ်အတွင်းရေပေးသွင်းမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် ရှမ်းတဲကြီးကျေးရွာရှိ လယ်သမားကြီး ဦးချစ်စိန်၏ လယ်၌ အောင်မြင်ဖြစ်ထွန်းနေသည့် နွေစပါးစိုက်ခင်းကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေသည် လှည်းကူးမြို့နယ် ဒါးပိန်မြို့ သခွတ်ပင်ဘုန်းတော်ကြီးကျောင်းသို့ ရောက်ရှိပြီး ကျောင်းထိုင်ဆရာတော်ဘဒ္ဒန္တဝါယမအား ဖူးမြော်ကြည်ညိုကာ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ သခွတ်ပင် အခြေခံပညာအလယ်တန်းကျောင်း ကျောင်းဆောင်သစ်ဆောက်လုပ်နေမှုနှင့် ကျောင်းသား၊ ကျောင်းသူများ စာသင်ကြားနေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ကျေးရွာချင်းဆက်လမ်း

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေသည် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်(၅)ရပ်နှင့်အညီ ဖောက်လုပ်ထားသည့် အရှည်နှစ်မိုင်၊ အကျယ် ၁၂ပေရှိ ဒါးပိန်-သခွတ်ပင် ကျေးရွာချင်းဆက်ဂဝံလမ်းဖောက်လုပ်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

မှာကြား

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေသည် အမှတ်(၂)လမ်းမကြီးသို့ ရောက်ရှိပြီး မိုင်တိုင်အမှတ်(၂၁/၇)နှင့် (၂၂/၀)ကြား၌ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ လမ်းမျက်နှာပြင်ညှိခြင်း၊ ရေပိတ်လွှာလောင်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

(သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ အမှတ်(၂)လမ်းမကြီး မိုင်တိုင်(၂၁/၇)နှင့် (၂၂/၀)ကြားတွင် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ လမ်းမျက်နှာပြင်ညှိခြင်း၊ လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၏ အသေးစားမတည်ရင်းနှီးငွေ(ယာယီချေးငွေ) လုပ်ငန်းဆိုင်ရာဟောပြောပွဲကျင်းပ

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေး မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ အသေးစားမတည်ရင်းနှီးငွေ (ယာယီချေးငွေ) လုပ်ငန်းဆိုင်ရာ ဟောပြောပွဲတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

နေပြည်တော် ဖေဖော်ဝါရီ ၁၉

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၏ အသေးစားမတည်ရင်းနှီးငွေ (ယာယီချေးငွေ) Micro-Credit လုပ်ငန်းဆိုင်ရာ ဟောပြောပွဲကို ယနေ့နံနက် ၉နာရီတွင် နေပြည်တော်ရှိ မြို့တော်ခန်းမ၌ ကျင်းပသည်။

တက်ရောက်

အဆိုပါ ဟောပြောပွဲသို့ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေးနှင့် ဗဟိုအလုပ်အမှုဆောင်များ၊ ပြည်နယ်နှင့်တိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယကများ၊ ဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများ တက်ရောက်ကြသည်။

အမှာစကားပြောကြား

ရှေးဦးစွာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေးက အမှာစကားပြောကြားသည်။

ထို့နောက် ဗဟိုသမဝါယမအသင်းလီမိတက်နှင့် သမဝါယမဘဏ်ဥက္ကဋ္ဌ ဦးခင်မောင်အေးက အသေးစားချေးငွေ (Micro-Credit) ၏ အကျိုးကျေးဇူးများနှင့် သိကောင်းစရာများကို ဟောပြောသည်။

ရှင်းလင်းဖြေကြား

ယင်းနောက် တက်ရောက်လာကြသည့် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ပြည်နယ်နှင့်တိုင်း အမျိုးသမီးရေးရာအဖွဲ့နာယကနှင့် ဥက္ကဋ္ဌများက အသေးစားချေးငွေ (Micro-Credit) လုပ်ငန်းဆိုင်ရာများကို ဆွေးနွေးမေးမြန်းကြရာ သမဝါယမဘဏ်ဥက္ကဋ္ဌက ပြန်လည်ရှင်းလင်းဖြေကြားသည်။

ဂုဏ်ပြုဆုငွေ

ဆက်လက်၍ ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေးက သမဝါယမဘဏ်ဥက္ကဋ္ဌ ဦးခင်မောင်အေးအား ဂုဏ်ပြုလက်ဆောင်ကိုလည်းကောင်း၊ နှစ်ပတ်လည်အစည်းအဝေး အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ကူညီပံ့ပိုးပေးခဲ့ကြသည့် ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ အထူးတပ်ဖွဲ့ဝင်များ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာန၊ ပို့ဆောင်ရေးဝန်ကြီးဌာနနှင့် ကျန်းမာရေးဝန်ကြီးဌာနများမှ ဝန်ထမ်းများအတွက် ဂုဏ်ပြုဆုငွေတို့ကို တာဝန်ရှိသူများအားလည်းကောင်း ပေးအပ်သည်။

အလှူငွေပေးအပ်

ယင်းနောက် သမဝါယမဘဏ်ဥက္ကဋ္ဌ ဦးခင်မောင်အေးက မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်သို့ အလှူငွေကျပ် ၁၀သိန်းကို ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေးထံ ပေးအပ်ပြီး ဟောပြောပွဲကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

မြင်းမူမြို့တွင်းလမ်းများ ကတ္တရာခင်းဆောင်ရွက်

မြင်းမူ ဖေဖော်ဝါရီ ၁၉

မြင်းမူမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် မြို့တွင်းလမ်းများ အားလုံးကတ္တရာဖြစ်ရေး စီမံချက်ဖြင့် ဆောင်ရွက်လျက်ရှိရာ ၂၀၀၈-၂၀၀၉ခု ဘဏ္ဍာရေးနှစ်တွင် ကမ်းနားပတ် (စပါယ်လမ်း)အား ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်ဆောင်ရွက်နေမှုကို အမှုဆောင်အရာရှိ ဦးသန်းဇော်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဝင်းနွယ်တို့ ကြီးကြပ် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

ရက္ခပဗေဒဘွဲ့ရ ကျောင်းသား ကျောင်းသူများ ပထမအကြိမ် မြတ်ဆရာပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၉

ရန်ကုန်တက္ကသိုလ် ရက္ခပဗေဒဘွဲ့ရ (၁၉၆၇မှ ၂၀၀၈အထိ) ကျောင်းသားကျောင်းသူများက ကြီးမှူး၍ အသက်(၆၅) နှစ် အထက် အငြိမ်းစား ဆရာကြီး ဆရာမကြီးများအား ပထမအကြိမ် အာစရိယ ပူဇော်ပွဲကို ဖေဖော်ဝါရီ ၂၇ရက် နံနက် ၉နာရီတွင် အပြည်ပြည်ဆိုင်ရာ စီးပွားရေး အဆောက်အအုံ (International Business Centre) ခန်းမတွင် ကျင်းပမည်ဖြစ်သည်။

ဆက်သွယ်လှူဒါန်း

၁၉၈၆မှ ၁၉၈၇အထိ ပညာသင်နှစ်မှ ရက္ခပဗေဒဘွဲ့ရ ကျောင်းသားကျောင်းသူများသည် အလှူငွေများကို ဒေါ်တင့်တင့်ထွန်း ဖုန်း-၀၉-၅၁-၂၈၆၅၂၊ ဦးမျိုးအောင် ဖုန်း-၀၉-၈၀-၃၄၇၃၉၊ ဒေါ်ခင်ဝင်းချို ဖုန်း-၀၉-၅၁-၈၆၈၀၁၊ ဦးထွန်းသိန်း ဖုန်း-၀၉-၅၁-၁၅၇၅၈၊ ဒေါ်ချိုနွယ်ဦး ဖုန်း-၀၉-၈၀-၂၁၄၃၉၊ ဦးမောင်မောင်ကျော် ဖုန်း-၀၉-၅၁-၀၇၄၉၅၊ ဒေါ်မို့မို့မွန် ဖုန်း-၀၉-၅၀-၁၉၅၈၀၊ ဦးမျိုးခင် ဖုန်း-၀၁-၅၄၆၆၇၁၊ဒေါ်ခင်ခင်စိမ်း ဖုန်း-၀၉-၅၁ ၅၂၂၈၃၊ ဒေါ်ခင်မိမိခိုင် ဖုန်း-၀၉-၅၁-၁၃၁၀၀တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

သစ်ပင်ကို နှစ်စဉ်စိုက် ရှေ့တိုက်ကိုစိုး

ကွန်ပျူတာပညာရှင်အသင်း ဟောပြောပွဲကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၉

သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်း (MCPA)မှ ကွန်ပျူတာပညာရပ်ဆိုင်ရာ ဟောပြောပွဲများ ကျင်းပလျက်ရှိရာ ဖေဖော်ဝါရီ ၂၁ရက် (စနေနေ့) မွန်းလွဲ ၂နာရီမှ ညနေ ၄နာရီအထိ ရန်ကုန်မြို့ လှိုင်မြို့နယ် မြန်မာအင်ဖိုတက်ခ်ပင်မဆောင်ရှိ အခန်း ၂၀၅တွင် မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်း အလုပ်အမှုဆောင် ဦးအောင်ဇော်မြင့်က Essential Wireless Skill & Knowledge ခေါင်းစဉ်ဖြင့် ဟောပြောမည်ဖြစ်သည်။

ဆွေးနွေးတင်ပြ

သတင်းအချက်အလက် နည်းပညာရပ်များနှင့်အတူ တိုးတက်ပြောင်းလဲလာသော အဆင့်မြင့် ဆက်သွယ်ရေးစနစ်များအနက်မှ ကြိုးမဲ့(Wireless) ဆက်သွယ်ရေးစနစ်များနှင့် ပတ်သက်၍ သိသင့်သိထိုက်သော သဘောတရားများ ကွဲပြားခြားနားသော IEEE Wireless Standard များအပါအဝင် ဂရုပြုအလေးထားမှု နည်းပါးသော ကြိုးမဲ့လုံခြုံရေးစနစ်များ၊ မိမိ၏ကြိုးမဲ့ကွန်ရက်အား အကာအကွယ်ပြုသင့်ပုံများနှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြသွားမည်ဖြစ်သည်။

ဆွေးနွေးပွဲသို့ မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်းဝင်များ၊Software Developer များ၊ ကွန်ပျူတာပညာ လေ့လာနေသူများနှင့် စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်ဆွေးနွေးနိုင်သည်။ အသေးစိတ်သိရှိလိုပါက မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင် အသင်းရုံးခန်း အဆောင်၄ အခန်း၄ ဖုန်း-၆၅၂၂၇၆သို့ဆက်သွယ်စုံစမ်းနိုင်သည်။ **(သတင်းစဉ်)**

အရှေ့တောင်အာရှဒေသဆိုင်ရာ ရေကူးနည်းပြဆရာ သင်တန်းတက်ရောက်ရန် ထိုင်းနိုင်ငံသို့ထွက်ခွာ

ရန်ကုန် ဖေဖော်ဝါရီ ၁၉

ကမ္ဘာ့ရေကူးအဖွဲ့ချုပ်မှ ကြီးမှူးဖွင့်လှစ်မည့် အရှေ့တောင်အာရှဒေသဆိုင်ရာ ရေကူးနည်းပြဆရာသင်တန်းကို တက်ရောက်ရန် မြန်မာနိုင်ငံ ရေကူးအဖွဲ့ချုပ်မှ နည်းပြဆရာများဖြစ်သည့် ဦးငွေလှမိုးနှင့် ဦးကျော်ဇင်၊ လေ့လာသူအဖြစ် တက်ရောက်မည့် မြန်မာနိုင်ငံ ရေကူးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးကျော်ဦး၊ လက်ထောက်ညွှန်ကြားရေးမှူး (အား/ကာ)တို့သည် ယမန်နေ့နံနက်ပိုင်းက ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။ **(ဝဲပုံ)**

လက်တွေ့သင်ကြား

အဆိုပါရေကူးနည်းပြဆရာသင်တန်းကို ဖေဖော်ဝါရီ ၁၉ရက်မှ ၂၅ရက်အထိ ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် ဖွင့်လှစ်သွားမည်ဖြစ်ပြီး ဩစတြေးလျနိုင်ငံမှ ကမ္ဘာ့အဆင့်ရှိ ရေကူးနည်းပြများက လာရောက်၍ အခြေခံရေကူးနည်းစနစ် သိကောင်းစရာများ၊ နောက်ဆုံးပေါ်ရေကူးနည်းစနစ်နှင့် စည်းမျဉ်းစည်းကမ်းများကို စာတွေ့၊ လက်တွေ့ သင်ကြားပေးသွားမည်ဖြစ်သည်။

(မြန်မာ့အလင်း)

ပြည်ထောင်စုဖွားတိုင်းရင်းသားများ ရှေးပဝေသဏီကတည်းက အေးအတူပူအမျှနေထိုင်လာခဲ့ကြ
တိုင်းရင်းသားအားလုံး ပြည်ထောင်စုစိတ်ဓာတ်ဟူသည့် စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ကိုမွေးမြူ
ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ဒီမိုကရေစီဖော်ဆောင်မှု အောင်မြင်အောင်ဝိုင်းဝန်းကြိုးပမ်း

နေပြည်တော် ဖေဖော်ဝါရီ ၁၉

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် တာဝန်ရှိသူများသည် ဖေဖော်ဝါရီ၁၆ရက် နံနက်၉နာရီခွဲတွင် ရခိုင်ပြည်နယ် ပေါက်တောမြို့နယ် တောင်းဖူးကျေးရွာသို့ ရောက်ရှိပြီး ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် ပန္နက်စိုက်ထူပွဲသို့ တက်ရောက်ကြသည်။

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ပေါက်တောမြို့နယ် တောင်းဖူး၊ သဝင်ချောင်း၊ အဝကန်၊ တောင်ညို၊ မြင့်ဂါနှင့် ကျောက်စိတ်ကျေးရွာ ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် အလှူငွေများ၊ စာအုပ်စာစောင်များ၊ အဝတ်အထည်များနှင့် လူသုံးကုန်ပစ္စည်းများကို ပေးအပ်စဉ်။ (သတင်းစဉ်)

ပန္နက်စိုက်ထူ

အစီအစဉ်အရပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင် ရဲမှူးကြီးဘကြည်၊ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးဝင်းနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးရဲထွဋ်တို့က သတ်မှတ်နေရာအသီးသီး၌ နေရာယူကြပြီး မင်္ဂလာအချိန်တွင် ပန္နက်စိုက်ထူ၍ အမွှေးနံ့သာများ ပက်ဖျန်းပေးကြသည်။

ယင်းနောက် ဝန်ကြီးသည် ဒေသခံပြည်သူများနှင့် တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်၍ ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းဆိုင်ရာများ ဆွေးနွေးမှာကြားသည်။

တက်ရောက်

အဆိုပါတွေ့ဆုံပွဲသို့ တောင်းဖူး၊ သဝင်ချောင်း၊ အဝကန်၊ တောင်ညို၊ မြင့်ဂါနှင့် ကျောက်ဆိပ်ကျေးရွာ ခြောက်ရွာတို့မှ ဒေသခံပြည်သူ ၁၂၀၀ ကျော် တက်ရောက်ကြသည်။

ရှေးဦးစွာ ဒေသခံ တာဝန်ရှိသူများက ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြရာ ဝန်ကြီးက တင်ပြချက်များအပေါ် ဒေသဆိုင်ရာ တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးပြီး အမှာစကားပြောကြားသည်။

ပေးအပ်လှူဒါန်း

ထို့နောက် ဝန်ကြီးသည် တောင်းဖူးကျေးရွာစာကြည့်တိုက် ဆောက်လုပ်ရန်အတွက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက လှူဒါန်းသော ငွေကျပ် သိန်း၃၀ကို ပေးအပ်လှူဒါန်းသည်။ ထို့အပြင် ဝန်ကြီးသည် သဝင်ချောင်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲ အဆောက်အအုံသစ်ဆောက်လုပ်ရန်အတွက် ငွေကျပ်လေးသိန်း၊ တောင်ညိုကျေးရွာ အခြေခံပညာ မူလတန်းကျောင်းဆောင်သစ်အတွက် ငွေကျပ်လေးသိန်း စုစုပေါင်း ငွေကျပ် ရှစ်သိန်းကို လည်းကောင်း၊ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် စာအုပ်စာစောင်များကိုလည်းကောင်း၊ ပြည်သူများအတွက် အဝတ်အထည်များ၊ လူသုံးကုန်ပစ္စည်းများကို လည်းကောင်း ပေးအပ်လှူဒါန်းပြီးပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင် ရဲမှူးကြီးဘကြည်က ရခိုင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက တောင်းဖူးကျေးရွာ စာကြည့်တိုက်ပရိဘောဂပစ္စည်းများ ဝယ်ယူရန်အတွက် လှူဒါန်းသော ငွေကျပ် ငါးသိန်းကို ပေးအပ်လှူဒါန်းသည်။

တွေ့ဆုံပွဲအပြီးတွင် ဝန်ကြီးသည် တွေ့ဆုံပွဲသို့ တက်ရောက်လာကြသော ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ဆက်လက်၍ ဝန်ကြီးနှင့် အဖွဲ့သည် ရခိုင်ပြည်နယ် မင်းပြားမြို့နယ် စွန်ရဲကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် ပန္နက်စိုက်ထူပွဲသို့ တက်ရောက်ကြသည်။

အမွှေးနံ့သာများပက်ဖျန်း

အစီအစဉ်အရ ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်း၊ ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင် ရဲမှူးကြီးဘကြည်၊ ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးဝင်းနှင့် ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးရဲထွဋ်တို့က သတ်မှတ်နေရာအသီးသီး၌ နေရာယူကြပြီး မင်္ဂလာအချိန်တွင် ပန္နက် စိုက်ထူ၍ အမွှေးနံ့သာများ ပက်ဖျန်းပေးကြသည်။

ယင်းနောက် ဝန်ကြီးသည် ဒေသခံပြည်သူများနှင့်တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ညှိနှိုင်းဆွေးနွေးခြင်းနှင့်ဒေသခံပြည်သူများအတွက် စာအုပ်စာစောင်၊အဝတ်အထည်နှင့်လူသုံးကုန်

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ပေါက်တောမြို့နယ် တောင်းဖူးကျေးရွာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် ပန္နက်စိုက်ထူပွဲတွင် ပန္နက်စိုက်ထူပြီး အမွှေးနံ့သာ ပက်ဖျန်းပေးစဉ်။
(သတင်းစဉ်)

ပစ္စည်းများ လှူဒါန်းပွဲအခမ်းအနားသို့ တက်ရောက်သည်။

တွေ့ဆုံပွဲသို့ စွန်ရဲ၊ ကြောင်ရှည်ချောင်းနှင့် ဗလိပေါက်ကျေးရွာသုံးရွာတို့မှ ဒေသခံပြည်သူ ၁၅၀၀ကျော် တက်ရောက်ကြသည်။

အမှာစကားပြောကြား

ရှေးဦးစွာ ဒေသခံတာဝန်ရှိသူများက ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြရာ ဝန်ကြီးက တင်ပြချက်များအပေါ် ဒေသဆိုင်ရာ တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးပြီး အမှာစကား ပြောကြားသည်။

ထို့နောက်ဝန်ကြီးသည် စွန်ရဲကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် ဆောက်လုပ်ရန်အတွက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက လှူဒါန်းသော ငွေကျပ် သိန်း ၃၀ကို ပေးအပ်လှူဒါန်းသည်။ ထို့အပြင် ဝန်ကြီးသည် စွန်ရဲကျေးရွာ အခြေခံပညာမူလတန်းကျောင်းဆောင်သစ်အတွက် ငွေကျပ်လေးသိန်း၊ ကြောင်ရှည်ချောင်းကျေးရွာ အခြေခံပညာ မူလတန်းကျောင်းဆောင်သစ်အတွက် ငွေကျပ်လေးသိန်း စုစုပေါင်း ငွေကျပ် ရှစ်သိန်းကို လည်းကောင်း၊ ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် စာအုပ်စာစောင်များ၊ ဒေသခံ ပြည်သူများအတွက် အဝတ်အထည်များ၊ လူသုံးကုန်ပစ္စည်းများကိုလည်းကောင်း ပေးအပ်လှူဒါန်းပြီး ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင် ရဲမှူးကြီးဘကြည်က ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက စွန်ရဲကျေးရွာစာကြည့်တိုက်ပရိဘောဂပစ္စည်းများဝယ်ယူရန်အတွက် လှူဒါန်းသော ငွေကျပ် ငါးသိန်းကို ပေးအပ်လှူဒါန်းသည်။

တွေ့ဆုံပွဲအပြီးတွင် ဝန်ကြီးသည် တွေ့ဆုံပွဲသို့တက်ရောက်လာကြသော ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

တိုးမြှင့်ဆောင်ရွက်

တွေ့ဆုံပွဲ၌ ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက အမှာစကားပြောကြားရာတွင် နိုင်ငံတော် အစိုးရအနေဖြင့် ရခိုင်ပြည်နယ်အတွင်းဒေသဖွံ့ဖြိုးရေး လုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်ပေးလျက်ရှိရာ ပြန်ကြားရေးဝန်ကြီးဌာနကလည်း ပြည်သူများအတွက် ပြန်ကြားရေးဆိုင်ရာ လုပ်ငန်းများကို အရှိန်အဟုန်ဖြင့် တိုးမြှင့် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ရုပ်မြင်သံကြား ထုတ်လွှင့်မှုတွင် စက်ရုံအသစ်တည်ဆောက်ခြင်း၊ လွှင့်အားမြှင့်စက်များ တိုးချဲ့တပ်ဆင်ခြင်းများကို ဆောင်ရွက်လျက်ရှိသည့်အပြင်သုတ၊ရသ ရုပ်မြင်သံကြား လိုင်းများစွာကို ဒေသခံပြည်သူများက စိတ်ကြိုက် ရွေးချယ်ကြည့်ရှုနိုင်ရန်လည်း ၂၀၀၉ခုနှစ် ဖေဖော်ဝါရီလတွင် အပြီးအကောင်အထည်ပေါ်အောင် ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်နယ်အတွင်း သတင်းနှင့် ဖျော်ဖြေရေးကို အပြည့်အဝဖြည့်ဆည်း ဆောင်ရွက်ပေးနိုင်မည့် FM ရေဒီယိုစနစ်ကိုလည်း အမြန်ဆုံး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း။

ပြည်ထောင်စုစိတ်ဓာတ်

မိမိတို့ ပြည်ထောင်စုဖွား တိုင်းရင်းသားများသည် ရှေးပဝေသဏီကတည်းက အေးအတူပူအမျှ အတူတကွ ရောယှက် နေထိုင်လာခဲ့ကြရာ ယခုအခါ တိုင်းရင်းသား အချင်းချင်း မိသားစုများအဖြစ် ယှက်နွယ်ဖွဲ့စည်းမှုများ အများအပြား ဖြစ်တည်လာခဲ့ပြီ ဖြစ်ကြောင်း၊ ထို့ကြောင့်လည်း သွေးသားတော်စပ်မှုနားလည်မှု၊ စည်းလုံးမှုဟူသည့်သံယောဇဉ်ကြိုးများ လွန်းတင်ကာ ရွာတိုင်း၊ မြို့တိုင်း၊ တိုင်းနှင့် ပြည်နယ်တိုင်းသည် ပြည်ထောင်စု အငယ်လေးများသဖွယ် ဖြစ်တည်လျက်ရှိနေပြီဖြစ်ကြောင်း၊ ထို့ကြောင့်လည်း မိမိတို့တိုင်းရင်းသား အားလုံးအနေဖြင့် ပြည်ထောင်စု စိတ်ဓာတ်ဟူသည့် စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ကို မွေးမြူ မြှင့်တင်ကြရမည်ဖြစ်ကြောင်း၊ ထိုပြည်ထောင်စုစိတ်ဓာတ်သည်သာ ပြည်ထောင်စုကြီး၏ တည်ငြိမ်အေးချမ်းမှုကို ဖော်ဆောင်နိုင်ကြောင်း၊ ဖွံ့ဖြိုးတိုးတက်မှုကို ပေးစွမ်းနိုင်ကြောင်း၊ မပြိုကွဲအောင် ထိန်းသိမ်းနိုင်ကြောင်း၊ တိုင်းပြည် ပြိုကွဲသဖြင့် အနိဋ္ဌာရုံများ ပင်လယ်ဝေ ခံစားနေကြရသည့် ပြည်သူများ၏ ဘဝအခြေအနေကို ယနေ့ကမ္ဘာတွင် အများအပြား တွေ့မြင်နိုင်ကြောင်း၊ သို့ပါ၍ မိမိတို့ တိုင်းရင်းသားများအနေဖြင့် ထိုအနိဋ္ဌာရုံ သာဓကများကို သင်ခန်းစာယူပြီး ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ပြည်ထောင်စုကြီး တည်ငြိမ်အေးချမ်းအောင်၊ ဖွံ့ဖြိုးတိုးတက်အောင်၊ ထာဝစဉ် တည်တံ့ခိုင်မြဲအောင် ဒီမိုကရေစီဖော်ဆောင်မှု အောင်မြင်အောင်ဝိုင်းဝန်းကြိုးပမ်းသွားကြရမည် ဖြစ်ကြောင်းဖြင့် ပြောကြားခဲ့သည်။ **(သတင်းစဉ်)**

ကလောမြို့မဈေး ရေစီးရေလာ ကောင်းမွန်ရေး ဆောင်ရွက်

ကလော ဖေဖော်ဝါရီ ၁၉

ကလော မြို့မဈေးအတွင်းအပြင် ရေစီးရေလာ ကောင်းမွန်ရေးအတွက် ဒု-ဦးစီးမှူး(ဈေး) ဒေါ်ဖြူဖြူခင် ဦးဆောင်သော စည်ပင်သာယာရေးဝန်ထမ်းများနှင့် ဈေးသူဈေးသားများ စုပေါင်း၍ ရေနုတ်မြောင်းများ ဆယ်ယူခြင်းလုပ်ငန်းကို ဇန်နဝါရီ ၉ရက်က ဆောင်ရွက်ရာ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်မင်းနိုင်က ကြီးကြပ်ဆောင်ရွက်ပေးကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

အီဂျစ်နိုင်ငံဆိုင်ရာ သံအမတ်ကြီးအဖြစ် ဦးတင်ယုအားခန့်အပ်

နေပြည်တော် ဖေဖော်ဝါရီ ၂၀

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌသည် ဦးတင်ယုအား အီဂျစ်အာရပ်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ သံအမတ်ကြီးအဖြစ် ခန့်အပ်လိုက်ပြီး ဖြစ်သည်။ **(သတင်းစဉ်)**

ဗီယက်နမ်နိုင်ငံဆိုင်ရာသံအမတ်ကြီးအဖြစ် ဦးခင်မောင်စိုးအား ခန့်အပ်

နေပြည်တော် ဖေဖော်ဝါရီ ၂၀

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌသည် ဦးခင်မောင်စိုးအား ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ သံအမတ်ကြီးအဖြစ် ခန့်အပ်လိုက်ပြီးဖြစ်သည်။

(သတင်းစဉ်)

နီပေါနိုင်ငံဆိုင်ရာသံအမတ်ကြီးအဖြစ် ဦးသက်ဦးအားခန့်အပ်

နေပြည်တော် ဖေဖော်ဝါရီ ၂၀

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌသည် ဦးသက်ဦးအား နီပေါဖက်ဒရယ်ဒီမိုကရက်တစ်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ သံအမတ်ကြီးအဖြစ် ခန့်အပ်လိုက်ပြီးဖြစ်သည်။

(သတင်းစဉ်)

ထိုင်းနိုင်ငံဆိုင်ရာ သံအမတ်ကြီးအဖြစ် ဦးအောင်သိမ်းအား ပြောင်းရွှေ့ခန့်အပ်

နေပြည်တော် ဖေဖော်ဝါရီ ၂၀

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌသည် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုမြန်မာနိုင်ငံတော် သံအမတ်ကြီးဦးအောင်သိမ်းအား ထိုင်းနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုမြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ပြောင်းရွှေ့ခန့်အပ်လိုက်ပြီးဖြစ်သည်။ **(သတင်းစဉ်)**

ရွှေဖုံးမှ

"ကျွန်တော်တို့ စစ်တွေမြို့နယ်မှာ စိုက်ပျိုးမြေ ၂၃၈၂၁ဧက ရှိပါတယ်။ လယ်မြေ ၂၂၁၉၆ဧက၊ ယာမြေ ၈၃၇၀၊ ဥယျာဉ်မြေ ၁၁၈၃ ဧကဖြစ်ပါတယ်။ ၂၀၀၈-၂၀၀၉ ခုနှစ် မိုးစပါး ၂၅၄၇၇ဧက စိုက်ပျိုးရာ ၁၈၀၈၈၆၇ တင်း ထွက်ရှိပြီး တစ်ဧက ပျမ်းမျှ ၇၁တင်းနှုန်း ထွက်ပါတယ်၊ စစ်တွေမြို့က အလျား ၁၃မိုင်၊ အနံ ၉မိုင် ဖြာလုံခန့်ရှိပြီး ဧရိယာစတုရန်းမိုင်၈၉ဒသမ၄၂မိုင်၊ ၅၇၂၂၈ဧကကျယ်ဝန်းပါတယ်။ မြို့ပေါ်ရပ်ကွက်၃၂ရပ်ကွက်၊ ကျေးရွာအုပ်စု ၃၀ ကျေးရွာပေါင်း၈၉ရွာနဲ့ ဖွဲ့စည်းထားပါတယ်။ စစ်တွေမြို့ရဲ့ပတ်ပတ်လည်မှာ ဘင်္ဂလားပင်လယ်အော်နှင့် ကုလားတန်မြစ်ဝိုင်းရံထားတဲ့အတွက် ရေငန်တွေသာရပါတယ်။ ဒါကြောင့် ဆောင်းသီးနှံများကို မိုးတွင်း ရေလှောင်ပြီး ခပ်ယူရေလောင်းစနစ်ကျင့်သုံးပါတယ်။ ဒေသခံတောင်သူများကြိုးပမ်းမှုကြောင့် ဆောင်းသီးနှံများ မြို့နယ်အတွင်း အထိုက်အလျောက် အောင်မြင်ပါတယ်" ဟု မြို့နယ်ဥက္ကဋ္ဌ ဦးအောင်ထွန်းက ရှင်းပြသည်။

ဆောင်းသီးနှံ

၂၀၀၉ခုနှစ် မိုးနှောင်းကာလတွင် စစ်တွေမြို့နယ်အတွင်း ဆောင်းရာသီ သီးနှံများကို မြေပဲ ဧက၂၀၊ ဆီမုန်ညင်းဧက၆၀၀၊ ပန်းနှမ်းဧက ၁၅၀၀၊ နေကြာဧက၉၀၀၊ နှမ်းဧက ၅၀စိုက်ပျိုးထားရာ တင်းပေါင်း ၃၉၅၅၀ထွက်ရှိမည်ဟု ခန့်မှန်းထားသည်။

တောင်သူ ၆၀၂ဦးတို့က မတ်ပဲ ဧက၆၀၀၊ ပိုလ်ကိတ်ပဲဧက ၂၄၅၀၊ ပဲတီစိမ်းဧက၅၀၊ မြေထောက်ပဲ ၂၈ ဧက၊ အခြားပဲ ဧက၇၅၀နှင့် စားဖိုဆောင် သီးနှံငရုတ် ဧက၃၅၀၊ အာလူး ၁၀ဧက၊ ကြက်သွန်နီဧက၅၀နှင့် ဖူးစားပြောင်းဧက၅၀စိုက်ပျိုးလျက်ရှိကြသည်။

နေကြာစိုက်ခင်း

မိုးရေကို တွင်းတူးရေလှောင်ကာ မိုးရေဖြင့်စိုက်ပျိုးအောင်မြင်နေသည့် ငရုတ်စိုက်ခင်း၊ နေကြာစိုက်ခင်း၊ ဂေါ်ဖီစိုက်ခင်းများသို့ ရေချမ်းပြင်ရွာ (ခတင်ပိုက်ရွာ)၊ သင်ပုန်းတန်းရွာ၊ အောင်မင်္ဂလာရွာများသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးမျိုးလွင်၊ မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ စာရေး ဦးမျိုးဝင်းနှင့်အတူ သွားရောက်ကြည့်ရှုခဲ့ကြသည်။

စစ်တွေ နည်းပညာတက္ကသိုလ်အနီး လယ်မြေများတွင် ဒေသခံတောင်သူများ၏ ကြိုးပမ်းမှုဖြင့် စိုက်ခင်းများ စိမ်းစိုကာ ဖြစ်ထွန်းအောင်မြင်နေသည်။ စိုက်ပျိုးရေသာ အဆင်ပြေပါက နယ်မြေတစ်ခုလုံး စိမ်းစိုနေမည်ကား အမှန်ပင်ဖြစ်ပေသည်။ ရေရှားပါးသည့်ဒေသတွင်မိုးရေသိုလှောင်ကာ စိုက်ပျိုးရန် ကြီးကြပ်ဆောင်ရွက်ပေးသည့် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းနှင့် ဒေသခံတောင်သူများ၏ ကြိုးပမ်းမှုကို မှတ်တမ်းတင်ရပေမည်။

စစ်တွေမြို့မှ မိုင် ၂၀ ခန့်အကွာရှိ ဆောင်းသီးနှံစိုက်ခင်းများ လေ့လာကြည့်ရှုပြီးပြန်လာရာ စစ်တွေ မြို့ဝင်မြို့ထွက် ဆိုင်းဘုတ်ကြီးအနီး ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးခင်မောင်ဆွေနှင့် တွေ့ဆုံရာ စစ်တွေမြို့ သောက်သုံးရေ ဖူလုံစွာရရှိရေးအတွက် ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ကြီးကြပ်မှုဖြင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ကန်တော်ကြီး တိုးချဲ့ကန်မြေသားတာပေါင် ငါးပေ မြှင့်တင်ပြီးသဖြင့် လိုက်ပါလေ့လာရန် ဖိတ်ခေါ်သဖြင့် မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဘုန်းလွင်နှင့်အတူ သွားရောက်ကြည့်ရှုကြသည်။

အမြင့်ဆုံးမိုးရေချိန်

စစ်တွေမြို့၏ရာသီဥတုမှာ မိုးများသော မြို့တစ်မြို့ဖြစ်ပြီး နှစ်စဉ်ပျမ်းမျှ မိုးရေချိန် ၁၈၀မှ လက်မ၂၀၀ကြားတွင် ပုံမှန်ရွာသွန်းပြီး မိုးရာသီတွင် မိုးများသကဲ့သို့ နွေရာသီကာလများတွင်လည်း ပူပြင်းခြောက်သွေ့သည်။ ဇန်နဝါရီလသည် အအေးဆုံးလဖြစ်၍ အနိမ့်ဆုံးအပူချိန် ၁၅ဒသမ၃ဒီဂရီစင်တီဂရိတ်ဖြစ်ပြီး အမြင့်ဆုံးအပူချိန်မှာ ဧပြီလတွင် ၃၃ဒသမ၂ဒီဂရီစင်တီဂရိတ်ရှိသည်။ တစ်နှစ်ပတ်လုံး၏ ပျမ်းမျှအပူချိန်မှာ ၂၅ဒသမ ၉၂ဒီဂရီစင်တီဂရိတ်ဖြစ်ကာအနိမ့်ဆုံးမိုးရေချိန်မှာ မေလတွင် ၁၂ ဒသမ၄၈လက်မဖြစ်၍ အမြင့်ဆုံးမိုးရေချိန်မှာ ဇွန်လတွင် ၆၈ဒသမ၇၈ လက်မရှိသည်။

အငွေ့ပြန်မှုနှုန်းမှာ ၁၅ ရာခိုင်နှုန်းရှိသည်။

စစ်တွေမြို့တွင် မြို့ပေါ်ရပ်ကွက် ၃၂ရပ်ကွက်ရှိ၍ အိမ်ခြေ ၁၈၀၀၆အိမ်ရှိကာ လူဦးရေ ၁၃၇၀၆၉ဦး နေထိုင်သည်။ မြို့နယ် စည်ပင်သာယာရေးအဖွဲ့အနေဖြင့် မြို့ပေါ်ရပ်ကွက် ၂၇ ရပ်ကွက်ရှိ လူဦးရေ ၉၅၉၉၈ဦး၊ အိမ်ခြေ ၁၂၆၈၆အိမ်ကို ရေပေးဝေလျက်ရှိသည်။

တပ်ဆင်အသုံးပြု

စစ်တွေမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ လက်ရှိရေပေးဝေရေးစနစ်မှာ အမြင့်မှအနိမ့်သို့ အလိုအလျောက်စီးဆင်းသောစနစ်(Gravity Flow System) ဖြင့် ရေပေးဝေသော စနစ်ဖြစ်သည်။ တပ်ဆင်အသုံးပြုထားသော ရေပိုက်လိုင်းများမှာ ကန်တော်ကြီး အထွက်မှ လက်မ ၂၀၊ ထိုမှတစ်ဆင့် ၁၈လက်မ၊ ၁၆လက်မ၊ ၁၄လက်မ၊ ခုနစ်လက်မ၊ ခြောက်လက်မ၊ ထိုမှတစ်ဆင့် သုံးလက်မစသည်ဖြင့် ရေတွန်းအား ရရှိစေရန် အဆင့်ဆင့် သွယ်တန်းထားရှိသည်။

ရေပေးဝေရေးစနစ် ရရှိသော ၂၇ရပ်ကွက်တွင် အိမ်သွယ်ရေတိုင် ၂၉၀၀၊ အများသုံး အုတ်ရေကန် ၁၃၇ကန်နှင့် အများသုံးမြေသားကန် ခုနစ်ကန်ရှိ၍ အဆိုပါရပ်ကွက်များတွင် ပုဂ္ဂလိက ရေအသုံးပြုမှုအနေဖြင့် ပုဂ္ဂလိက တုံကင်တွင်း ၆၀၆တွင်း၊ ပုဂ္ဂလိက လက်တူးတွင်း ငါးတွင်းရှိသည်။ မြို့သို့ လက်ရှိရေပေးဝေလျက်ရှိသော ကန်တော်ကြီးနှင့် ကန်တော်ငယ်၏ ဧရိယာမှာ ၁၃၆ဒသမ ၄၇ဧကကျယ်ဝန်းပြီး ရေသိုလှောင်နိုင်မှုပမာဏမှာ ဂါလန် ၄၀၉ဒသမ၄၆ သန်း တိုးချဲ့ရေလှောင်ကန်မှာ ၂၅ဧကကျယ်ဝန်းပြီး ရေသိုလှောင်မှုပမာဏမှာ ဂါလန်သန်း ၃၀ဖြစ်၍ စုစုပေါင်း ရေသိုလှောင်နိုင်မှုမှာ ဂါလန် ၄၃၉ ဒသမ၃၆သန်းဖြစ်သည်။

ကန်တော်ကြီး

ယခုအခါ ကန်တော်ကြီးတိုးချဲ့ကန်ကို မြေသားတာပေါင် ငါးပေ မြှင့်တင်ပြီးသဖြင့် ရေဂါလန် ၂၅ သန်း တိုးလာမည်ဖြစ်သဖြင့် မြို့ရေပေးဝေရေး ကန်သုံးကန်၏စုစုပေါင်းသိုလှောင်နိုင်မည့် ပမာဏမှာ ဂါလန် ၄၆၄ ဒသမ ၄၆ သန်းဖြစ်သည်။ သို့ဖြစ်၍ မူလတစ်ရက် ဖြန့်ဝေနိုင်သောရေဂါလန် ၁ဒသမ ၂သန်းမှ ၁ဒသမ၂၇ သန်းသို့ တိုးမြှင့်ပေးနိုင်မည်ဖြစ်သည်။ သို့ဖြစ်၍ အိမ်ခြေ ၁၂၆၈၆ အိမ်မှ အိမ်သွယ်ရေတိုင် ၂၉၀၀၊ အများသုံး ရေကန် ၁၃၇ကန်သို့ ပေးဝေနိုင်မှု ၆ရာခိုင်နှုန်း တိုးမြှင့်ပေးဝေနိုင်မည်ဖြစ်သည်။

တိုးမြှင့်ဖြန့်ဝေ

ကန်တော်ကြီး တိုးချဲ့ကန်အနီး တြိဂံပုံ မြေသားတမံ ပေ၆၀၀တည်ဆောက်မည်ဆိုပါက ရေဂါလန် ၁၀သန်း ပိုမိုစုဆောင်းလာနိုင်မည်ဖြစ်ပြီးစုစုပေါင်း ရေသိုလှောင်နိုင်မှု ပမာဏမှာ ဂါလန် ၄၇၄ ဒသမ၃၆ သန်း ဖြစ်သည်။ သို့ဖြစ်၍ တစ်ရက် ရေပေးဝေနိုင်မှု ဂါလန် ၁ဒသမ၃သန်းဖြစ်ပြီး ၈ဒသမ ၃၃ ရာခိုင်နှုန်း တိုးမြှင့်ဖြန့်ဝေနိုင်မည်ဖြစ်ပေသည်။

ပိုမိုပေးဝေနိုင်

မြို့ရေပေးဝေလျက် ရှိသော လက်မ၂၀ မိန်းပိုက်လိုင်းမှ တိုက်ရိုက်ဖောက်ယူသုံးစွဲလျက်ရှိသော အိမ်သွယ်ရေတိုင် ၄၉၈တိုင်ရှိ၍ အဆိုပါရေတိုင်များမှာ ၂၄နာရီ ရေရရှိလျက်ရှိသဖြင့် ရေဆုံးရှုံးမှုများလည်း ဖြစ်ပေါ်လျက်ရှိသည်။ အဆိုပါ အိမ်သွယ်ရေတိုင်များအား လေးလက်မ PVC ဆပ်မိန်းများဖြင့် သီးသန့်သွယ်တန်းကာ ဂိတ်ဘားများဖြင့်ထိန်းချုပ်ခြင်းအားဖြင့် ကျန်အိမ်သွယ်ရေတိုင်များသို့ ရေပိုမိုပေးဝေနိုင်မည် ဖြစ်ကြောင်း ကြားသိရသည်။

စီစဉ်ထား

သွယ်တန်းရမည့် လေးလက်မ PVC ဆပ်မိန်းပိုက်အရှည်မှာ ပေ ၆၈၉၀ ဖြစ်၍ ၂၀၀၈-၂၀၀၉ခုနှစ် ဘဏ္ဍာရေးနှစ်တွင်ပေ၂၂၂၀သွယ်တန်းမည်ဟုသိရပြီး ကျန်လေးလက်မ PVC ပိုက်အရှည် ပေ ၄၆၇၀ သွယ်တန်းခြင်းလုပ်ငန်းကို ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်သွားရန် စီစဉ်ထားပေသည်။

အကောင်အထည်ဖော်

စစ်တွေမြို့ စည်ပင်သာယာရေးအဖွဲ့သည် မြို့သောက်သုံးရေဖူလုံစွာရရှိရေးအတွက် ကန်တော်ကြီး တိုးချဲ့ကန်မြေသား တာပေါင် ငါးပေ မြှင့်တင်ခြင်းလုပ်ငန်းကို အလှူရှင် ရွှေသဘာဝဓာတ်ငွေ့စီမံကိန်းအဖွဲ့မှ တည်ဆောက်ရေးလုပ်ငန်း မူလဆောင်ရွက်မှု ဒေဝူးကုမ္ပဏီနှင့် ပူးပေါင်းကာ ဒေသဆိုင်ရာအာဏာပိုင်များ၏ကြီးကြပ်မှု၊ ရခိုင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့၏ ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်မှုပြီးစီးနေပြီဖြစ်ရာ ၂၀၀၉ခုနှစ်မိုးရာသီမှစ၍စစ်တွေမြို့လူထုအတွက် သောက်သုံးရေများ ပိုမို ဖြန့်ဖြူးနိုင်တော့မည် ဖြစ်ပါတော့သည်။ ။ **(မြန်မာ့အလင်း)**

မိုးရေကန်မှ ရေခပ်ယူရေလောင်းခြင်းဖြင့် အောင်မြင်ဖြစ်ထွန်းနေသော ကုလားကြီးရွာမှ ဂေါ်ဖီထုပ်စိုက်ခင်းကို ဤသို့တွေ့ရသည်။
(မြန်မာ့အလင်း)

မိုးရေကန်မှ ရေဖြင့် အောင်မြင်နေသည့် သင်ပုန်းတန်းရွာမှ ငရုတ်စိုက်ခင်းကို ဤသို့တွေ့ရသည်။
(မြန်မာ့အလင်း)

ကြံခင်းနှင့် မြန်အောင်မြို့နယ် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေး ကြည့်ရှုစစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၁၉

စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေးသည် ဖေဖော်ဝါရီ ၁၄ရက် နံနက်ပိုင်းတွင် ဧရာဝတီတိုင်း ကြံခင်းမြို့နယ် သစ်ဆိမ့်ကိုင်းကျေးရွာရှိ အခြေခံပညာမူလတန်းကျောင်းဆောင်သစ် ဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ကျေးရွာဓမ္မာရုံ၌ ကျောင်းအကျိုးတော်ဆောင်အဖွဲ့များ၊ ရပ်မိရပ်ဖများအား တွေ့ဆုံ၍ ကျောင်းဆောင်သစ်ဆောက်လုပ်ရန်အတွက် အလှူငွေများပေးအပ်သည်။

အလှူငွေပေးအပ်

ဆက်လက်၍ ကြံခင်းမြို့ရွာသစ်ရပ်ကွက်ရှိ အခြေခံပညာ မူလတန်းကျောင်း (အင်းလပ်အရှေ့)၌ မြို့နယ်တာဝန်ရှိသူများ၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့များ၊ ကျောင်းသားမိဘများအား တွေ့ဆုံပြီး အခြေခံပညာမူလတန်းကျောင်း (အင်းလပ်အရှေ့)တိုးချဲ့ကျောင်းဆောင်သစ် ဆောက်လုပ်ရန်အတွက်လည်းကောင်း၊ ဂျို့ပင်ကျေးရွာနှင့် ကျည်တိုင်ကွင်းကျေးရွာ အခြေခံပညာမူလတန်းကျောင်းများ ကျောင်းဥပဓိရုပ် ကောင်းမွန်ရေး ပြုပြင်ရန်အတွက်လည်းကောင်း အလှူငွေများကို ပေးအပ်သည်။

ကြည့်ရှုစစ်ဆေး

ဒုတိယဝန်ကြီးသည် မွန်းလွဲပိုင်းတွင်မကျီးကွင်းကျေးရွာနှင့် တလုတ္ထော်ကျေးရွာတို့ကို ဆက်သွယ်သည့် ကျေးရွာချင်းဆက် မြေသားလမ်းဖောက်လုပ်နေမှုများကိုလည်းကောင်း၊ တလုတ္ထော်ကျေးရွာ ချောင်းကူးတံတားတည်ဆောက်နေမှုများကို လည်းကောင်း ကြည့်ရှုစစ်ဆေးပြီး ဆင်ကျုံးကွင်းကျေးရွာ အခြေခံပညာ မူလတန်းကျောင်း၌ ကျောင်းအကျိုးတော်ဆောင်အဖွဲ့နှင့် ရပ်မိ ရပ်ဖများအား တွေ့ဆုံကာ ကျောင်းအတွက် အလှူငွေများကို ပေးအပ်လှူဒါန်းသည်။

စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေး ကြံခင်းမြို့နယ် သစ်ဆိမ့်ကိုင်းကျေးရွာရှိ ရပ်မိရပ်ဖများအား အမှာစကားပြောကြားစဉ်။
(စွမ်းအင်)

တွေ့ဆုံ

ထို့နောက် ဒုတိယဝန်ကြီးသည် မြန်အောင်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ တာဝန်ရှိသူများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များအား တွေ့ဆုံကာ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် အလှူငွေများကို ပေးအပ်သည်။

ဒုတိယဝန်ကြီးသည် ဖေဖော်ဝါရီ ၁၅ရက် နံနက်ပိုင်းတွင် မြန်အောင်မြို့ ငပိဆိပ်ကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်းနှင့် ရင်းတိုက်ကုန်းကျေးရွာ အခြေခံပညာမူလတန်းကျောင်းများသို့သွားရောက်၍ ကျောင်းအကျိုးတော်ဆောင်အဖွဲ့များ၊ ရပ်မိရပ်ဖများအား တွေ့ဆုံပြီး ကျေးရွာ အခြေခံပညာ မူလတန်းကျောင်းခုနစ်ကျောင်း ပြုပြင်ရန် အလှူငွေများကို ပေးအပ်သည်။

ပူးပေါင်းတည်ဆောက်

ယင်းနောက် သရက်ပင်ဆယ်ကျေးရွာ၌ ကျင်းပသည့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် ဒေသခံပြည်သူများ ပူးပေါင်းတည်ဆောက်သော အရှည်ပေ၁၀၀၊ အကျယ်၁၂ပေရှိ သရက်ပင်ဆယ်တံတား ဖွင့်ပွဲသို့ တက်ရောက်အားပေးပြီး မဲဇင်းကျေးရွာ ဒေသခံပြည်သူများအား တွေ့ဆုံကာ အိုးလည်ပင်းကျေးရွာ၊ အစယ်ကျေးရွာ၊ တိုက်ကျေးရွာတို့ရှိ အခြေခံပညာမူလတန်းကျောင်းများနှင့်လက်ပံကွင်း၊ ညောင်ခြေထောက်နှင့် အညာစုကျေးရွာများ၌ ကျေးရွာချင်း ဆက်မြေသားလမ်းဖောက်လုပ်ရန် အလှူငွေများကို ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လမ်းမှန်နဲ့ ပိုပြီးဝေးသည်ထက်ဝေးသွားမှာ စိုးရိမ်မိပါသည်(၂)

ကျော်ရဲမင်း

(ယမန်နေ့မှအဆက်)

ဆက်လက်ပြီး သန့်ရှင်းသောသောက်သုံးရေရရှိရေး ဆောင်ရွက်ပေးမှုတွေကို ရှင်းပြပါဦးမယ်။ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ကျေးလက်ဒေသ သန့်ရှင်းသော သောက်သုံးရေရရှိရေး(၁၀နှစ်)စီမံကိန်းကို ၂၀၀၀-၀၁ ဘဏ္ဍာရေးနှစ်မှ ၂၀၀၉-၁၀ ဘဏ္ဍာရေးနှစ်အတွင်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။ အဲဒီစီမံကိန်းအရ **စစ်ကိုင်းတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်းဆိုတဲ့ အပူပိုင်းဒေသ တိုင်း(၃)တိုင်းမှာ ကျေးရွာပေါင်း (၈၀၄၂)ရွာ၊ အခြားပြည်နယ်နှင့်တိုင်းတွေမှာ ကျေးရွာပေါင်း (၁၅၁၈၃)ရွာ စုစုပေါင်း(၂၃၂၂၅)ရွာမှာ သန့်ရှင်းသောသောက်သုံးရေ ရရှိအောင် ဆောင်ရွက်ပေးလျက်ရှိပါတယ်။ အပူပိုင်းဒေသ တိုင်း(၃)တိုင်းမှာ ကျေးရွာ(၈၀၄၂)ရွာအနက် (၈၀၃၉)ရွာမှာ ရေရရှိရေးလုပ်ငန်းပေါင်း (၁၂၅၅၁)ခု ဆောင်ရွက်ပေးနိုင်ခဲ့တဲ့အတွက် တိုင်း(၃)တိုင်းစီမံကိန်း လျာထားမှုရဲ့ (၉၉) ရာခိုင်နှုန်းကျော်ကို ဆောင်ရွက်ပြီးစီးခဲ့ပြီး ဖြစ်ပါတယ်။**

အခြားပြည်နယ်နှင့်တိုင်းများမှာရှိတဲ့ ကျေးရွာပေါင်း(၁၅၁၈၃)ရွာအနက် ကျေးရွာပေါင်း(၁၃၆၂၆)ရွာမှာ ရေရရှိရေး လုပ်ငန်းပေါင်း (၁၉၃၁၁)ခု ဆောင်ရွက်ပေးနိုင်ခဲ့တဲ့အတွက် စီမံကိန်းရဲ့(၉၀)ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်ပါတယ်။ စီမံကိန်းတစ်ခုလုံးအတွက် ပြောရမယ်ဆိုရင် ကျေးရွာပေါင်း(၂၃၂၂၅) ရွာ လျာထားသည့်အနက် ယခုအခါ ကျေးရွာပေါင်း (၂၁၆၆၅)ရွာမှာ ရေရရှိရေးလုပ်ငန်းပေါင်း (၃၁၈၆၂)ခု ဆောင်ရွက်ပေးနိုင်ခဲ့တဲ့အတွက် စီမံကိန်း လျာထားမှုရဲ့ (၉၃)ရာခိုင်နှုန်းခန့် ပြီးစီးနေပြီလို့ ဆိုနိုင်ပါတယ်။

မန္တလေးတိုင်းအတွင်း ဆောင်ရွက်ချက်ကို ပြန်ကြည့်ရင် စီမံကိန်းအရ ရွေးချယ်ထားတဲ့ ကျေးရွာပေါင်း(၄၁၁၉)ရွာရှိတဲ့အနက် ရွာအားလုံးမှာ ရေရရှိရေးလုပ်ငန်းပေါင်း (၆၃၉၆)ခု ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။ ဒါကြောင့် မန္တလေးတိုင်းအတွင်းရှိ ကျေးရွာအားလုံး သန့်ရှင်းသော သောက်သုံးရေရရှိပြီး ဖြစ်ပါတယ်။ မိတ္ထီလာခရိုင်အတွင်းမှာဆိုရင် စီမံကိန်းအရ ဆောင်ရွက်ပေးရန် ကျေးရွာပေါင်း(၇၅၇)ရွာရှိပြီး အဲဒီရွာအားလုံးမှာ ရေရရှိရေးလုပ်ငန်းပေါင်း (၁၂၆၀)ခုကို အောင်မြင်စွာ ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။ ဒါကြောင့် မိတ္ထီလာခရိုင်အတွင်းရှိ ကျေးရွာအားလုံး သန့်ရှင်းသော သောက်သုံးရေရရှိပြီး ဖြစ်ပါတယ်။ တစ်ချိန်တုန်းက မိုးခေါင်ရေရှားဒေသဖြစ်ပြီး "ကန်ရေသောက် မြက်ခြောက်စား"လို့ အပြောခံခဲ့ရတဲ့၊ "ရွှေကိုမလို ရေကိုသာလိုသည်"လို့ တောင်းဆိုခဲ့ရတဲ့ မိတ္ထီလာခရိုင်အပါအဝင် အပူပိုင်းဒေသများဟာ ယခုဆိုရင် ကျေးလက်ဒေသ သန့်ရှင်းသောသောက်သုံးရေ ရရှိရေးစီမံကိန်းကြောင့် ကျေးရွာအားလုံး သန့်ရှင်းသော သောက်သုံးရေများ အလုံအလောက် ရရှိနိုင်ခဲ့ကြပြီ ဖြစ်ပါတယ်။ တည်ဆဲအစိုးရရဲ့ ဒီလိုစေတနာထား အကောင်အထည်ဖော် ဆောင်ရွက်ပေးမှုအပေါ် ဒေသခံပြည်သူတိုင်းက ဝမ်းမြောက်နေမော် သာယာခါနေချိန်မှာ မိတ္ထီလာ NLD က မဟုတ်တမ်းတရမ်း ထင်ရာမြင်ရာ စွပ်စွပ်စွဲစွဲ ပြောဆိုလိုက်တာကတော့ အတော်ပဲရုပ်ပျက် ဆင်းပျက်နိုင်လှပါတယ်။ တည်ဆဲအစိုးရ ဘာပဲလုပ်လုပ်၊ ဘယ်လောက်ပဲအောင်မြင်နေနေ အကောင်းမမြင် အသိအမှတ်မပြုနိုင်တဲ့ သူတို့ရဲ့ အာဃာတစိတ်၊ မစ္ဆရိယစိတ်၊ ဝန်တိုစိတ်ကြီးမားမှုကို ဖော်ပြနေတဲ့ အကျိုးမဲ့လုပ်ရပ်တွေပါပဲ။

ဆက်လက်ပြီး လျှပ်စစ်စွမ်းအားကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်မှုအပိုင်းကိုလည်း ပြောပါဦးမယ်။ ၁၉၈၈ခုနှစ်က တစ်နိုင်ငံလုံး ဓာတ်အားယူနစ် (၁၅၅၉ဒသမ၃၀၈)သန်းခန့်သာ သုံးခဲ့ရတဲ့အခြေအနေကနေ တိုးတက်လာတဲ့ လူနေမှုအဆင့်အတန်းနှင့်အညီ ယခုအခါ ယူနစ်သန်းပေါင်း (၄၅၀၇ ဒသမ၉၁၆)သန်းအထိ သုံးစွဲလျက်ရှိပါတယ်။ ဒါကြောင့် တပ်မတော်အစိုးရလက်ထက်မှာ ယူနစ်သန်းပေါင်း (၂၉၄၈ဒသမ၆၀၈)သန်း တိုးတက်သုံးစွဲလာနိုင်ခဲ့တာကို တွေ့ရပါတယ်။ အဲဒီလို တိုးတက်သုံးစွဲနိုင်ဖို့အတွက် ရေအားလျှပ်စစ်ထုတ်လုပ်ရေးကို ဦးစားပေး ကြိုးပမ်းတည်ဆောက်ခဲ့ရပါတယ်။

မြန်မာနိုင်ငံအတွင်းမှာရှိတဲ့ မြစ်ချောင်းများဟာ နှစ်ပေါင်းများစွာ သွယ်ဖြာစီးဆင်းလျက်ရှိပြီး ရေစီးဆင်းမှုပမာဏ နှစ်စဉ် ဧကပေသန်းပေါင်း (၈၇၀)ရှိပါတယ်။ အဲဒီစီးဆင်းမှုပမာဏကို နေရာပေါင်း (၂၆၇)နေရာကနေ ဇက်သပ်ထိန်းချုပ်ပြီး ရေအားလျှပ်စစ်ထုတ်လုပ်မယ်ဆိုရင် မဂ္ဂါဝပ် (၄၀၀၀၀) ပမာဏအထိ ရရှိနိုင်တယ်လို့ ဆိုပါတယ်။ ဒါကြောင့်လည်း လက်ရှိအခြေအနေမှာ ရေအားလျှပ်စစ်စက်ရုံတွေကို အမြောက်အမြားတည်ဆောက်ဖော်ဆောင်လျက်ရှိတာကို တွေ့ရှိရမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့ ရေအားလျှပ်စစ် အရင်းအမြစ်ဖွံ့ဖြိုးမှုကို လေ့လာကြည့်ရင် တည်ဆောက်ပြီး ရေအားလျှပ်စစ်စက်ရုံများမှ (၁၄၂၁)မဂ္ဂါဝပ်၊ တည်ဆောက်ဆဲ ရေအားလျှပ်စစ်စီမံကိန်းများမှ (၂၁၀၄၃ဒသမ၅) မဂ္ဂါဝပ်ရှိကြောင်း တွေ့ရှိရပါတယ်။

အမှတ်(၁)လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန လက်အောက်မှာတည်ဆောက်ပြီး ရေအားလျှပ်စစ်စက်ရုံအနေနဲ့ ၁၉၈၈ခုနှစ်မှာ စက်ရုံ (၁၄)ရုံသာရှိခဲ့ပြီး အဲဒီအထဲမှာ အကြီးစား (၁၀မဂ္ဂါဝပ်အထက်) စက်ရုံ(၂)ရုံသာ ပါဝင်ခဲ့ပါတယ်။ အဲဒါတွေကတော့ ဘီလူးချောင်း-၂(လောပိတ)နဲ့ ကင်းတားစက်ရုံများ ဖြစ်ပါတယ်။ ၁၉၈၈ခုနှစ် နောက်ပိုင်းမှာတော့ ရေအားလျှပ်စစ်စက်ရုံပေါင်း (၃၆)ရုံ ထပ်မံတည်ဆောက်ပေးနိုင်ခဲ့ပြီး အကြီးစားစက်ရုံပေါင်း(၁၃)ရုံ ပါဝင်ခဲ့ပါတယ်။ ဒါကြောင့် လက်ရှိမြန်မာနိုင်ငံမှာ ရေအားလျှပ်စစ်စက်ရုံပေါင်း (၅၀)ရှိပြီး အကြီးစားစက်ရုံ(၁၅)ရုံ အပါအဝင် ဖြစ်ပါတယ်။ အကြီးစားရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံတွေကတော့ ဘီလူးချောင်း(၂)၊ ကင်းတား၊ ဆည်တော်ကြီး၊ ဘီလူးချောင်း(၁)၊ ဇော်ဂျီ(၁)၊ ဇော်ဂျီ(၂)၊ ဇောင်းတူ၊ သဖန်းဆိပ်၊ မုန်းချောင်း၊ ပေါင်းလောင်း၊ ရဲနွယ်၊ ခပေါင်း၊ ရွှေလီ(၁)၊ ကျိုင်းတောင်း၊ တီကျစ်တို့ ဖြစ်ကြပါတယ်။

တည်ဆောက်ဆဲ ရေအားလျှပ်စစ်စီမံကိန်းများအနေနဲ့ စုစုပေါင်း (၂၃)ခု ရှိပါတယ်။ တစ်နှစ်တခြားတိုးတက်လာမယ့် လျှပ်စစ်ဓာတ်အား လိုအပ်ချက်ကို အပြည့်အဝဖြည့်ဆည်းပေးနိုင်ရေးမျှော်မှန်းပြီး အကောင်အထည်ဖော် တည်ဆောက်နေခြင်း ဖြစ်ပါတယ်။ အဲဒီစီမံကိန်း (၂၃)ခုအနက် အထက်ပေါင်းလောင်း၊ နန်ချို၊ ရဲရွာ၊ ကွန်းချောင်း၊ ဖြူးချောင်း၊ ရွှေကျင်စတဲ့ စီမံကိန်း (၆)ခုဟာ ၂၀၀၉-၁၀မှာ ပြီးစီးမှာဖြစ်ပါတယ်။ အဲဒီစီမံကိန်း(၆)ခု ပြီးစီးသွားရင် နိုင်ငံတော်ရဲ့ လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို ပြည့်မီလာမှာဖြစ်တယ်လို့ သိရပါတယ်။ ဒါ့အပြင် ၂၀၁၀-၁၁မှာ သောက်ရေခပ် (၂)နဲ့ အမ်းစီမံကိန်းများသည်လည်းကောင်း၊ ၂၀၁၁-၁၂ မှာ သူ့ငွေးရေအားလျှပ်စစ် စီမံကိန်းသည် လည်းကောင်း၊ ၂၀၁၂-၁၃မှာ အထက်ကျိုင်းတောင်း စီမံကိန်းသည် လည်းကောင်း၊ ဆက်လက်ပြီးစီးမှာဖြစ်တဲ့အတွက် အဲဒီကာလတွေရောက်ရင် နိုင်ငံတော်ရဲ့ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုဟာ (၂၉၉၉ဒသမ၅)မဂ္ဂါဝပ်အထိ ရှိလာမှာဖြစ်ပြီး လိုအပ်ချက်ထက်ကျော်လွန် ထုတ်လုပ်နိုင်မှာ ဖြစ်ပါတယ်။ အဲဒီအချိန်ရောက်ရင် အချို့ဒေသတွေမှာ ဒီနေ့ကြုံတွေ့နေရတဲ့ လျှပ်စစ်မီး အခက်အခဲဆိုတာ ဘယ်လိုမှ ရှိနိုင်တော့မှာ မဟုတ်ပါဘူး။

ဒါ့အပြင် ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေးဆိုတဲ့ စီးပွားရေး ဦးတည်ချက်နှင့်အညီ ပြည်တွင်းလျှပ်စစ်ဓာတ်အား လိုအပ်ချက်ကို ပြည့်မီစွာ ထုတ်လုပ်ပေးပြီး တစ်ဖက်ကလည်း အိမ်နီးချင်းနိုင်ငံများကိုပါ တင်ပို့ရောင်းချနိုင်ရေးအတွက် ရွှေလီ(၂)၊ ထမံသီ၊ တာဆန်း၊ ဟတ်ကြီး၊ ဧရာဝတီမြစ်ဆုံ ချီဖွေ၊ ချီဖွေငယ်၊ တာပိန်(၁)၊ တာပိန်(၂)၊ အထက်သံလွင်၊ တနသ်ာရီ၊ ဘီလူးချောင်း(၃)၊ စိုင်တင်ဆိုတဲ့ စီမံကိန်း (၁၃)ခုကို ပြည်ပရင်းနှီးမြှုပ်နှံမှုများနဲ့ ဖက်စပ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။ အဲဒီစီမံကိန်းတွေကနေ မဂ္ဂါဝပ်(၂၁၀၀၀) ကျော် ထွက်ရှိမှာ ဖြစ်ပါတယ်။

ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမယ့်အနာဂတ်စီမံကိန်းများအနေနဲ့ စုစုပေါင်း(၁၃)ခုလျာထားပြီး မဂ္ဂါဝပ်(၁၁၈၅၀) ထပ်မံထုတ်လုပ်နိုင်အောင် ကြိုးပမ်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ သက်ဆိုင်ရာဝန်ကြီးဌာနအနေနဲ့ ကိုယ်တိုင်တည်ဆောက် အကောင်အထည်ဖော် ဆောင်ရွက်တာရှိသလို အခြားတစ်ဖက်ကလည်း ပြည်ပမှအတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်ပြီး Joint Venture(JV) စနစ်၊ Build, Operate and Transfer (BOT)စနစ်တွေနဲ့ ဆောင်ရွက်နေတာတွေ ရှိပါတယ်။ ဒီလိုဆောင်ရွက်ခဲ့ခြင်းကြောင့် မကြာမီမှာ ပြည်တွင်းလိုအပ်ချက် လျှပ်စစ်ဓာတ်အားကို ဖူလုံအောင်ဖြည့်ဆည်းပေးနိုင်မှာဖြစ်တဲ့အပြင် ပိုလျှံတဲ့ လျှပ်စစ်ဓာတ်အားတွေကို အိမ်နီးချင်းနိုင်ငံများဆီ ရောင်းချပြီး နိုင်ငံတော် ဝင်ငွေတိုးပွားလာစေနိုင်မှာ ဖြစ်တယ်လို့ သိရပါတယ်။ တကယ်ကို အားရစရာကောင်းတဲ့ အခြေအနေနဲ့ ကြိုးပမ်းစွမ်းဆောင် အောင်မြင်မှုတွေပါပဲ။

မန္တလေးတိုင်းအတွင်းက အကြီးစားစက်ရုံစီမံကိန်းတွေကို ပြန်ကြည့်မယ်ဆိုရင် မူလက ကင်းတားရေအားလျှပ်စစ်စက်ရုံသာ ရှိခဲ့ရာကနေ ၁၉၈၈ နောက်ပိုင်းမှာ ဆည်တော်ကြီးစက်ရုံ (၂၅မဂ္ဂါဝပ်)၊ ပေါင်းလောင်းစက်ရုံ (မဂ္ဂါဝပ် ၂၈၀)တို့ကို တိုးတက်တည်ဆောက်ပေးနိုင်ခဲ့ပါတယ်။ ဆက်လက်ပြီး ရဲရွာရေအားလျှပ်စစ်စီမံကိန်း(မဂ္ဂါဝပ်၇၉၀)၊ အထက်ပေါင်းလောင်းရေအားလျှပ်စစ်စီမံကိန်း (မဂ္ဂါဝပ် ၁၄၀)နဲ့ နန်ချို ရေအားလျှပ်စစ်စီမံကိန်း (မဂ္ဂါဝပ် ၄၀)တို့ကို တည်ဆောက်ဆဲ ဖြစ်ပါတယ်။ အဲဒီစီမံကိန်းများကနေ မဂ္ဂါဝပ်စုစုပေါင်း(၉၇၀) ထုတ်လုပ်ရရှိမှာ ဖြစ်ပါတယ်။ ၁၉၈၈ခုနှစ်က မန္တလေးတိုင်းရဲ့ ဓာတ်အားသုံးစွဲနိုင်မှုဟာ ယူနစ်သန်းပေါင်း (၁၈၃ ဒသမ ၅၉) သာရှိခဲ့ရာကနေ ယခုအချိန်မှာ ယူနစ်သန်းပေါင်း (၁၀၅၈ ဒသမ ၆၁၃)အထိ တိုးတက်သုံးစွဲနေခဲ့ပြီဆိုတာကိုလည်း သတိပြုစေလိုပါတယ်။

အဲဒီလို ထုတ်လုပ်ရရှိတဲ့ လျှပ်စစ်ဓာတ်အားများကို ပြည်သူများထံ ဖြန့်ဖြူးပေးနိုင်ဖို့အတွက်လည်း အမှတ်(၂) လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနအနေနဲ့ မဟာဓာတ်အားလိုင်းစီမံကိန်းတွေ၊ ပင်မဓာတ်အားခွဲရုံစီမံကိန်းတွေကို ပြည်နယ်၊ တိုင်းအနှံ့ တည်ဆောက်ဖြန့်ဖြူး ဆောင်ရွက်ပေးလျက်ရှိပါတယ်။ အဲဒီဝန်ကြီးဌာန လက်အောက်မှာပဲ အသေးစားရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံ (၁၈)ရုံရှိပြီး ၃၅၈၅၉ဒသမ၂ ကီလိုဝပ် ထုတ်လုပ်ပေးလျက်ရှိပါတယ်။ မန္တလေးတိုင်းအတွင်း ဓာတ်အားဖြန့်ဖြူးမှုကိုကြည့်ရင် ရွှေလီ-မန်စံ-ရွှေစာရံမဟာဓာတ်အားလိုင်း စီမံကိန်းအပါအဝင် 230 KV မဟာဓာတ်အားလိုင်းစီမံကိန်း(၈)ခု၊ 132 KV မဟာ ဓာတ်အားလိုင်းစီမံကိန်း(၇)ခု၊ 230KV ပင်မဓာတ်အားခွဲရုံ စီမံကိန်း(၇)ခု၊ 132 KV ပင်မဓာတ်အားခွဲရုံစီမံကိန်း(၂)ခုတည်ဆောက်ပြီး ဖြန့်ဖြူးဆောင်ရွက်ပေးလျက်ရှိပါတယ်။ မန္တလေးတိုင်းအတွင်း ၁၉၈၈ခုနှစ် မတိုင်မီက မီးသုံးသူ အိမ်ထောင်စု(၈၁၄၂၁)သာ ရှိခဲ့ရာကနေ ယခုလက်ရှိအခြေအနေမှာ အိမ်ထောင်စု (၃၁၁၆၉၆)အထိ လေးဆနီးပါး တိုးမြင့်လာတာကိုလည်း တွေ့ရှိရပါတယ်။

အခုကျွန်တော်တင်ပြခဲ့တာက လျှပ်စစ်ဓာတ်အားနဲ့ပတ်သက်လို့ အဓိကကျတဲ့ ရေအားလျှပ်စစ်ပိုင်းကိုသာ ထင်သာမြင်သာရှိအောင် ဖော်ပြရှင်းလင်းနေခြင်းဖြစ်ပါတယ်။ ကျန်တဲ့ရေအားလျှပ်စစ်စက်ရုံ အလတ်စား၊ အသေးစား၊ ဒီဇယ်ဆီသုံး ဓာတ်အားပေးစက်ရုံ၊ ဇီဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံ၊ ကျောက်မီးသွေးသုံး ရေနွေးငွေ့ဓာတ်အားပေးစက်ရုံ၊ စွန့်ပစ်အပူသုံးစက်ရုံ၊ ရေနွေးငွေ့သုံးစက်ရုံ စသဖြင့် အသေးစားဌာနပိုင်၊ ပုဂ္ဂလိကပိုင်စက်ရုံတွေကို မဖော်ပြတော့ပါဘူး။ ဘာပဲဖြစ်ဖြစ် နိုင်ငံတော်ရဲ့ လျှပ်စစ်ဓာတ်အား တိုးတက်ထုတ်လုပ်နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ချက်တွေဟာ ထူးထူးခြားခြား အသိအမှတ်ပြုရလောက်အောင်ကို ပြီးပြည့်စုံနေတာ တွေ့ရမှာ ဖြစ်ပါတယ်။ လတ်တလောအခြေအနေမှာ လျှပ်စစ်ဓာတ်အား လောက်ငမှုမရှိသေးတာ မှန်သော်လည်း ရေရှည်အကျိုးစီးပွားကို မျှော်တွေးပြီး တစ်ချိန်တည်း၊ တစ်ပြိုင်တည်းမှာ ဖြန့်ခွဲ အကောင်အထည်ဖော် ဆောင်ရွက်နေတဲ့ လုပ်ငန်းတွေ ဘယ်လောက်များပြားတယ်၊ လုပ်ငန်းပမာဏ ဘယ်လောက်ကြီးမားတယ်ဆိုတာ အလွယ်တကူ လေ့လာသိရှိနိုင်ပါတယ်။ လောလောဆယ် ဖူလုံမှုမရှိသေးပေမယ့် မကြာမီမှာ ဖူလုံတဲ့အဆင့်ကိုကျော်လွန်ပြီး ပိုလျှံလို့ ပြည်ပကိုတောင် ရောင်းချနိုင်တော့မယ့် အခြေအနေကောင်းတွေက အသင့် လမ်းခင်းထားပြီးသား ဖြစ်နေပါပြီ။ ကျွန်တော်တို့က ဒီလမ်းအတိုင်း သက်သောင့်သက်သာနဲ့ ဆက်လျှောက်သွားရုံပါပဲ။ မကြာမီမှာ မီးပျက်တယ်ဆိုတဲ့ ဝေါဟာရတစ်ခုဟာ ကျွန်တော်တို့ နေ့စဉ်သုံးစကားတွေထဲကနေ ပျောက်ကွယ်သွားဖို့ သေချာသလောက်ပါပဲလို့ ဆိုနိုင်ပါတယ်။

အခုကျွန်တော်တင်ပြခဲ့တဲ့ လျှပ်စစ်မီးနဲ့ သောက်သုံးရေရရှိရေးအတွက် နိုင်ငံတော်အပိုင်းက ဆောင်ရွက်ချက်တွေ၊ မန္တလေးတိုင်းနဲ့ မိတ္ထီလာခရိုင်အတွင်း ဆောင်ရွက်ပေးချက်တွေကို လေ့လာကြည့်ရင် ပြည်ဖျက်အုပ်စုတွေ ပြောနေတဲ့ Signature Campaign လုပ်ရပ်ဟာ ပြည်သူကို နားလှည့်ပါးရိုက်လုပ်နေတယ်ဆိုတာ ထင်ရှားလှပါတယ်။ ဟုတ်ဟုတ် မဟုတ်ဟုတ်၊ ရှုတ်ရှုတ် ရှုတ်ရှုတ်ဖြစ်ရင် ပြီးရောဆိုတဲ့ အခြေခံဆန့်ကျင်လိုစိတ်နဲ့ ပြည်သူကို မြှောက်ပင့်သွေးထိုး အသုံးချနေတယ်ဆိုတာ အထူးပြောဖို့မလိုတော့ပါဘူး။ ဒါကိုသွားပြီး နားယောင်ရင်တော့ မယောင်မလည်နဲ့ အချောင်ခံရဖို့ပဲ ရှိပါလိမ့်မယ်။ သူတို့ကတော့ ဒီလိုပဲမြှောက်ပင့်သွေးထိုး တွန်းတင်ပေးပြီး တကယ့်အရေးအကြောင်းဆိုတော့ နောက်ပြန်လှည့်ကြည့်ရင် ပါမလာတော့တာ အားလုံးအသိပါ။ အစပိုင်းမှာတော့ တို့မီးရှို့မီးလုပ်ပြီး တကယ်လည်း အကြီးအကျယ်လောင်ပြီဆိုရော ကိုယ့်အထုပ် ကိုယ်ထမ်းပြီး လွတ်ရာအဝေးကို ဦးအောင်ပြေးတတ်တဲ့ လူစားမျိုးတွေဆိုတာ ပြည်သူကလည်း ကောင်းကောင်းကြီး သဘောပေါက်နေပါပြီ။

ဦးခင်မောင်ကြီးပြောသလို သူတို့ဟာ ၁၉၉၀ရွေးကောက်ပွဲတုန်းကလည်း ပထမပိုင်းမှာ မဝင်ဘူးပြောတယ်။ နောက်ကျမှ ဝင်မယ်ဆိုပြီး ဖြစ်ပြန်တယ်။ နောက်တစ်ခါ အမျိုးသားညီလာခံကြီးမှာလည်း မဝင်ဘူး၊ ဝင်မယ်၊ ဘာလုပ်မယ်၊ ညာလုပ်မယ်ဆိုပြီး နောက်ဆုံးတော့ ညီလာခံမှာပါခဲ့တာပါပဲ။ နောက်ပိုင်းကျမှသာ ဒေါ်စုကြည်ရဲ့ ညွှန်ကြားချက်ကြောင့် အိပ်ရာလိပ်ထမ်းပြီး ညီလာခံက လှည့်ပြန်ခဲ့ကြတာ မဟုတ်လား။ အခုလည်းပဲ ၂၀၁၀ ရွေးကောက်ပွဲမှာ မဝင်ဘူး၊ ဝင်မယ်နဲ့ တကယ့်ကို ရှုပ်နေတာပါပဲ။ ဝင်မယ်ဆိုရင်လည်း ဝင်ကြပါ။ ပြည်သူလူထုရဲ့ တရားသဖြင့် အဆုံးအဖြတ်ကို ကျေကျေနပ်နပ်ကြီးခံယူကြပါ။ ဝင်မလို၊ မဝင်မလိုလုပ်ပြီး ပြည်သူတွေကြားမှာ သို့လော၊ သို့လောနဲ့ စိတ်သေလက်ချမနေရအောင် မလုပ်သင့်ပါဘူး။

သူတို့အနေနဲ့ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲမှာလည်း No-Vote ပြောလိုပြော၊ Vote-No ဆိုလိုဆို တတ်သမျှ မှတ်သမျှ နည်းလမ်းစုံသုံးပြီး ဖွဲ့စည်းပုံအခြေခံဥပဒေကို အတည်မပြုနိုင်အောင် အင်တိုက်အားတိုက် ကြိုးစားဆန့်ကျင်ခဲ့ကြတာ အားလုံးအသိပါ။ သို့သော် သူတို့ရဲ့အဖျက်လုပ်ရပ်က လုံးဝမအောင်မြင်ခဲ့ပါဘူး။ သူတို့ ဘယ်လောက်ပဲကြိုးစား၊ ကြိုးစား ပြည်သူက သူတို့ဘက်ကို မပါခဲ့ပါဘူး။ ဒါကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေကို မကြုံစဖူးထူးခြားလှတဲ့ ထောက်ခံမဲပမာဏနဲ့ အတည်ပြုနိုင်ခဲ့ခြင်း ဖြစ်ပါတယ်။ သူတို့ဖျက်ဖို့ ကြိုးစားပါလျက်နဲ့ မအောင်မြင်ဘဲ ပြည်သူက ပြတ်ပြတ်သားသား ထောက်ခံအတည်ပြုပေးလိုက်တဲ့အခါကျမှ ဒါကိုလက်မခံနိုင်ပါဘူး၊ ဒါကိုပြန်ပြီး Review လုပ်ဖို့လိုပါမယ်။ ဒါမှ အသိအမှတ်ပြုနိုင်ပါမယ် စသဖြင့် သူခိုးကလူဟစ်နေတာတွေကိုလည်း လုံးဝစွန့်လွှတ်သင့်ပါပြီ။ ပွင့်ပွင့်လင်းလင်းပြောရရင် ဒါဟာ ပြည်သူ့သဘောထားကို မလေးစားရာ၊ ပြည်သူရဲ့ Mandate ကိုပစ်ပယ်ရာ ရောက်စေပါတယ်။

တကယ်တော့ ဒီမိုကရေစီစနစ်မှာ ပြည်သူသည် အဆုံးအဖြတ်ပေးသော ပုဂ္ဂိုလ်(Decision Maker)ပါပဲ။ နိုင်ငံရေးပါတီများဟာ ပြည်သူရဲ့ဆန္ဒသဘောထားကို အလေးထားရသလို ပြည်သူရဲ့ အဆုံးအဖြတ်ကိုလည်း ကျေကျေနပ်နပ်ကြီး နာခံကြရပါတယ်။ ဒါကို NLD က လူကြီးတွေလည်း မသိမဟုတ်လောက်ဘူးထင်ပါတယ်။ သို့သော် တည်ဆဲအစိုးရက သည်းခံခွင့်လွှတ် ပေးနေတာတွေကို လိုသည်ထက် အခွင့်အရေးပိုယူပြီး ဆန့်ကျင်စကားတွေ၊ ဆန့်ကျင်တဲ့လုပ်ရပ်တွေ၊ ဆူပူမှုမဖြစ်ဖြစ်အောင် လှုံ့ဆော်တဲ့ လုပ်ရပ်တွေကို ဇွတ်တိုးပြီး လုပ်နေကြတာ ဖြစ်ကောင်းဖြစ်ပါလိမ့်မယ်။ သို့သော် နိုင်ငံနဲ့ ပြည်သူရဲ့ တည်ငြိမ်မှုနဲ့ အေးချမ်းမှုကို ထိခိုက်ပျက်ပြားလောက်သည်အထိ ရှေ့တိုးလာမယ်ဆိုရင်တော့ ထိုက်သင့်တဲ့အရေးယူမှုဆိုတာလည်း ရှိလာနိုင်ပါတယ်။ အဖွဲ့အစည်းတစ်ရပ်ဖြစ်စေ၊ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ဖြစ်စေ ဘယ်သူမှ ဥပဒေရဲ့ အထက်မှာမရှိနိုင်တာကို နားလည်ကြစေချင်ပါတယ်။

နောက်ဆုံးအနေနဲ့ ပြောချင်တာကတော့ ပါတီရဲ့ နိုင်ငံရေးအကျိုးစီးပွား၊ တစ်နည်းအားဖြင့် ကိုယ့်ပါတီအာဏာရရေးအတွက် ဘာ Campaign ညာ Campaign ဆိုပြီး ပြည်သူကိုခုတုံးလုပ် အသုံးချဖို့ကြိုးပမ်းတာတွေကို ရပ်တန်းက ရပ်သင့်ပါပြီ။ တရားဝင်သိက္ခာရှိတဲ့ ပါတီကြီးတစ်ရပ်အနေနဲ့ တစ်ဖက်က မိမိပါတီအကျိုးစီးပွားကို ဥပဒေဘောင်အတွင်းက ဆောင်ရွက်သလို အခြားတစ်ဖက်ကလည်း ပြည်သူရဲ့ ဂုဏ်သိက္ခာ၊ ပြည်သူရဲ့ အဆုံးအဖြတ်၊ ပြည်သူရဲ့ ဆန္ဒသဘောထားကို လေးစားတန်ဖိုးထားသင့်ပါပြီ။ အလိမ်အညာမုသာဝါဒတွေကို လမ်းလိုခင်းပြီး ဆူပူအုံကြွရေးလမ်းကြောင်းပေါ်ကို ဇွတ်အတင်း ဆက်လျှောက်နေမယ်ဆိုရင်တော့ လမ်းမှန်နဲ့ပိုပြီး ဝေးသည်ထက် ဝေးသွားပါလိမ့်မယ်။ အဲ့ဒီလိုမဝေးသေးခင် အသိမှန်၊ အမြင်မှန် ရစေချင်ပါတယ်။ လမ်းမှန်ပေါ်မှာ ဖြောင့်အောင်လျှောက်နိုင်မှသာ ပန်းဝင်နိုင်ဖို့ မျှော်လင့်ချက်ရှိမှာဖြစ်ပါကြောင်း စေတနာစကား ပါးလိုက်ချင်ပါတယ်။ ။

စစ်ကိုင်းတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း ဆိုတဲ့ အပူပိုင်းဒေသ တိုင်း(၃)တိုင်းမှာ ကျေးရွာပေါင်း(၈၀၄၂)ရွာ၊ အခြားပြည်နယ်နှင့်တိုင်းတွေမှာ ကျေးရွာပေါင်း(၁၅၁၈၃)ရွာ စုစုပေါင်း(၂၃၂၂၅) ရွာမှာ သန့်ရှင်းသော သောက်သုံးရေ ရရှိအောင် ဆောင်ရွက်ပေးလျက်ရှိ။

❒ ကျောဖုံးမှ

အမှန်တော့ လူငယ်ဟူသည် နိုးကြားသည်၊ တက်ကြွသည်၊ စူးစမ်းလိုစိတ်ရှိသည်၊ မှန်သည်ထင်လျှင် စွန့်စွန့်စားစား လုပ်ဝံ့သူများဖြစ်၏။ လူငယ်တို့၏ ပင်ကိုသဘာဝပင်၊ သူတို့ကိုဖယောင်းပမာ လိုရာပုံသွင်းနိုင်သကဲ့သို့ ကျောက်ရိုင်းအသွေ့ကို ဖိသွေးနိုင်သည်နှင့်အမျှ တောက်ပြောင်လင်းလက်လာမည့် အဖိုးတန် ကျောက်ကောင်းတစ်စေ့ဖြစ်လာနိုင်သည်။ လူငယ်ဘဝ ဖွံ့ဖြိုးတိုးတက်မှုမှာ မူလပထမ မိဘနှစ်ပါးတို့၏ ဘဝပေးအခြေအနေ ကောင်းမွန်မှုနှင့် နေထိုင်ရာပတ်ဝန်းကျင် အခြေအနေတို့တွင် မူတည်လျက်ရှိ၏။ မှဆိုးနားနီး မုဆိုး၊ တံငါနားနီး တံငါ ပတ်ဝန်းကျင်အခြေအနေအရ အမှားပြုမိသူ လူငယ်တစ်ဦးအဖို့ လူ့အသိုင်း အဝန်းမှ ဖယ်ကြဉ်ခံရပါက တန်ဖိုးရှိသော လူငယ်ဘဝ ဆုံးရှုံးရမည့်အပြင် နိုင်ငံ့သားကောင်းတစ်ဦး လက်လွတ်ဆုံးရှုံးရသည်ပင်။ တန်ဖိုးရှိသော လူငယ်ဘဝ မြင့်မားရေးနှင့် စိတ်ဓာတ်ခွန်အား စွမ်းရည်မြင့်မားရေးအတွက် လူမှုဝန်ထမ်း ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်း ဦးစီးဌာနက ငှက်အော်စမ်း လူငယ်သင်တန်းကျောင်းဖွင့်လှစ်ကာ ပြုစုပျိုးထောင်ပေးလျက်ရှိသည်။

ဤသင်တန်းကျောင်းသည် ရန်ကုန်တိုင်း ကော့မှူးမြို့နယ် ငှက်အော်စမ်းကျေးရွာတွင် တည်ရှိပြီး ၁၉၇၃ခုနှစ် ဇွန်၁၁ရက်နေ့မှ စတင်၍ မိဘမဲ့ဂေဟာအား ငှက်အော်စမ်းလူငယ် သင်တန်းကျောင်းအဖြစ် ဖွင့်လှစ်ခဲ့ရာ ယနေ့ကာလအထိ လူငယ်စုစုပေါင်း ၉၈၉၅ဦး တို့အား နိုင်ငံသားကောင်းများ ဖြစ်လာစေရေးအတွက် လေ့ကျင့်ပျိုးထောင်ပေးခဲ့ပြီး ဖြစ်သည်။

ငှက်အော်စမ်း လူငယ်သင်တန်းကျောင်း ကျောင်းအုပ်ကြီး လက်ထောက်ညွှန်ကြားရေးမှူး ဦးထွန်းဦး က သတင်းအဖွဲ့သို့ ရှင်းပြစဉ်။ (မြန်မာ့အလင်း)

ကာ ရည်မှန်းချက်မြင့်မားသော စိတ်ဓာတ်များက သူတို့၏ဘဝကို နွေးထွေးစွာလွှမ်းခြုံပေးထားနိုင်သည်။

ဤသင်တန်းကျောင်းသို့ ရောက်ရှိလာသော ကလေးသူငယ်များမှ မိဘများ၏ ပဋိပက္ခဖြစ်မှုကြောင့် ဖ၀ရာခိုင်နှုန်း၊ ပတ်ဝန်းကျင် အခြေအနေ ပြုပြင်ပြောင်းလဲမှုကြောင့် ၄၀ရာခိုင်နှုန်းရှိရာ သူတို့အားလုံး အေးမြသော မိဘတို့၏ မေတ္တာရေကြည်စမ်းခန်းကာ သောက်သုံးရနိုး ငံ့လင့်နေသူများ ဖြစ်ကြသည်။

ရည်ရွယ်ချက်

သင်တန်းကျောင်း၏ ရည်ရွယ်ချက်များမှာ-

- ၁၉၉၃ခုနှစ် ကလေးသူငယ်ဥပဒေအရ ပြဋ္ဌာန်းထားသော ကလေးသူငယ်များ၏ အခွင့်အရေးကို ဥပဒေနှင့်အညီ ကလေးများအပြည့်အဝ ခံစားနိုင်ရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်ရန်၊
- ၁၉၉၃ခုနှစ်ကလေးသူငယ် ဥပဒေအရ ပို့အပ်လာသော ကာကွယ်စောင့်ရှောက်ရန် လိုအပ်သော ကလေးသူငယ်(ယောကျ်ားကလေး) များကို ပြုစုစောင့်ရှောက်ရန်၊
- ၁၉၉၃ခုနှစ် ကလေးသူငယ်ဥပဒေအရ ကလေးသူငယ်တရားရုံးမှ ပို့အပ်လာသည့် အကျင့်စာရိတ္တ ပြုပြင်ပေးရန်လိုအပ်သော သက်ငယ်ပြစ်မှုကျူးလွန်သည့် ကလေးငယ်များအား ထိန်းသိမ်းစောင့်ရှောက်ပြီး အကျင့်စာရိတ္တပြုပြင်ပေးရန်၊
- သင်တန်းကျောင်းသို့ ရောက်ရှိလာသော ကလေးသူငယ်များအတွက် သင်တန်းကျောင်းသည် လုံခြုံနွေးထွေးသောနေရာတစ်ခု ဖြစ်စေရေး ကလေးတစ်ဦးချင်းအတွက် သင့်လျော်သော သင်တန်းကျောင်း စောင့်ရှောက်မှုလုပ်ငန်းဆောင်ရွက်ပေးရန်၊
- ကလေးများ၏ ကာယ၊ ဉာဏ၊ စာရိတ္တ ဘက်စုံဖွံ့ဖြိုးရေးအတွက် အတန်းပညာ အသက်မွေးဝမ်းကျောင်း ပညာများ သင်ကြားပေးပြီး နိုင်ငံ့သားကောင်း (Good Citizen) များဖြစ်လာစေရန် လေ့ကျင့်ပြုစုပျိုးထောင်ပေးရန် စသည်တို့ဖြစ်သည်။

ဤမွန်မြတ်သောရည်ရွယ်ချက်များဖြင့် ကောင်းစွာပြုစုစောင့်ရှောက်မှုကြောင့် လူ့ဘောင် အသိုက်အဝန်းမှ ဖယ်ကြဉ်ခံရရှာမည့် လူငယ်ကလေးများဘဝမှသည် နုနယ်လှပသော ပန်းကလေးများသဖွယ် ရှင်သန်ပွင့်ဖူးနေကြသည်ကို မြန်မာ့အလင်းသတင်းအဖွဲ့အနေဖြင့် မျက်မြင်တွေ့ခွင့် ရရှိခဲ့ကြသည်။

အားကစားပြိုင်ပွဲများတွင် ကလေးများ ပျော်ရွှင်စွာ ဆော့ကစားနေကြစဉ်။ (မြန်မာ့အလင်း)

လူမှုဝန်ထမ်းဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးထွန်းဦးက သင်တန်းကျောင်းအုပ်ကြီးအဖြစ် စီမံခန့်ခွဲအုပ်ချုပ်ကာ တာဝန်ထမ်းလျက်ရှိပြီး သတင်းအဖွဲ့သိလိုသမျှကို ရှင်းပြခဲ့သည်။

သင်တန်းကျောင်းအုပ်ကြီးက "ကျွန်တော်တို့မြန်မာနိုင်ငံအနေနဲ့ ၁၅-၈-၁၉၉၁ နေ့မှာ ကုလသမဂ္ဂအဖွဲ့ကြီးရဲ့ ကလေးသူငယ် အခွင့်အရေးများဆိုင်ရာစာချုပ်ရဲ့ အဖွဲ့ဝင်နိုင်ငံဖြစ်လာခဲ့ပါတယ်၊ ဒီလိုအဖွဲ့ဝင်နိုင်ငံဖြစ်လာတော့ ကျွန်တော်တို့နိုင်ငံရဲ့ ကလေးတွေနဲ့ လိုက်လျောညီထွေရှိတဲ့ ကလေးသူငယ်ဆိုင်ရာ ဥပဒေကိုပြဋ္ဌာန်းရပါတယ်၊ ဒီဥပဒေမှာတော့ ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ သဘောတူစာချုပ်မှာပါရှိတဲ့ အခွင့်အရေးတွေရရှိဖို့ အလေးထားပြီး အသက်ရှင်သန်ရန် အခွင့်အရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှု အခွင့်အရေးများရရှိရေး (Survival)၊ စာပေပညာအမျိုးမျိုးကို သင်ကြားနိုင်ခွင့်နှင့် ကလေးသူငယ်၏ ကာယ၊ ဉာဏ၊ စာရိတ္တနှင့် လူမှုရေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုံလောက်သည့် လူနေမှုအဆင့်အတန်းရရှိခွင့် (Development)၊ မိသားစုမရှိသော ကလေးသူငယ်များအား အကြမ်းဖက်မှုမှ ကာကွယ်စောင့်ရှောက်ခြင်း၊ ကလေးသူငယ်များအား ခွဲခြားဆက်ဆံမှု၊ လျစ်လျူရှုမှုနှင့်အလွဲသုံးမှုမှ ကာကွယ်စောင့်ရှောက်ခြင်းများ (Protection)၊ ကလေးသူငယ်သည် မိမိ၏အရေးကိစ္စ အခွင့်အရေးများနှင့် ပတ်သက်ပြီးတော့ မိမိ၏ ထင်မြင်ယူဆချက်များကို ပြောဆိုတင်ပြခွင့်ရှိရေး (Participate) စတဲ့ အချက်တွေနဲ့အညီ ကျွန်တော်တို့ သင်တန်းကျောင်းက ကလေးတွေကို လေ့ကျင့်ပျိုးထောင်ပေးလျက်ရှိပါတယ်"ဟု ရှင်းပြသည်။

လေ့ကျင့်ပျိုးထောင်

သင်တန်းကျောင်းအနေဖြင့် ကလေးသူငယ်ဥပဒေအရ အသက်ခြောက်နှစ်မှ ၁၆နှစ်အတွင်းရှိ လူမှုဝန်ထမ်းဦးစီးဌာနမှ ပို့အပ်သောကလေးများ (အထူးကာကွယ်စောင့်ရှောက်ရန်လိုအပ်သော ကလေးများ)နှင့် ကလေးသူငယ်တရားရုံးမှ ပို့အပ်လာသော ကလေးများကို လက်ခံစောင့်ရှောက်လျက်ရှိရာ လက်ခံစောင့်ရှောက်နိုင်သည့် ဦးရေ ၅၀၀အနက် ၄၄၃ဦး လက်ခံထားရှိကာ ဝန်ထမ်း ၄၅ဦးဖြင့် လေ့ကျင့်ပျိုးထောင်ပေးလျက်ရှိသည်။

ယင်းသို့ လေ့ကျင့်ပျိုးထောင်ပေးရာတွင် တစ်ဦးချင်းလုပ်ငန်း၊ အုပ်စုလိုက်လုပ်ငန်း၊ နှစ်သိမ့် ဆွေးနွေးခြင်း၊ မိဘအုပ်ထိန်းသူများနှင့် ဆက်သွယ်ပေးခြင်းအစီအစဉ်များကို လူမှုဝန်ထမ်း နည်းပညာနှင့် ကလေးစိတ်ပညာဆိုင်ရာ နည်းလမ်းများဖြင့် အသုံးပြုလေ့ကျင့်ပေးမှုကြောင့် ကလေးများတွင် အားငယ်စိတ်၊ သိမ်ငယ်စိတ်များ ပပျောက်နိုင်ရန် စီစဉ်ထားပြီး အနားယူအပန်းဖြေနိုင်ရန် ရုပ်မြင်သံကြားပြသခြင်း၊ ကက်ဆက်ဖွင့်ပေးခြင်း၊ ကလေးများနှင့် သင့်လျော်မည့် နမူနာအတုယူစရာ ဗီဒီယိုဇာတ်လမ်းများ ပြသပေးခြင်းတို့အပြင် အခါအားလျော်စွာ ဘုရားဖူးထွက်ခြင်း၊ လေ့လာရေးခရီးထွက်ခြင်းတို့ဖြင့် ပြင်ပဗဟုသုတများရရှိအောင်လည်း စီမံဆောင်ရွက်ပေးသည်။ ဉာဏ်ရည်ထက်မြက်မှု ရရှိရန်အတွက်လည်း စာပေဖတ်ရှုလေ့လာနိုင်ရန် စာကြည့်တိုက်လည်း ဖွင့်လှစ်ထားပေးသည်။

စိတ်ပိုင်းဆိုင်ရာနှင့်စာရိတ္တပိုင်းဆိုင်ရာ ကိုယ်ကျင့်တရားကောင်းမွန်ရေးအတွက် အကြောင်းအမျိုးမျိုးဖြင့် ဤသင်တန်းကျောင်းသို့ရောက်ရှိလာသော ကလေးသူငယ်များအား ပြုစုလေ့ကျင့်ပေးရသည်မှာ လွယ်ကူလှသည်မဟုတ်၊ လူမှုဝန်ထမ်းစိတ် ပင်ကိုရှိသူများသာ ကိုယ်ကျိုးမဖက်ဆောင်ရွက်ခြင်းက ပဓာနကျလှကြောင်း၊ သင်တန်းကျောင်းအုပ်ကြီးက မြန်မာ့အလင်းသတင်းအဖွဲ့သို့ ပြောပြသည်။

ဝမ်းမြောက်ဖွယ်

ဤသို့ ငံ့လင့်နေသူကလေးများအား သင်တန်းကျောင်းအုပ်ကြီးနှင့်တကွ ဆရာ၊ ဆရာမဝန်ထမ်းများက စာပေပညာတတ်မြောက်ရေး၊ စားဝတ်နေမှု ဖူလုံပြည့်စုံရေးနှင့် ဘဝတက်လမ်းအောင်မြင်ရေးအတွက် မိဘများ၏ အစားထိုး ရင်ခွင်သဖွယ် နွေးထွေးမှုများက ကြည်နူးဝမ်းမြောက်စရာပင်…။

ငှက်အော်စမ်းလူငယ်သင်တန်းကျောင်းအမကတွင် ကျောင်းအုပ်တစ်ဦး၊ မူလတန်းပြဆရာမ သုံးဦး၊ အထွေထွေလုပ်သား တစ်ဦးတို့ဖြင့် သင်ကြားပြသလျက်ရှိရာ-

ဆရာမဒေါ်နော်မြင့်အေးက "ကလေးတွေကို သေသေချာချာစာတတ်စေချင်တယ်၊ လိမ္မာရေးခြားရှိပြီး စာရိတ္တကောင်းတဲ့ နိုင်ငံ့သားကောင်းလေးတွေ ဖြစ်စေချင်တဲ့ ရည်ရွယ်ချက်နဲ့ အခုလိုစေတနာ၊ ဝါသနာတွေနဲ့ အနစ်နာခံပြီး သင်ပြပေးရတာ ပီတိစားပြီး ပျော်စရာကောင်းပါတယ်"ဟု မြန်မာ့အလင်းသတင်းအဖွဲ့ကို အားတက်သရော ပြောပြသည်။

မူလတန်းပညာတတ်မြောက်ပြီးပါက အလယ်တန်း၊ အထက်တန်းပညာကို ငှက်အော်စမ်းကျေးရွာ အထက်တန်းကျောင်းခွဲတွင် ဆက်လက်သင်ကြားပေးကာ ထူးချွန်သော ကလေးများကို ရန်ကုန်မြို့ ကျိုက်ဝိုင်းလူငယ်သင်တန်းကျောင်းသို့ပို့အပ်၍ တက္ကသိုလ်ပညာဘွဲ့ရသည်အထိ လူမှုဝန်ထမ်းဦးစီးဌာန ရန်ပုံငွေမှ ထောက်ပံ့သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

စာပေပညာမသင်ကြားသည့်ကလေးများကိုမူ အသက်မွေးဝမ်းကျောင်း ပညာရပ်အနေဖြင့် မိမိတို့ဝါသနာပါရာ သင်တန်းများဖြင့်သည့် စိုက်ပျိုးမွေးမြူရေးသင်တန်း၊ လက်သမားသင်တန်း၊ ပန်းရန်သင်တန်း၊ ဆံသသင်တန်း၊ ဘက်ထရီတည်ဆောက်ပြုပြင်ရေး သင်တန်းများသို့ တက်ရောက်သင်ကြားစေသည်။

ဤလူငယ်သင်တန်းကျောင်းအကျယ်အဝန်းသည် ၃၆ဒသမ၀၂ဧက အကျယ်အဝန်းရှိရာ အိပ်ဆောင်၊ စာသင်ဆောင်၊ သင်တန်းဆောင်၊ ထမင်းစားဆောင်၊ စုဝေးခန်းမဆောင်၊ နားနေဆောင်စသည်ဖြင့် အဆောင်များသာမက ဟင်းသီးဟင်းရွက်စိုက်ခင်းများလည်း တွေ့မြင်ရပေသည်။

သို့နှင့် မြန်မာ့အလင်းသတင်းအဖွဲ့သည် လက်တွေ့ဆောင်ရွက်နေသည့် သင်တန်းများသို့ ကွင်းဆင်းလေ့လာကြရာ ဆံသသင်တန်းမှ ကျွမ်းကျင်စွာ ဆံပင်ညှပ်ပေးနေသော လူငယ်ကလေးတစ်ဦးအား ….။

"သားနာမည် ဘယ်လိုခေါ်သလဲ"

"တွန်ခေါန်လို့ ခေါ်ပါတယ်"

"ဒီသင်တန်းမှာပျော်ရဲ့လား"

"ပျော်ပါတယ်"

"ဒီသင်တန်းကထွက်သွားရင် ဘာလုပ်မလဲ၊ အပြင်မှာ ကိုယ်တိုင်လုပ်စားလို့ရပြီလား"

"ဟုတ်ကဲ့၊ ဆံပင်ညှပ်တဲ့ပညာနဲ့ အသက်မွေးဝမ်းကျောင်းပြုမှာပါ၊ ပြီးတော့ မိဘတွေကို ပြန်လည်လုပ်ကျွေးပြီး နိုင်ငံ့သားကောင်းတစ်ဦးအနေနဲ့ ရိုးရိုးသားသားနေသွားဖို့ ဆုံးဖြတ်ထားပါတယ်"

မုန်ညင်းစိုက်ခင်းတစ်ခုသို့ ရောက်သောအခါ သတင်းထောက် ဦးသန်းမောင်က ကလေးတစ်ဦးအား….။

"သားနာမည်ဘယ်လိုခေါ်သလဲ"

"အောင်သန်းလို့ခေါ်ပါတယ်"

"ကျောင်းနေလား၊ ဘယ်အတန်းရောက်ပြီလဲ၊ ဘယ်ကျောင်းကလဲ၊ ဘာဖြစ်လို့ ဒီကိုရောက်လာတာလဲ"

"ကျောင်းနေပါတယ်၊ သုံးတန်းပါ၊ လှိုင်သာယာ အမကကျောင်းမှာပါ၊ ဒန်အိုးဒန်ခွက်လိုက်ဝယ်ပြီး ဆိုင်ကိုပြန်သွင်းပါတယ်၊ ကျွန်တော့်ကို ရဲတပ်ဖွဲ့ဝင်တစ်ဦးက ခေါ်ပြီး ဒီကျောင်းကိုပို့လို့ ရောက်လာပါတယ်"

"ဒီမှာဘာတွေလုပ်ရသလဲ"

"ရေလောင်းရတယ်၊ မြက်နုတ်ရတယ်၊ ပေါင်းသင်ရတယ်"

"ဘာပင်တွေစိုက်ထားလဲ၊ စိုက်ပျိုးရေးအတတ်ပညာနဲ့ ကိုယ်တိုင်လုပ်စားနိုင်ပြီမလား"

"ကန်စွန်းစိုက်တယ်၊ ခရမ်းစိုက်တယ်၊ ဘူးစိုက်တယ်၊ စိုက်ပျိုးရေးပညာနဲ့ ကိုယ်တိုင်လဲလုပ်စားတတ်ပါပြီ၊ ပျော်လဲပျော်ပါတယ်"

ပင်ကိုစိတ်ရင်းဖြူစင်လှသော ဤကလေးငယ်သည် မေးသမျှကို ရိုးရိုးသားသားပင် ဖြေသည်၊ သူတစ်ပါးပစ္စည်း အချောင်ရလိုစိတ်ရှိရာမှ ဤသင်တန်းကျောင်းသို့ ရောက်လာသည့်အခါ ယဉ်ကျေးသိမ်မွေ့လာပြီး ရိုးသားမြင့်မြတ်သော စိတ်ထားများလည်းရှိလာသည်။

ဤသို့ပင် သတင်းအဖွဲ့အနေဖြင့် လက်သမားသင်တန်း၊ ပန်းရန်သင်တန်း၊ ဘက်ထရီတည်ဆောက်ပြုပြင်ရေးသင်တန်းများမှ ကလေးများအား အသီးသီးတွေ့ဆုံ မေးမြန်းမှုများ ပြုလုပ်ခဲ့ရာ မြင့်မြတ်သော ကိုယ်ကျင့်တရားများဖြင့် ကိုယ့်အားကိုယ်ကိုးစိတ်ဓာတ်များ ကိန်းအောင်းလာကာ လူကောင်းလေးများအသွင် မြင်တွေ့ရသည်မှာ ကြည်နူးဝမ်းသာစရာပင်…။

ဤလူငယ်သင်တန်းကျောင်းအနေဖြင့် လေ့ကျင့်သင်ကြားမှုများသာမက စိတ်ဓာတ်ရေးရာ မြင့်မားပျော်ရွှင်ရေးနှင့် ကျန်းမာကြံ့ခိုင်ရေးအတွက်လည်း စီမံပေးလျက်ရှိသည်ကို တွေ့ခဲ့ရသည်။

ကျန်းမာကြံ့ခိုင်ရေး

ကျန်းမာကြံ့ခိုင်ရေးအတွက် နံနက်တိုင်း စုပေါင်းကိုယ်လက် ကြံ့ခိုင်ရေး အတွဲ(၁)နှင့်(၂) ဆောင်ရွက်ခြင်း၊ ဘောလုံး၊ ဘော်လီဘော၊ ပိုက်ကျော်ခြင်း ကစားခြင်းနှင့် ဝါသနာအလျောက် နှစ်သက်ရာ ကစားနိုင်ရန် စီစဉ်ထားပြီး အနားယူအပန်းဖြေနိုင်ရန် ...

ငှက်အော်စမ်း လူငယ်သင်တန်းကျောင်းအတွင်း တည်ဆောက်ထားသော မူလတန်းကျောင်း အဆောက်အအုံကို ဤသို့တွေ့ရသည်။ (မြန်မာ့အလင်း)

လူမှုဝန်ထမ်းစိတ်

သို့ဖြစ်ရာ လူမှုဝန်ထမ်းစိတ်ပင်ကိုရှိသူ မျိုးဆက်သစ်များပေါ်ထွက်လာရေးအတွက် ရန်ကုန်တက္ကသိုလ် စိတ်ပညာဌာနနှင့် လူမှုဝန်ထမ်းဦးစီးဌာနတို့ပူးပေါင်းဖွင့်လှစ်သည့် လူမှုရေးလုပ်ငန်းဘွဲ့လွန်ဒီပလိုမာ တစ်နှစ်သင်တန်း (Post Graduate Diploma of Social work)ကိုလည်း ဖွင့်လှစ်ထားကြောင်း သိရှိရသည်။ ဤသင်တန်း၌ မောင်မြင့်မောင်မောင်နှင့် မောင်ဝင်းသီဟတို့လို လူငယ်ကလေးများက ကလေးသူငယ်များနှင့်အတူ တရင်းတနှီးရောနှောနေထိုင်၍ သူတို့၏ အမူအကျင့် ဝေလ့စရိုက်နှင့် စိတ်ပိုင်းဆိုင်ရာအချက်အလက်များကို အသေးစိတ်လေ့လာ သုတေသနပြုကာ ကျမ်းပြုစာတမ်းရေးသားလျက်ရှိသည်မှာ ဂုဏ်ယူချီးကျူးလောက်ပေသည်။

အကြောင်းအမျိုးမျိုးကြောင့် မိဘမရှိတော့သည့် ကလေးသူငယ်များအတွက် ဤသင်တန်းကျောင်းကပင် ဆက်လက်လေ့ကျင့် ထိန်းကျောင်းကာ ဘွဲ့ရပညာတတ်ပြီး လုပ်ငန်းခွင်ဝင်ရောက်နိုင်သည်အထိ ပြုစုပျိုးထောင်ပေးနေကြောင်းလည်းသိရသည်။

ဖော်ကျူး

သတင်းအဖွဲ့အနေဖြင့်သင်တန်းကျောင်းတွင် တိုင်းရင်းသားလူငယ်ကလေးများလည်း တွေ့ရပေရာ သူတို့ချင်းစုပေါင်းနေထိုင်မှု၊ ပျော်ရွှင်စွာစုဝေးဆောင်ရွက်မှုများက ငယ်ရွယ်စဉ်ကလေးဘဝကပင် ပြည်ထောင်စုတိုင်းရင်းသား စည်းလုံးညီညွတ်ရေးအသွင်သဏ္ဌာန်ကို ဖော်ကျူးပြသနေကြသည်။

ငှက်အော်စမ်း လူငယ်သင်တန်းကျောင်းရှိ ကလေးသူငယ်များအား ဆရာဆရာမများက စည်းကမ်းတကျ ကျွေးမွေးကြစဉ်။ (မြန်မာ့အလင်း)

ဤတိုင်းရင်းသားလူငယ်များအတွင်းမှ ရှမ်းတိုင်းရင်းသား ဦးစိုင်းနပ်သည် ၁၉၈၅ခုနှစ်က ရောက်ရှိနေရာ ယခုအခါသင်တန်းကျောင်းမှ လေ့ကျင့်သင်ကြားပေးမှုများဖြင့် မိမိငယ်စဉ်ဘဝမျိုးမဖြစ်စေဘဲ နိုင်ငံ့သားကောင်းလေးတွေ ထွန်းပေါ်လာစေဖို့ လက်ထောက်အဆောင်မှူးဘဝဖြင့် တာဝန်ထမ်းဆောင်နေသလို ကချင်တိုင်းရင်းသား ဦးလမွန်သည်လည်း လုပ်သားအကြပ်အဆင့်ဖြင့် တာဝန်ထမ်းဆောင်လျက်ရှိသည်။

သင်တန်းကျောင်းမှ လေ့ကျင့်ပျိုးထောင်ပေးမှုဖြင့် ဝိဇ္ဇာဘွဲ့ရရှိခဲ့သော ဦးဝဏ္ဏထွန်းသည် လူမှုဝန်ထမ်း အဆင့်(၃)ဖြင့် တာဝန်ထမ်းဆောင်လျက်ရှိပြီး မလေးရှားနိုင်ငံတွင် ကျင်းပခဲ့သည့် အာဆီယံလူငယ်များ တွေ့ဆုံပွဲသို့ နိုင်ငံကိုယ်စားပြု တက်ရောက်ခဲ့သူဖြစ်သည်။

အလုပ်အကျွေးပြု

ဦးဇင်မင်းဦးဆိုလျှင် ဘက်ထရီ ပြုပြင်အားသွင်းလုပ်ငန်း၊ ဓာတ်ပုံရိုက်ကူးသည့် လုပ်ငန်းဖြင့် သင်တန်းကျောင်းရန်ပုံငွေရရှိရေး ကြိုးပမ်းဆောင်ရွက်နေသူဖြစ်သည်။ မောင်မင်းသူ၊ မောင်နိုင်လင်းထက်၊ မောင်နိုင်ဝင်း၊ မောင်စောမောင်၊ မောင်ဇာနည်ဦး၊ မောင်ပိုင်သူတို့မှာ ရွာသာကြီးရှိ စက်မှုလယ်ယာဦးစီးဌာန ထွန်စက်မောင်းသင်တန်းတွင်လည်းကောင်း သင်တန်းတက်ရောက်နေကြပြီး သင်တန်းဆင်းသည့်အခါ စိုက်ပျိုးရေးလုပ်ငန်းဖြင့် နိုင်ငံတော်ကို အလုပ်အကျွေးပြုကြမည့်သူများ ဖြစ်သည်။

တစ်အူထုံ့ဆင်း

ပြည်နယ်၊တိုင်းဒေသအသီးသီးတွင် ဤလူငယ်ကလေးများသည် ပြည်ထောင်စုစိတ်ဓာတ် အပြည့်အဝဖြင့် တစ်အူထုံ့ဆင်း ဆွေမျိုးရင်းချာများအဖြစ် ကျရာတာဝန်များ ထမ်းဆောင်ကြရမည်ဖြစ်ရာ ငှက်အော်စမ်း လူငယ်သင်တန်းကျောင်း၏ နွေးထွေးသော ကျေးဇူးတရားများပင်ဖြစ်သည်။

သို့ဖြစ်ရာ **"ကလေးများအရေးပံ့ပိုးဖို့ လက်တွဲကူညီဆောင်ရွက်စို့"** ဟူသော ဆောင်ပုဒ်နှင့်အညီ လူတိုင်းတွင် တာဝန်ရှိသည်ဟု ခံယူမိသည်။

ငှက်အော်စမ်းမှ လူငယ်ကလေးများသည်…

ပန်းကလေးတွေလိုလှနေ၏…

သင်းရနံ့လည်း မွှေးပါ၏…

ရေလောင်း ပေါင်းသင်ပေးခြင်းဖြင့် ဖွံ့ဖြိုးဝေဆာလာမည့် ပန်းကလေးများအကြောင်း တင်ပြခွင့်ရသော သတင်းသမားတို့၏ ရင်၌ ပီတိအပြုံးတွေ တလှိုင်လှိုင်….။ ။

(မြန်မာ့အလင်း)

20-2 (11).pmd 1 2/20/2009, 2:15 AM

ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအတွက် ရတနာပစ္စည်းများနှင့် ရွှေပြားများ ပူဇော်လှူဒါန်းနိုင်ရန် အသိပေးနှိုးဆော်ခြင်း

ရဟန်းရှင်လူ ပြည်သူများ ဖူးမြော်ကြည်ညိုနိုင်ရန်အတွက် ဉာဏ်တော် ၃၂၅ ပေရှိ **"ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး"**အား နေပြည်တော်၌ တည်ထားပူဇော်လျက်ရှိပါသည်။

၎င်းစေတီတော်မြတ်ကြီးတွင် တင်လှူပူဇော်မည့် စိန်ဖူးတော်၊ ငှက်မြတ်နားတော်တို့အား ဖေဖော်ဝါရီလ ၂၁ရက်နေ့မှစတင်၍ နေပြည်တော် ဥပ္ပါတသန္တိစေတီတော် ကုန်းတော်ရှိ ဓမ္မာရုံ၌ ကိန်းဝပ်ပူဇော်ခံမည်ဖြစ်ပါသည်။

လှူဒါန်းနိုင်

စေတီတော်မြတ်ကြီးအတွက် ရတနာပစ္စည်းများနှင့်ရွှေပြားများအား အောက်ပါအတိုင်း ပါဝင်လှူဒါန်းနိုင်ပါသည်-

(၁)	စိန်ဖူးတော်နှင့် ငှက်မြတ်နားတော်တွင် ထည့်သွင်းပူဇော်ရန် ရတနာပစ္စည်းများ	ကိုယ်တိုင်ကိုယ်ကျ ထည့်သွင်းပူဇော်နိုင်ရန် ပန်းထိမ်အဖွဲ့များ တစ်ပါတည်း ထားရှိပေးမည်။
(၂)	ငှက်ပျောဖူးတော်တွင် ကပ်လှူရန်ရွှေပြား (၁ပေ× ၁ပေ)	၂၉၆၄ ချပ် ၁ ချပ် ကျပ် ၁၆၂၀၀၀၀ နှုန်း
(၃)	ကြာနှင့်ရွဲများတွင် ကပ်လှူရန် ရွှေပါးလွှာ (၁ပေ×၁ပေ)	၄၂၀၈ ချပ် ၁ ချပ် ကျပ် ၅၈၀၀၀၀ နှုန်း

ဆက်သွယ်နိုင်

စိန်ဖူးတော်နှင့် ငှက်မြတ်နားတော်တွင် ရတနာပစ္စည်းများ ထည့်သွင်းပူဇော်လှူဒါန်းလိုသူများသည် ဥပ္ပါတသန္တိစေတီတော်ကုန်းတော်၊ ဓမ္မာရုံရှိ ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီသို့ ဆက်သွယ်၍ ပူဇော်လှူဒါန်းနိုင်ပါသည်။

ရွှေပြားနှင့် ရွှေပါးလွှာများ လှူဒါန်းလိုသူများသည် ဥပ္ပါတသန္တိစေတီတော် ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ အတွင်းရေးမှူး ဖုန်း-၀၆၇-၄၁၄၂၀၅၊ ၄၁၄၂၀၂၊ ၄၁၄၂၀၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ

လူငယ်တွေအနေနဲ့ စာစုံဖတ်ကြဖို့လိုပါတယ်

ဒေါက်တာခင်မောင်ညွန့် [သုတစွယ်စုံ တစ်သက်တာစာပေဆု]

ရာသီဥတုဆိုင်ရာ မှန်ကန်တဲ့ဗဟုသုတရှိဖို့လိုပါတယ်

မောင်ထွန်းလှိုင်(မိုးလေဝသ)

တွေ့ဆုံမေးမြန်းသူ - မောင်မောင်မြင့်ဆွေ ဓာတ်ပုံ-အောင်သန်း(မင်္ဂလာတောင်ညွန့်) စာမျက်နှာဖွဲ့စည်းမှု - ဝင်းချို(မြန်မာ့အလင်း)

ရန်ကုန် ဖေဖော်ဝါရီ ၁၉

မြန်မာ့စာပေ ပညာရှင်များကား လေးစားဖွယ်ဖြစ်သည်။ စာပေကို အပတ်တကုတ် ကြိုးစားအားထုတ်ရင်း ပြည်သူများကို တတ်စွမ်းသမျှ အသိပညာ ဉာဏ်အလင်းကို ပွင့်လင်းစေလျက်ရှိသည်။

ထိုသို့သော စာပေပညာရှင်များကို နှစ်စဉ် စာပေဆုများပေးအပ်ချီးမြှင့်လျက်ရှိရာ စတုတ္ထအကြိမ် သုတစွယ်စုံ စာပေဆုချီးမြှင့်ပွဲအခမ်းအနားကို ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်၌ ဖေဖော်ဝါရီ၁၈ရက် ညနေ၄နာရီကကျင်းပရာ ဆုရစာပေပညာရှင်များနှင့် မြန်မာ့အလင်းက တွေ့ဆုံမေးမြန်းခဲ့သည်။

"သဘာဝဘေးအန္တရာယ်တွေကို ကြိုတင်ပြင်ဆင်မှုအပိုင်းမှာ အားနည်းနေတတ်ကြတယ်"
မောင်ထွန်းလှိုင်(မိုးလေဝသ)

ဒေါက်တာခင်မောင်ညွန့်

သုတစွယ်စုံ တစ်သက်တာစာပေဆု ရရှိခဲ့သည့် စာရေးဆရာ ဒေါက်တာခင်မောင်ညွန့်က "စာပေကို ငယ်စဉ်

"ဒီဆုဟာ စာပေနဲ့ပတ်သက်ပြီး ဒုတိယမြောက်ရရှိခဲ့တဲ့ ဆုပါ"
မှူးသမိန်(စာပဒေသာဆု)

ကတည်းက ဝါသနာပါခဲ့တာပါပဲ၊ ငယ်စဉ်ကျောင်းသားဘဝက နံရံကပ်စာစောင်တွေမှာ ရေးခဲ့တယ်။ နောက်ပိုင်း ၁၉၄၇ ခုနှစ်ကစပြီး စာတွေ အများကြီး ရေးခဲ့တယ်။ အသံလွှင့်တာတွေလည်း နှစ်ပေါင်း ၂၀ရှိခဲ့ပြီး သုတနဲ့ပတ်သက်တဲ့ အကြောင်းအရာတွေကို လုံးချင်းစာအုပ် ၃၈အုပ်နဲ့ ဆောင်းပါး၁၀၀၀ကျော်ရေးသားခဲ့ပြီးပါပြီ။ လူငယ်တွေအနေနဲ့ စာစုံဖတ်ဖို့ လိုပါတယ်၊ စာပေမှရတဲ့ အသိပညာဟာ တကယ့်ကို အဖိုးတန်တာမို့ စာစုံဖတ်ကြဖို့ အကြံပြုလိုပါတယ်" ဟု မြန်မာ့အလင်းသို့ ဖြေကြားသွားသည်။

မောင်ထွန်းလှိုင်(မိုးလေဝသ)

ထို့အပြင် "လာနီညာဆိုတဲ့မိန်းကလေးနှင့် သဘာဝ ဘေးအန္တရာယ်ဆိုင်ရာ ဆောင်းပါးများ"စာအုပ်နှင့် သုတစွယ်စုံ စာပေဆု(သုတသိပ္ပံ)ရရှိခဲ့သည့် မောင်ထွန်းလှိုင်(မိုးလေဝသ)က "စာပေနဲ့ပတ်သက်ပြီး ရရှိခဲ့တဲ့ ပထမဆုံးစာပေဆုပါပဲ။ ဒီစာအုပ်ထဲမှာတော့ မြန်မာနိုင်ငံမှာ ဖြစ်ပွားခဲ့တဲ့ သဘာဝဘေးအန္တရာယ်ဆိုင်ရာ ဆောင်းပါးတွေ၊ ထူးခြားတဲ့ ရာသီဥတုတွေအပြင် မုန်တိုင်းတိုက်ခတ်မှု၊ ရေလွှမ်းမှုနဲ့ မြစ်ရေကြီးခြင်းတွေနဲ့ ပတ်သက်တဲ့ ဆောင်းပါးတွေ ပါရှိပါတယ်။ ဒီဆောင်းပါးတွေထဲမှာ မုန်တိုင်းဒီရေဆိုတဲ့ ဝေါဟာရအသုံးအနှုန်းကို ပြည်သူတွေသိရှိအောင် ဖော်ပြပေးနိုင်ခဲ့ပါတယ်။ မုန်တိုင်းဖြစ်ရင် ဒီအချက်ကို

"မျိုးဆက်သစ် ဘဏ်လုပ်ငန်းလုပ်ကိုင်သူများနဲ့ စီးပွားရေးလုပ်ကိုင်နေသူများကို ရည်ညွှန်းပြီး ရေးခဲ့တာပါ"
မောင်လှသောင်း(ဘဏ်)

သတိပြုရမှာ ဖြစ်ပါတယ်။ သဘာဝဘေးအန္တရာယ်တွေကို ကြိုတင် ပြင်ဆင်မှုအပိုင်းမှာ အားနည်းနေတတ်ကြပါတယ်။ နိုင်ငံတကာမှာလည်း သဘာဝ ဘေးအန္တရာယ် ကြိုတင်ပြင်ဆင်မှုနည်းတာတွေ ရှိနေဆဲပါပဲ။ လူတိုင်းဟာ မှန်ကန်တဲ့ ရာသီဥတုဆိုင်ရာ အသိပညာ ဗဟုသုတတွေရှိဖို့ လိုအပ်ပါတယ်"ဟု မောင်ထွန်းလှိုင် (မိုးလေဝသ)က ရှင်းပြသည်။

ချစ်နိုင်(စိတ်ပညာ)

ဆက်လက်ပြီး "ဘဝတစ်ခု စီမံမှု" အမည်ရှိစာအုပ်နှင့် သုတစွယ်စုံ စာပေဆု (လူငယ်စာပေ)ရရှိခဲ့သည့် ချစ်နိုင်(စိတ်ပညာ)ကလည်း "စာပေနဲ့ပတ်သက်လို့ကတော့ ဒုတိယဆုပါပဲ။ ၁၉၉၆ ခုနှစ်က အမျိုးသားစာပေဆုရရှိခဲ့ပြီး အခု ဒီဆုက ဒုတိယဆုဖြစ်ပါတယ်။ ဒီစာအုပ်က စင်ကာပူမှာ ထင်ရှားတဲ့စာအုပ်ဖြစ်ပြီး စင်ကာပူဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးဝင်းမြင့်က လူငယ်တွေအတွက် ဘာသာ

"လူငယ်တွေအတွက် ရည်ရွယ်ပြီး ရေးခဲ့တဲ့စာအုပ်ပါ"
ချစ်နိုင်(စိတ်ပညာ)လူငယ်စာပေ

ပြန်ဆိုပြီး စာအုပ်ထုတ်ဝေဖို့ ပေးပို့လိုက်တဲ့ စာအုပ်ဖြစ်ပါတယ်။ လူငယ်တွေအနေနဲ့ ဗဟုသုတရှိတဲ့စာပေတွေကို အချိန်ရသမျှ ဖတ်ကြစေလိုပါတယ်။ ဒါမှ အဆီအနှစ်ပြည့်ဝတဲ့ လူငယ်တွေဖြစ်ပြီး အနာဂတ်မှာ အရည်အချင်းနဲ့ ဗဟုသုတပြည့်စုံတဲ့သူတွေ ဖြစ်လာမှာပါ"ဟု မြန်မာ့အလင်းသို့ ပြောပြသွားသည်။

မှူးသမိန်

တစ်ဖန် "ဘဝတစ်ကွေ့ ကြုံတွေ့ရ မှတ်တိုင်များ" စာအုပ်ဖြင့် သုတစွယ်စုံစာပေဆု(စာပဒေသာ)ရရှိခဲ့သည့် စာပေပညာရှင် မှူးသမိန်ကလည်း "ဒီစာအုပ်မှာဆောင်းပါးပေါင်း ၄၀ ခန့် ပါရှိတယ်။ ခရီးသွားအတွေ့အကြုံ ဆောင်းပါးတွေပါပဲ။ ဗဟုသုတဖြစ်စေမယ့် အချက်အလက်တွေ၊ အကြောင်းအရာတွေ ပါဝင်ပါတယ်။ ၂၀၀၆ ခုနှစ်က "ဘုံဘဝ ကြုံတွေ့ရဇာတ်လမ်းများ" စာအုပ်နဲ့ အမျိုးသားစာပေဆု ရရှိခဲ့တဲ့စာအုပ်ရဲ့အဆက်လို့လည်း ပြောရင်ရပါတယ်။ ဒီဆုဟာ စာပေဆုအနေနဲ့ကတော့ ဒုတိယမြောက်ရရှိတဲ့ ဆုဖြစ်ပါတယ်။ လူငယ်တွေကို စာပေကရတဲ့ အသိတွေ ပွားများစေချင်ပါတယ်"ဟု ဖြေကြားသွားသည်။ စာရေးဆရာကြီး မှူးသမိန်သည် လက်ရှိအချိန်၌ မဟေသီမဂ္ဂဇင်း ထုတ်လုပ်သူနှင့် အယ်ဒီတာချုပ်တာဝန်ကို ထမ်းဆောင်လျက်ရှိသည်။

"စာပေကို ငယ်စဉ်ကတည်းက ဝါသနာပါခဲ့တာပါ"
ဒေါက်တာခင်မောင်ညွန့် တစ်သက်တာစာပေဆုရှင်

မောင်ဇေယျာ

ထို့အပြင် "ကမ္ဘာသိမြန်မာများနှင့် ကမ္ဘာသိမြန်မာစာအုပ်များ" စာအုပ်ဖြင့် သုတစွယ်စုံ စာပေဆု(ဝိဇ္ဇာ) ရရှိခဲ့သည့်

"မှန်ကန်တဲ့ ကျန်းမာရေးဗဟုသုတ ရှိဖို့ လိုအပ်ပါတယ်"
အောင်(ဆေး-၁)

မောင်ဇေယျာကလည်း "ဒီစာအုပ်ကို ပြုစုရတာကတော့ မြန်မာ့စာပေ၊ မြန်မာ့ယဉ်ကျေးမှုကို ကမ္ဘာက သိရှိခဲ့တာကို ဖော်ကျူးရေးသားခဲ့တာပါ။ ကမ္ဘာသိ ထင်ရှား လူသိများတဲ့ မြန်မာပုဂ္ဂိုလ်ကျော် ၁၁ဦးနဲ့ အင်္ဂလိပ်ဘာသာသို့ ပြန်ကာ ကမ္ဘာကျော်ခဲ့တဲ့ မြန်မာစာအုပ် ၁၀အုပ် အကြောင်း ရေးခဲ့တာပါ။ ဒေါက်တာတင်အောင်၊ဒေါက်တာဘဟန်၊ဦးလူဖေဝင်း၊ ဗိုလ်မှူးဘရှင်၊ ပါမောက္ခ ဦးဖေမောင်တင်၊ ကျောက်စာဝန် ဦးမြ၊ ဦးစံသာအောင်၊ ဒေါ်မြစိန်၊ ဦးသာမြတ်နဲ့ ဦးဖိုးလတ်တို့ အကြောင်းတွေ ပါဝင်ပါတယ်"ဟု မြန်မာ့အလင်းသို့ ပြောပြသွားသည်။

တစ်ဖန် "ကျန်းမာစေဖွယ် နည်းအသွယ်သွယ်"စာအုပ်ဖြင့် သုတစွယ်စုံ စာပေဆု (အသုံးချသိပ္ပံ)ရရှိခဲ့သူ အောင်(ဆေး-၁) ကလည်း "ကျန်းမာရေးဆိုတာ လူတိုင်းအတွက် အရေးကြီးပါတယ်။

"မြန်မာ့စာပေ၊ မြန်မာ့ယဉ်ကျေးမှုကို ကမ္ဘာက သိခဲ့တယ်ဆိုတာ ဖော်ကျူးထားတာပါ"
မောင်ဇေယျာ(ဝိဇ္ဇာ-စာပေဆု)

မှန်ကန်တဲ့ ကျန်းမာရေး ဗဟုသုတရှိဖို့လည်း လိုအပ်ပါတယ်။ ဒါကြောင့် ဒီဆောင်းပါးတွေရေးဖြစ်ခဲ့တာပါ။ ဒီဆုဟာ ကျွန်တော့်အတွက် ဒုတိယမြောက်စာပေဆု ဖြစ်ပါတယ်"ဟု ဆေးတက္ကသိုလ်(၂) ရန်ကုန်ဒုတိယပါမောက္ခချုပ်ဦးအောင်ကြီး (အောင်-ဆေး-၁)က ရှင်းပြသည်။

ထို့အတူ "ဘဏ်လုပ်ငန်းနှင့်ဘဏ္ဍာရေးဆိုင်ရာဝေါဟာရအဘိဓာန်" စာအုပ်ဖြင့် သုတစွယ်စုံစာပေဆု(ရည်ညွှန်းစာပေ)ရရှိခဲ့သူ မောင်လှသောင်း(ဘဏ်)ကလည်း "မျိုးဆက်သစ်ဘဏ်လုပ်ငန်းလုပ်ကိုင်သူများနဲ့ စီးပွားရေးလုပ်ကိုင်နေသူများကို ရည်ညွှန်းပြီး ရေးခဲ့တာပါ။ ကျွန်တော့်ဘဝအတွက် ပထမဆုံး စာပေဆုပါပဲ"ဟု ဖြေကြားသွားသည်။

စတုတ္ထအကြိမ် သုတစွယ်စုံစာပေဆုရရှိသူများ အောင်မြင်မှု ပီတိအပြုံးနှင့် ရင်ထဲမှစကားလုံးများကို တွေ့ဆုံမေးမြန်းရေးသားလိုက်ရပါကြောင်း။ ။

(မြန်မာ့အလင်း)

မင်္ဂလာဧည့်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့နေ ဦးလှသန်း ဒုတိယအထွေထွေမန်နေဂျာ (အင်ဂျင်နီယာ) မြန်မာ့သစ်လုပ်ငန်း(ရုံးချုပ်)-ဒေါ်အေးအေးချွန်တို့၏သားကြီး

မောင်သန့်စင်ဦး

B.A (Law), Dip. Computer Engineering

နှင့်

နေပြည်တော်နေ ဒုတိယဗိုလ်မှူးကြီးဘုန်းမြင့်(ငြိမ်း) ဒုတိယညွှန်ကြားရေးမှူးချုပ် ရေအားလျှပ်စစ်စီမံရေးဦးစီးဌာန-ဒေါ်ခင်မွေး တို့၏ သမီးကြီး

ဒေါက်တာထာနီဘုန်းမြင့်

B.E, M.E, PGD(IT)

တွဲဖက်ပါမောက္ခ၊ ဒြပ်ပစ္စည်းသိပ္ပံနှင့် ဒြပ်ပစ္စည်းအင်ဂျင်နီယာသုတေသနဦးစီးဌာန

တို့၏ ၁၉-၂-၂၀၀၉ ရက် (ကြာသပတေးနေ့)တွင် မင်းကွန်းတိပိဋကရွှေရတု မင်္ဂလာခန်းမ၌ကျင်းပသော မင်္ဂလာဧည့်ခံပွဲသို့ ကိုယ်တိုင်ကြွရောက်ချီးမြှင့်ပေးကြပါသော စစ်ဘက်နယ်ဘက်မှ အရာရှိကြီးများနှင့်ဇနီးများ၊ ဂုဏ်သရေရှိ ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ မင်္ဂလာလက်ဆောင်များ ပေးပို့ ချီးမြှင့်ကြပါသော စစ်ဘက်နယ်ဘက်မှ အရာရှိကြီးများနှင့်ဇနီးများ၊ ဂုဏ်သရေရှိ ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ မင်္ဂလာအခမ်းအနား အောင်မြင်စွာ ကျင်းပနိုင်ရေး အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြသော ဆွေမျိုးမိတ်သင်္ဂဟများနှင့် ကျေးဇူးတင်ထိုက်သူအားလုံးတို့အားလည်းကောင်း လှိုက်လှဲစွာကျေးဇူးဥပကာရ အထူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် မောင်သန့်စင်ဦး-ဒေါက်တာထာနီဘုန်းမြင့်။

အသုံးမလို ပိုလျှံစာတ်ငွေ့အိုးဟောင်းများအား ဈေးပြိုင်အိတ်ပိတ်စနစ်ဖြင့် ရောင်းချရန်လျှောက်လွှာခေါ်ယူခြင်း

၁။ အမှတ်(၁)ဓာတ်ငွေ့စက်ရုံ၊ မြန်မာ့စက္ကူနှင့်ဓာတုဗေဒလုပ်ငန်းမှ အသုံးမလို ပိုလျှံဓာတ်ငွေ့အိုးခွံဟောင်းများအား ဈေးပြိုင်အိတ်ပိတ်စနစ်ဖြင့် ရောင်းချမည် ဖြစ်ပါသည်-

၂။	ရောင်းချမည့်ပစ္စည်း	-(က) အောက်ဆီဂျင်အိုးဟောင်း ၈၀၀ လုံး (အရွယ်အစားမျိုးစုံ)
		(ခ) အစက်တလင်းအိုးဟောင်း ၁၃၀၈ လုံး (၁၀၀ကုဗပေနှင့် ၂၀၀ကုဗပေ)
၃။	ဈေးနှုန်းတင်သွင်းလွှာ စည်းကမ်းနှင့်လျှောက်လွှာ ပုံစံရောင်းချမည့်နေရာ	-အမှတ်(၁)ဓာတ်ငွေ့စက်ရုံ၊ အမှတ်(၅) သန်လျက်စွန်းလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
၄။	တင်သွင်းရမည့် နေ့ရက်နှင့်အချိန်	-၂၃-၂-၂၀၀၉ရက် နံနက်(၀၉း၃၀)မှ(၁၄း၀၀)အထိ
၅။	ဖွင့်မည့်နေ့ရက်နှင့်အချိန်	-၂၅-၂-၂၀၀၉ရက် (၁၃း၃၀)



မင်္ဂလာဧည့်ခံပွဲ ကျေးဇူးတင်လွှာ

ရန်ကုန်မြို့နေ ဦးကျော်ကျော်-ဒေါ်ဝင်းယုယုပို တို့၏ တစ်ဦးတည်းသောသား

မောင်ကျော်အုပ်စိုး

နှင့်

ရန်ကုန်မြို့နေ ဦးကျော်သူ-ဒေါ်စန်းယုတို့၏သမီး

မဟေမာန်ကျော်သူ

တို့၏ ၁၄-၂-၂၀၀၉ရက် (စနေနေ့)တွင် မြရိပ်ညိုဟိုတယ်၌ ကျင်းပပြုလုပ်သော မင်္ဂလာဧည့်ခံပွဲတွင် မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာလက်စွပ် ဆင်မြန်းပေးပါသော စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီနှင့် ဇနီး ဒေါ်ခင်မာအေးအား လည်းကောင်း၊ ၂၄-၁၂-၂၀၀၈ရက်၌ တရားရုံးချုပ်တွင် မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပေးပါသော ရန်ကုန်တိုင်းတရားရုံး တွဲဖက်တိုင်းတရားသူကြီး ဒေါ်စိုးစိုးအောင်အားလည်းကောင်း၊ ကြွရောက်ချီးမြှင့်ကြပါသော ဂုဏ်သရေရှိ လူကြီးမင်းများနှင့် ဆွေမျိုးမိတ်သင်္ဂဟများ၊ အခမ်းအနားမှူး ဦးသိန်းလှမော်၊ မင်္ဂလာအခါတော်ပေး သီဆိုပေးပါသော တေးသံရှင် ဟေမာနေဝင်း၊ မင်္ဂလာတေးသံသာများဖြင့် တီးခတ်ဖျော်ဖြေပေးပါသော First Music Agency မှ စန္ဒရားသိန်းမြင့်သန်းနှင့် တေးသံရှင်များ၊ မိတ်ကပ်အလှပြင် အောင်အောင်(တောင်ကြီး)၊ ဝတ်စုံ ကိုမြင့်စိုး(ဗိုလ်ချုပ်ဈေး)၊ Silk & Style၊ မင်္ဂလာမှတ်တမ်းတင် ဓာတ်ပုံဗီဒီယို စိုင်းဘုန်းထူးအဖွဲ့၊ မင်္ဂလာပန်းခြင်း ကိုင်ဆောင်ပေးပါသော မကျော်ဝတီမင်းဇင်၊ မင်္ဂလာပန်းကြဲပေးပါသော မရွှေယမင်းဇော်၊ မင်္ဂလာလက်စွပ်နှင့် မင်္ဂလာပန်းကုံးဗန်း ကိုင်ဆောင်ပေးပါသော မစောသီရိသူ၊ သတို့သားအရံ မောင်ကျော်စိုးဟန်၊ သတို့သမီးအရံ မမေသူထွန်း၊ လူကိုယ်တိုင် မကြွရောက်နိုင်သော်လည်း မင်္ဂလာလက်ဆောင်မွန်များ ပေးပို့ချီးမြှင့်ကြပါသော ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများ၊ မင်္ဂလာပွဲဖြစ်မြောက်ရေးအတွက် ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးကြပါသော ဆွေမျိုးမိတ်သင်္ဂဟများ၊ ပန်းစီစဉ်ပေးပါသော ဦးအောင်ဝင်း-ဒေါ်ဘုတ်၊ ပန်းအလှပြင် ခင်မောင်ဝင်းနှင့်အဖွဲ့၊ ကျေးဇူးတင်ထိုက်သူများအားလုံးအား ကျေးဇူးတင်ရှိပါကြောင်း မင်္ဂလာဧည့်ခံပွဲတွင် လိုအပ်ချက်များရှိပါက ခွင့်လွှတ်ပေးပါရန် တောင်းပန်အပ်ပါသည်။

နှစ်ဖက်သောမိဘများနှင့်
မောင်ကျော်အုပ်စိုး-မဟေမာန်ကျော်သူ။

မင်္ဂလာဦးဆွမ်းကျွေးအလှူ ကျေးဇူးတင်လွှာ

၁၅-၂-၂၀၀၉ရက် (တနင်္ဂနွေနေ့) တွင် တောင်ပုလုကျောင်းတိုက်၌ ကျင်းပပြုလုပ်သော မင်္ဂလာဦးဆွမ်းကျွေးအလှူတွင် မေတ္တာဖြင့် ဆောင်ရွက်စီမံပေးသော (ကျောင်းဒါယကာကြီး) ဦးစိန်ဝင်း-(ကျောင်းဒါယိကာမကြီး)ဒေါ်မြင့်မြင့်ရီ(ရွှေရီဝင်းကုမ္ပဏီ)နှင့် ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးသူများအားလုံးအား အထူးကျေးဇူးတင်ရှိပါသည်။

မောင်ကျော်အုပ်စိုး-မဟေမာန်ကျော်သူ။

ကျေးဇူးဆပ်ပါမည်

ကျွန်မ မတင်နွယ်ဦး၏ နိုင်ငံကူး လက်မှတ် အမှတ် ၇၆၁၉၂၁ သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါ၍ တွေ့ရှိက အကြောင်းကြားပေး ပါရန်။ **ဖုန်း-၇၀၆၀၃၇ ၀၉-၅၀-၆၆၁၂၀**

ကျေးဇူးဆပ်ပါမည်

ယာဉ်အမှတ် ၃၈/၅၀၁၂၏ လိုင်စင်စာအုပ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါ ရန်။ **ဦးနိုင် ဖုန်း-၀၉-၅၁-၆၄၀၇၉၊ ၀၉-၉၉-၇၁၃၃၇။**

ဖခင်အမည်မှန်

အထက(၂)တာမွေ Grade (10) (C) မှ မောင်ဇော်ဇော်လင်း၏ ဖခင်အမည်မှန်မှာဦးဖိုးကြွယ်၁၁/တကန (နိုင်)၀၄၀၉၆၈ ဖြစ်ပါကြောင်း။ **ဦးဖိုးကြွယ်။**

စာအုပ်စာပေ လူ့မိတ်ဆွေ

ထိမ်းမြားလက်ထပ်ပြီးစီးခြင်း

တောင်ငူမြို့၊ ဗိုလ်မှူးဖိုးကွန်းလမ်းနေ ဒေါက်တာကျော်ညွန့်စိန် (ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ကျန်းမာရေးဦးစီးဌာန)-ဒေါ်သန်းသန်းအေး တို့၏သားကြီး

မောင်ကျော်ဇေ(ကစ်ကစ်)

B.B.A (Strategic Management)
International University of America, London, U.K

နှင့်

ရန်ကုန်မြို့၊ အမှတ် (၁၄)၊ ဓမ္မစိန္တာလမ်း၊ ကျားကွက်သစ်ရပ်ကွက်နေ ဦးသန်းလွင်(လ/ထ သတ္တုဗေဒ အင်/ယာ ငြိမ်း)-ဒေါ်သန်းဝင်း တို့၏ တစ်ဦးတည်းသောသမီး

မချောသီရိလွင်(ချောချော)

A.G.T.I(E.C)
English(Final Year)
B.Sc(Dietetics)
City University of New York, U.S.A

တို့သည် ၁၈-၂-၂၀၀၉ရက်တွင် American နိုင်ငံ New York မြို့၌ နှစ်ဖက် မိဘတို့၏ သဘောတူခွင့်ပြုချက်အရ လက်ထပ်ပြီးစီးပါကြောင်း။

နှစ်ဖက်သော မိဘများနှင့်
မောင်ကျော်ဇေ-မချောသီရိလွင်။

တိုက်ကြီးမြို့နယ် ဥက္ကံမြို့ ဘုရားကြီးလမ်း ကတ္တရာလမ်းသစ်ဖွင့်

ရန်ကုန် ဖေဖော်ဝါရီ ၁၉

၂၀၀၉ခုနှစ် (၆၂)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသော အားဖြင့် ရန်ကုန်တိုင်း တိုက်ကြီးမြို့နယ် စည်ပင်သာယာရေး အဖွဲ့က ဆောင်ရွက်ပြီးစီးသွားသော ဥက္ကံမြို့ ဘုရားကြီးလမ်း ကတ္တရာလမ်းသစ် ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၁ရက်က အဆိုပါလမ်းရှိ မုခ်ဦး၌ ကျင်းပရာ ရှေးဦးစွာ တိုက်ကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ သူရဦးမြင့်သူက လမ်းနှင့် စပ်လျဉ်းသည်များကို ရှင်းလင်းတင်ပြပြီး ဒေသခံပြည်သူများကိုယ်စား အနော်ရထာရပ်ကွက်မှ ဦးမြင့်အောင်က ကတ္တရာလမ်းသစ် ဖြစ်မြောက်အောင် ဆောင်ရွက်ပေးခဲ့မှုအပေါ် ကျေးဇူးတင်စကား ပြောကြားသည်။

ကြည့်ရှု စစ်ဆေး

ဆက်လက်၍နယ်မြေခံတပ်နယ်မှူး ဗိုလ်မှူးကြီးအောင်သီဟနှင့် ရန်ကုန်တိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်ကျော်ငြိမ် တို့က ဘုရားကြီးလမ်း ကတ္တရာလမ်းသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး ကတ္တရာလမ်းသစ်ကို ကြည့်ရှုစစ်ဆေးကြသည်။

အဆိုပါ ကတ္တရာလမ်းသစ်သည် အရှည်ပေ ၉၈၀၊ အကျယ် ၁၂ ပေ ရှိပြီး ယင်းလမ်းဆောင်ရွက်ပေးမှုကြောင့် ရပ်ကွက်နေ ပြည်သူများ သွားလာရေးလွယ်ကူအဆင်ပြေလျက် ရှိကြောင်း သိရသည်။

မှာကြား

ယင်းနောက်ရန်ကုန်တိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်ကျော်ငြိမ်သည် အမှတ်(၁) ခရိုင်ချင်းဆက်လမ်း တိုက်ကြီးမြို့နယ်အပိုင်း မိုင်တိုင်(၄၅/၀)ဥက္ကံချောင်းကူးတံတားမှ (၂၁/၃) မိုင်အထိ မိုးတွင်းကာလ ပျက်စီးသွားသော ကျောက်ချောလမ်းအား ပြန်လည်ပြုပြင်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(အပေါ်ပုံ)**

(သတင်းစဉ်)

အထက(၄)သင်္ဃန်းကျွန်း မြတ်ဆရာပူဇော်ပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၁၉

အထက(၄) (ယခင် အလက-၁) သင်္ဃန်းကျွန်းတွင် ၁၉၈၅ မှ ၂၀၀၈ အထိ ပညာသင်ပေးခဲ့ကြသော အသက်(၆၀)ပြည့် အငြိမ်းစား ဆရာ ဆရာမကြီးများအား စတုတ္ထ အကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို မတ်လ ၂၂ရက် နံနက် ၁၀နာရီတွင် အဆိုပါကျောင်း၌ ကျင်းပမည်ဖြစ်သည်။

ဆက်သွယ်လှူဒါန်း

သီးခြားဖိတ်စာ ပေးပို့ခြင်းမရှိပါ၍ အဝေးရောက် ဆရာ ဆရာမကြီး များ ကျောင်းသား ကျောင်းသူဟောင်းများ တက်ရောက်ကြရန်နှင့် အလှူငွေများကို ဦးလှကြည်(ကျောင်းအုပ်ဆရာကြီး) ဖုန်း-၅၇၇၉၀၈၊ ဦးအောင်မြင့်သူ ဖုန်း-၅၇၂၃၉၃၊ ဦးစိုးသူ ဖုန်း-၀၉-၅၀-၇၈၈၅၈၊ ဦးလမင်းထွန်း ဖုန်း-၀၉-၅၁-၀၉၉၄၁၊ဦးသာနိုးသိန်း ဖုန်း-၅၇၀၄၀၃၊ ဒေါ်ရူပါခင် ဖုန်း-၀၉-၅၁-၆၄၈၂၆၊ ဒေါ်ခင်မာညို ဖုန်း-၀၉-၅၀-၁၂၆၇၂ တို့သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ကျွန်းလှမြို့ သာယာလှပရေးဆောင်ရွက်

ရန်ကုန် ဖေဖော်ဝါရီ ၁၉

စစ်ကိုင်းတိုင်း ကျွန်းလှမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် မြို့ သန့်ရှင်း သာယာလှပရေးလုပ်ငန်း များကို ဆောင်ရွက်လျက်ရှိရာ မြို့ဝင်ဆိုင်းဘုတ်ရှေ့ မြေယာရှုခင်း မွမ်းမံပြင်ဆင်ခြင်း၊ မြို့တွင်းလမ်းများ ဝဲယာတစ်လျှောက် ချိုင့်ခွက်များ ဖို့ခြင်း၊ ရေနုတ်မြောင်းများဖော်ခြင်း၊ သန့်ရှင်းရေး ပြုလုပ်ခြင်းနှင့် အိမ်ခြံစည်းရိုးများ ထုံးသုတ်ခြင်းတို့ကို စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ၊ ဌာနဆိုင်ရာ၊ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီများနှင့် ပြည်သူလူထုများ ပူးပေါင်းဆောင်ရွက်ကြရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးအေးနိုင်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကျော်ကျော်တို့က ကြပ်မတ်ပေးခဲ့ကြသည်။

(မြို့နယ် စည်ပင်)

မီး အစဉ် သတိပြု

လုံခြုံရေးနှင့် မီးဘေးကြိုတင်ကာကွယ်ရေး သင်တန်းဖွင့်

ရန်ကုန် ဖေဖော်ဝါရီ ၁၉

ရန်ကုန်တိုင်း ရဲတပ်ဖွဲ့မှူး၏ ဦးဆောင်မှု၊ အနောက်ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူး၏ ကြီးကြပ်မှုဖြင့် မရမ်းကုန်းမြို့နယ် ရဲတပ်ဖွဲ့မှ စီစဉ်ဖွင့်လှစ်သည့် လုံခြုံရေးနှင့် မီးဘေးကြိုတင်ကာကွယ်ရေး(အရပ်သား)သင်တန်း အမှတ်စဉ်(၁/၂၀၀၉) ဖွင့်ပွဲ အခမ်းအနားကို မရမ်းကုန်းမြို့နယ်ရှိ Junction (8) Shopping Center ၌ ကျင်းပရာ အနောက်ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးအောင်ခိုင်ဦး၊ မရမ်းကုန်းမြို့နယ် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးတင်ဝင်းနှင့် ဒုမြို့နယ်ရဲတပ်ဖွဲ့မှူး၊ စခန်းမှူး၊ မြို့နယ်မီးသတ်ဦးစီးမှူးဦးစိုးနိုင်၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးစန်းအောင်၊ Junction (8) Shopping Center မှ တာဝန်ရှိသူများနှင့် လုံခြုံရေးဝန်ထမ်းများ တက်ရောက်ကြသည်။ **(အပေါ်ပုံ) (ရဲတပ်ဖွဲ့)**

ရန်ကုန်ဂေါက်အသင်း၌ တစ်ချက်တည်းကျင်းဝင်

ရန်ကုန် ဖေဖော်ဝါရီ ၁၉

ရန်ကုန်ဂေါက်အသင်း(တညင်းကုန်း)၌ ဦးခင်ဟန်(အောင်ရတနာပွဲရုံ)သည် ဖေဖော်ဝါရီ ၁၅ရက် ညနေ ၅နာရီတွင် ကစားဖော်များဖြစ်သော ဦးဇော်ဝင်း(ယာဉ်ထိန်း-ငြိမ်း)၊ ဦးဇော်မင်း၊ ဦးမောင်မောင်မြင့်၊ ဦးလှဦးတို့နှင့် အတူ ဂေါက်သီးရိုက်ကစားစဉ် ကျင်းအမှတ်(၄) ကိုက် ၁၆၀ အကွာ၌ Titleist (5) ဘောလုံးကို Honma LBA 280 No.(7) တုတ်ဖြင့်ရိုက်လိုက်ရာ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားခဲ့ကြောင်း သိရသည်။ **(ရန်ကုန်ဂေါက်အသင်း)**

စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲ ဆုရသူများဆုချီးမြှင့်ပွဲ တောင်ငူတွင်ကျင်းပ

တောင်ငူ ဇန်နဝါရီ ၃၀

တောင်ငူမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပညာရေးဌာနတို့ ပူးပေါင်း၍ စာစီစာကုံးနှင့် ကဗျာဆုပေးပွဲ အခမ်းအနားကို တောင်ငူမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လွှတ်လပ်ရေးပြခန်း၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့တောင်ငူခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးအရာရှိ ဒေါ်ဝင်းဝင်းမော်၊ မြို့နယ်ဦးစီးမှူးဦးကျော်စိုးလင်း၊ မြို့နယ်လက်ထောက်ပညာရေးမှူး ဦးအောင်မောင်း၊ ဆရာဆရာမများ၊ ကျောင်းသားကျောင်းသူများနှင့် ကျောင်းသားမိဘများ တက်ရောက်ကြသည်။

ဆုပေးအပ်

ထို့နောက် ဆုရရှိသူများအား ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိနှင့် မြို့နယ်လက်ထောက်ပညာရေးမှူးတို့က ဆုများပေးအပ်ချီးမြှင့်ကြကြောင်း သိရသည်။ **(အပေါ်ပုံ)**

(ခရိုင် ပြန်/ဆက်)

နွေစပါးစိုက်ခင်းအတွင်း ဓာတ်မြေသြဇာ စုပေါင်းကြဲပက်

မိုးညှင်း ဖေဖော်ဝါရီ ၁၄

မိုးညှင်းမြို့နယ် ဝင်လုံကျေးရွာအုပ်စု ကွင်းအမှတ်၃၅၂တွင်စိုက်ပျိုးပြီး အောင်မြင်ဖြစ်ထွန်းနေသော နွေစပါးဧက ၅၀ စုပေါင်း ဓာတ်မြေသြဇာ ကြဲပက်ပွဲကို ဇန်နဝါရီ ၃၁ ရက်ကကျင်းပရာ မိုးညှင်းမြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးဇော်မင်းဟန်၊ မိုးညှင်းခရိုင် စိုက်ပျိုးရေး မန်နေဂျာဦးအောင်မြင့်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြီးကြပ်ပြီး လိုအပ်သည်များ ကူညီဆောင်ရွက်ပေးကြသည်။

အဆိုပါ နွေစပါးစိုက်ခင်းတွင် IR (၇၄၇)အမျိုးအစား ရက် ၁၀၀ စပါးများကို စိုက်ပျိုးထားရှိပြီး တောင်သူ ၁၇ ဦးတို့က နွေစပါး စိုက်ဧက ၅၀ကို ပုလဲဓာတ်မြေသြဇာကြဲပက်ကြသည်။

(မြို့နယ် ပြန်/ဆက်)

စစ်ကိုင်းတိုင်း၊ခရိုင်နှင့်မြို့နယ် ဥပဒေအရာရှိများ လုပ်ငန်းညှိနှိုင်းအစည်းအဝေး မုံရွာတွင် ကျင်းပ

မုံရွာ ဖေဖော်ဝါရီ ၁၂

စစ်ကိုင်းတိုင်းဥပဒေအရာရှိနှင့် တိုင်း၊ခရိုင်၊မြို့နယ် ဥပဒေအရာရှိများ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ဇန်နဝါရီ ၂၇ရက် နံနက်၉နာရီက စစ်ကိုင်းတိုင်း ဥပဒေရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ အခမ်းအနားသို့ စစ်ကိုင်းတိုင်း ဥပဒေအရာရှိ ဦးမောင်မောင်လင်း၊ ဒုတိယ တိုင်းဥပဒေအရာရှိ ဦးသန်းလှိုင်နှင့် တိုင်းအတွင်းရှိ ခရိုင်၊ မြို့နယ် ဥပဒေအရာရှိများ တက်ရောက်ကြသည်။

တင်ပြ

ရှေးဦးစွာ စစ်ကိုင်းတိုင်း ဥပဒေအရာရှိ ဦးမောင်မောင်လင်းက အဖွင့်အမှာစကား ပြောကြားပြီး **(အပေါ်ပုံ)**ခရိုင်နှင့် မြို့နယ်ဥပဒေအရာရှိများက တစ်ဦးချင်း မိတ်ဆက်ကြကာ လုပ်ငန်းဆိုင်ရာ အစီရင်ခံစာများကို တင်ပြကြသည်။

ရှင်းလင်းဆွေးနွေး

ဆက်လက်၍ ရွှေဘိုခရိုင် ဥပဒေအရာရှိ ဦးအောင်ရွှေက လုပ်ငန်းအတွေ့အကြုံများ ရှင်းလင်းတင်ပြပြီး စစ်ကိုင်းတိုင်း ဒုတိယတိုင်းဥပဒေအရာရှိ ဦးသန်းလှိုင်က ရုံးလုပ်ငန်းဆိုင်ရာများနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် စစ်ကိုင်းတိုင်း ဥပဒေအရာရှိ ဦးမောင်မောင်လင်းက လုပ်ငန်းဆိုင်ရာများကို ပြန်လည်ရှင်းလင်းပြီး နိဂုံးချုပ်အမှာစကားပြောကြားကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

ဇန်နဝါရီ၉ရက်က မန္တလေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမင်းမင်းဇော်သည် စဉ့်ကူး မြို့နယ်စည်ပင်သာယာရေးအဖွဲ့မြို့ရေပေးရေးလုပ်ငန်းဖြစ်သည့် ရေစက်ရုံသို့ ရောက်ရှိပြီး အမှုဆောင်အရာရှိ ဦးမျိုးတင့်နှင့် အငယ်တန်းအင်ဂျင်နီယာ(၂) ဦးထွန်းလှအောင်တို့အား ရေပေးဝေမှုအခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။ (မြို့နယ် ပြန်/ဆက်)

စာအုပ်လှူဒါန်းပွဲ မတူပီ၌ ကျင်းပ

မတူပီ ဖေဖော်ဝါရီ ၅

ချင်းပြည်နယ် မတူပီမြို့နယ်ကိုယ့်အားကိုယ်ကိုး ကျေးရွာစာကြည့်တိုက်များအတွက် ဌာနဆိုင်ရာများမှ လှူဒါန်းထားသော စာအုပ်များကို ချင်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးကြီးဇော်မင်းဦးက မြို့နယ်ဦးစီးမှူး ဦးပဲန်ထန်းထံ ပေးအပ်လှူဒါန်းကြောင်း သိရသည်။ (ခရိုင် ပြန်/ဆက်)

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးမောင်ဝင်း ဒီဇင်ဘာ ၂၆ ရက်က မိုင်းခတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ယာဉ်စက်ယန္တရားများကို ကြည့်ရှုစစ်ဆေးစဉ်။ (ခရိုင် ပြန်/ဆက်)

မင်းကင်းမြို့နယ်၌ အလက(ခွဲ)ကျောင်းဖွင့်

မင်းကင်း ဖေဖော်ဝါရီ ၁

စစ်ကိုင်းတိုင်း မင်းကင်းမြို့နယ် အင်ပင်လှအုပ်စု ပျဉ်တောရွာ၌ အလက(ခွဲ) ကျောင်းဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ၁ဝရက် နံနက် ၁၀နာရီက ကျင်းပရာ မြို့နယ်ပညာရေးမှူး ဦးဟန်ငွေနှင့် ကျောင်းအကျိုးတော်ဆောင် ဦးဝင်းမော်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်(၁) ဒုတိယရဲမှူးခင်မောင်ဝင်းက စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးကြောင်း သိရသည်။ (ဝ၃၃)

မိုးမောက်မြို့၌ ထပ်ပိုးလှာလမ်းဖွင့်

မိုးမောက် ဖေဖော်ဝါရီ ၁၈

(၆၂)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် မိုးမောက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ မြို့ပြ ကတ္တရာ ထပ်ပိုးလှာလမ်းဖွင့်ပွဲကို ဖေဖော်ဝါရီ၁ဝရက် နံနက် ၈နာရီကကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိ ဦးတင်မောင်ထွေးတို့ ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

(မြို့နယ် ပြန်/ဆက်)

မီးဘေးကြိုတင်ကာကွယ်ရေး ဟောပြောပွဲနှင့် လက်တွေ့သရုပ်ပြသပွဲ သာစည်တွင်ကျင်းပ

သာစည် ဖေဖော်ဝါရီ ၁၁

မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေး သိုလှောင်ဖြန့်ဖြူးရေးဌာနခွဲ(ခ)အဆင့်၊ သာစည်မြို့၌ မီးဘေးကြိုတင်ကာကွယ်ရေး ဟောပြောပွဲနှင့် လက်တွေ့သရုပ်ပြ မီးငြိမ်းသတ်ခြင်း အခမ်းအနားကို ဇန်နဝါရီ ၁၁ရက် နံနက် ၉ နာရီက အဆိုပါဌာနခွဲ ဝင်းအတွင်း၌ ကျင်းပသည်။

အခမ်းအနားတွင် ဌာနခွဲမန်နေဂျာ ဦးသန်းမြင့်အောင်က မီးလောင်မှုဖြစ်ပွားနိုင်သည့်အကြောင်းအရင်းများနှင့် လိုက်နာဆောင်ရွက်ရမည့် သိကောင်းစရာများကို ပြောကြားပြီး မြို့နယ်မီးသတ်ဦးစီးမှူး ဦးမြင့်ဦးက မီးဘေးကြိုတင်ကာကွယ်ရေးနှင့် မီးသတ်ဆေးဘူးများ ကိုင်တွယ်အသုံးပြု မီးငြိမ်းသတ်နည်းကို ဟောပြော၍ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဌာနဝန်ထမ်းများပူးပေါင်းကာ မီးငြိမ်းသတ်ခြင်းကို လက်တွေ့သရုပ်ပြကြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ကျော့မှူးမြို့ အခြေခံပညာအထက်တန်းကျောင်း၏ ၂၀၀၇-၂၀၀၈ ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆု ချီးမြှင့်ပွဲကို ဇန်နဝါရီ ၂၄ရက်က ကျင်းပရာ တက္ကသိုလ်ဝင်တန်းတွင် လေးဘာသာဂုဏ်ထူးရ မောင်မြတ်ထွန်းကျော်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်သူဇာက ဆုပေးအပ်ချီးမြှင့်စဉ်။

(မြို့နယ် ပြန်/ဆက်)

မူးယစ်ဆေးဝါးအန္တရာယ် တားဆီးနှိမ်နင်းရေး ဝေါမြို့တွင် အသိပညာပေး ဟောပြောဆွေးနွေး

ဝေါ ဖေဖော်ဝါရီ ၈

မူးယစ်ဆေးဝါးအန္တရာယ်တားဆီးနှိမ်နင်းရေး၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောပွဲ အခမ်းအနားကို ဇန်နဝါရီ ၂၇ရက် မွန်းလွဲပိုင်းက ပဲခူးတိုင်း ဝေါမြို့နယ် အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

ပညာပေးဟောပြော

အဆိုပါဟောပြောပွဲတွင် ပဲခူးမူးယစ်(အထူး)အဖွဲ့မှ ရဲအုပ်ကျော်ဆွေဦး**(အပေါ်ပုံ)**က မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးနှင့် အိမ်သုံးဆေး အလွဲသုံးမှုအန္တရာယ်အကြောင်းကို ဓာတ်ပုံမှတ်တမ်းများနှင့်အတူ ရှင်းလင်းဆွေးနွေးပြီး လူကုန်ကူးမှုတားဆီးရေးအဖွဲ့မှ ရဲအုပ်မျိုးသိမ်းက လူကုန်ကူးမှုတားဆီးကာကွယ်နိုင်ရေး၊ ပဲခူးယာဉ်ထိန်းတပ်ဖွဲ့မှ တာဝန်ခံရဲအုပ် ခင်မောင်လွင်က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအကြောင်း သိကောင်းစရာများကို ပညာပေးဟောပြောဆွေးနွေးမှုများ ပြုလုပ်ကြကြောင်း သိရသည်။

(ဝ၆၈)



ပလက်ဝမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်အတွင်း မီးဇာကျေးရွာ အုတ်ရေလှောင်ကန် တည်ဆောက်ခြင်းလုပ်ငန်းကို အမှုဆောင်အရာရှိ ဦးထွန်းလှိုင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးအောင်သိန်းထွန်းတို့ ကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (မြို့နယ်စည်ပင်)

သက်ရှိလောကတည်မြဲဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့

ဆံတော်ရှင် မြတ်မော်တင်စေတီတော်မြတ်ကြီး ဗုဒ္ဓပူဇနိယပွဲတော်ကျင်းပမည်

ဧရာဝတီတိုင်း ဟိုင်းကြီးကျွန်းမြို့နယ်ခွဲအတွင်းရှိ တန်ခိုးကြီးသမိုင်းဝင် မဟာမကုဋရုံသီ ဆံတော်ရှင် မြတ်မော်တင်စေတီတော်မြတ်ကြီး၏ နှစ်စဉ်ကျင်းပမြဲဖြစ်သော ဗုဒ္ဓပူဇနိယပွဲတော်ကို တပေါင်းလဆန်း ၁ရက်မှ တပေါင်းလပြည့်နေ့အထိ (၂၀၀၉ခုနှစ်၊ ဖေဖော်ဝါရီ ၂၄ရက်မှ မတ်လ ၁၀ရက်)အထိ ၁၅ရက်တိုင် စည်ကားသိုက်မြိုက်စွာ ပူဇော်ကျင်းပမည် ဖြစ်ပါသည်။

ဆက်သွယ်လှူဒါန်းနိုင်

ဆံတော်ရှင် မြတ်မော်တင်စေတီတော်မြတ်ကြီး ဘက်စုံပြုပြင်မွမ်းမံ တည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများ ပါဝင်လှူဒါန်းလိုပါက ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၊ ပုသိမ်ခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီနှင့် လပွတ္တာခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး ဖုန်း-၀၄၂-၂၅၂၇၉၊ ၂၄၂၈၃၊ ၂၅၁၇၇၊ ၂၄၉၀၃၊ ၈၀၆၇၄တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

ကျင်းပရေးကော်မတီ။

အမည်ပြောင်း

အဖ ဦးချင့်ဖ၏သမီး မြစ်ကြီးနားမြို့ အလက(၃)သူငယ်တန်းမှ မယုဇနအောင်အား မဇင်ယုယုလှိုင်ဟု ပြောင်းလဲ ခေါ်ပါရန်။

မဇင်ယုယုလှိုင်။

ကွာရှင်းပြတ်စဲပြီးကြောင်း ကြေညာခြင်း

ကျွန်တော် မောင်တိုးကိုကိုဟန်(ခ)ငယ်လေး ၅/စကန(နိုင်)၁၆၁၆၈၉နှင့် မတာရာမင်းခင်(ခ)နေနေ ၁၂/ရကန(နိုင်)၀၆၈၈၅၂တို့သည် ၁၃-၁-၂၀၀၉ရက်တွင် နှစ်ဦးသဘောတူ လက်မှတ်ရေးထိုး ကွာရှင်းပြီးဖြစ်ပါ၍ နောက်နောင် မတာရာမင်းခင်နှင့်ပတ်သက်သော စီးပွားရေး၊ ငွေကြေး၊ လူမှုရေးကိစ္စ အဝဝသည် ကျွန်တော်နှင့် လုံးဝမသက်ဆိုင်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

မောင်တိုးကိုကိုဟန်(ခ)ငယ်လေး
မကွေးမြို့။

မီးသတိပြု

မြန်မာ့မီးရထားအငြိမ်းစားများအသင်း (၂၀၀၇-၂၀၀၈)ခုနှစ်၊ နှစ်ပတ်လည်အစည်းအဝေး ဖိတ်ကြားလွှာ

ဤအသင်း၏(၂၀၀၇-၂၀၀၈)ခုနှစ်၊ နှစ်ပတ်လည်အစည်းအဝေးကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါ၍ အသင်းဝင်များသည် အသင်းဝင်ကတ်ပြားများနှင့်အတူ မပျက်မကွက်တက်ရောက်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

နေ့ရက် - ၂၈-၂-၂၀၀၉ရက်(စနေနေ့)
အချိန် - မွန်းတည့် ၁၂း၀၀နာရီ
နေရာ - မြန်မာ့မီးရထားစက်ခေါင်းစက်ရုံ ၊ အင်းစိန်

အမှုဆောင်အဖွဲ့။



တောင်တွင်းကြီးမြို့နယ်၌ စာကြည့်တိုက်အဆောက်အအုံများဖွင့်

တောင်တွင်းကြီး ဖေဖော်ဝါရီ ၁၀

(၆၂)နှစ်မြောက်ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် တောင်တွင်းကြီးမြို့နယ် ကျေးလက်စာကြည့်တိုက်များ ဖွံ့ဖြိုးခိုင်မာရေး ဦးစီးကော်မတီ၏ ကြီးကြပ်မှု၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ စည်းရုံးဆောင်ရွက်မှုဖြင့် ကျေးလက်စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲ အခမ်းအနားများကို ဖေဖော်ဝါရီ ၃ရက်က ပန်းသွင်းလေးအုပ်စု-ကုက္ကိုလှကျေးရွာ ကုက္ကိုရိပ်စာကြည့်တိုက်နှင့် ချင်းကုန်းကျေးရွာ သော်တာလှိုင်အဆောက်အအုံသစ်ကို မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးဇော်ဌေးအောင်နှင့် အုပ်စုဥက္ကဋ္ဌ ဦးအောင်ရင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**

ပေးအပ်လှူဒါန်း

ဆက်လက်၍ ပန်းသွင်းကြီးအုပ်စု ငွေးကုန်းကျေးရွာ အရိန္ဒမာစာကြည့်တိုက်အဆောက်အအုံသစ်ကို မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးဦးဇော်ဌေးအောင်နှင့် ငွေးကုန်းကျေးရွာဥက္ကဋ္ဌ ဦးအေးလွင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

အဆိုပါ စာကြည့်တိုက်များအတွက် အလှူရှင် ၃၀တို့က ငွေကျပ် သုံးသိန်းခန့်တန်ဖိုးရှိ သုတ၊ရသစာအုပ်မျိုးစုံအုပ် ၁၃၀၀ ကို ပေးအပ်လှူဒါန်းကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

အတတ်ပညာလေ့ကျင့်ရေးသင်တန်းကျောင်း (မုံရွာ) ချောင်းဦးမြို့နယ်တွင် ပန္နက်တင်မင်္ဂလာကျင်းပ

ချောင်းဦး ဖေဖော်ဝါရီ ၈

စစ်ကိုင်းတိုင်း မုံရွာခရိုင် အတတ်ပညာလေ့ကျင့်ရေး သင်တန်းကျောင်း(မုံရွာ) ပန္နက်တင်မင်္ဂလာအခမ်းအနားကို ဇန်နဝါရီ ၂၅ရက် မွန်းလွဲ ၁နာရီက ချောင်းဦးမြို့၌ ကျင်းပသည်။

ရွှေပန္နက်တိုင်များစိုက်ထူပေး

ရှေးဦးစွာ ခရိုင်ဥက္ကဋ္ဌ ဦးခင်မောင်ကျော်က ပန္နက်ရိုက်မည့်မြေနေရာပေါ်တွင် ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်ကျော်၊ မြို့နယ်ဥက္ကဋ္ဌ ဦးညွန့်မောင်၊ ပိတုန်း(၇)ကောင် ဆောက်လုပ်ရေးကုမ္ပဏီ ဒါရိုက်တာ ဦးဝင်းမြင့်စိုးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးမောင်မောင်သန်းတို့က အဆောက်အအုံ ဆောက်လုပ်မည့်မြေနေရာအား ရွှေပန္နက်တိုင်များ စိုက်ထူပေးကြသည်။ **(အပေါ်ပုံ)**

ဆက်လက်၍ ယာယီရှင်းလင်းဆောင်တွင် ပိတုန်း(၇)ကောင် ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်မှ တာဝန်ခံအင်ဂျင်နီယာ ဦးမောင်မောင်သန်းက အဆောက်အအုံများဆောက်လုပ်ရန် မြေနေရာချထားမှုနှင့်ပတ်သက်၍ တက်ရောက်လာကြသည့် ဧည့်သည်များအား ရှင်းလင်းတင်ပြသည်။

တည်ဆောက်မည်

အဆိုပါ အတတ်ပညာလေ့ကျင့်ရေးသင်တန်းကျောင်း(မုံရွာ) စာသင်ဆောင် ဆောက်လုပ်မည့်ပုံစံမှာ အလျား ပေ၁၀၀၊ အနံ ၅၂ ပေရှိ တစ်ထပ်စာသင်ကျောင်းဆောင်ဖြစ်ပြီး ဆောက်လုပ်မည့်မြေနေရာမှာ မုံရွာ-မန္တလေး ကားလမ်းမကြီး၏တောင်ဘက် ချောင်းဦး-ပခုက္ကူကားလမ်း၏ အရှေ့ဘက်တွင် တည်ဆောက်မည်ဖြစ်ကြောင်း သိရသည်။ **(မြို့နယ် ထွေ/အုပ်)**

နေပြည်တော်ပျဉ်းမနား အမက(၁) ပညာရည်ချွန်ဆု ပေးအပ်ချီးမြှင့်

နေပြည်တော်ပျဉ်းမနား ဖေဖော်ဝါရီ ၁၈

နေပြည်တော်ပျဉ်းမနား အမှတ်(၁) အခြေခံပညာမူလတန်းကျောင်း(မြို့မ) ၂၀၀၇-၂၀၀၈ခုနှစ် ၂၀၀၈-၂၀၀၉ ပညာသင်နှစ် ဘက်စုံပညာရည်ချွန်ဆု ပေးအပ်ချီးမြှင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၂၉ရက် မွန်းလွဲ ၁နာရီက ကျင်းပရာ ကျောင်းသား ကျောင်းသူလေးများက မြန်မာ့ကျောင်းသီချင်းဖြင့် သီဆို၍ဖွင့်လှစ်သည်။

ဆုများပေးအပ်

ထို့နောက် မြို့နယ်ပညာရေးမှူးဦးစိုးလှိုင်၊ ကျောင်းအကျိုးတော်ဆောင်ဦးမြင့်လွင်(စံကောင်း)နှင့် ကျောင်းအုပ်ဆရာကြီး ဦးတင့်လွင်တို့က အမှာစကားပြောကြားပြီး အင်္ဂလိပ်စာဘာသာရပ်ထူးချွန်ဆုရရှိသူ သူငယ်တန်းမှ မောင်သော်ဇင်ဖြိုးမြင့်**(အောက်ပုံ)** နှင့်ဆုရရှိသူ ကျောင်းသား ကျောင်းသူ စုစုပေါင်း ၁၇၈ ဦးအား တာဝန်ရှိသူများက ဆုများပေးအပ်ကြသည်။ (၀၈၄)

မြို့နယ်သတင်းများ

(မှုခင်းသတင်း) စိတ်ကျရောဂါခံစားနေရသည့် အမျိုးသမီး မိမိကိုယ်ကို ဓားနှင့်ထိုးပြီးသေဆုံးသွား

ပုသိမ် ဖေဖော်ဝါရီ ၁၅

စိတ်ကျရောဂါခံစားနေရသော အမျိုးသမီးတစ်ဦး မိမိကိုယ်ကို ဓားနှင့်ထိုးပြီး သေဆုံးသွားသည့်ဖြစ်ရပ် ဖေဖော်ဝါရီ ၇ ရက် နံနက်က ပုသိမ်၌ ဖြစ်ပွားခဲ့သည်။

သေဆုံး

ဖြစ်ပွားပုံမှာ ဖေဖော်ဝါရီ ၇ရက်က ပုသိမ်မြို့ အမှတ် ၅ နယ်မြေ ပန်းတင်ကုန်းရပ် မဟာစေတီလမ်း၌ နေထိုင်သော ကိုမောင်မောင်၏ဇနီးဖြစ်သူ မခင်သော်သော်ဝင်း(၃၈နှစ်) (ဘ)ဦးခင်မောင်အေးသည် ခင်ပွန်းဖြစ်သူ ခရီးသွားနေခိုက် သားကြီး ကျော်ဇင်ဖြိုး (၁၁နှစ်)၊ သားငယ် ဝေယံလင်းသစ်(ငါးနှစ်)တို့နှင့်အတူ နေအိမ်အိမ်ဦးခန်း၌ အိပ်စက်ကြသည်။ ထိုမှ နံနက် ၄နာရီခွဲခန့်တွင် အတူအိပ်စက်နေသူ သားကြီး ကျော်ဇင်ဖြိုးက လန့်နိုးလာပြီး မိခင် မခင်သော်သော်ဝင်းက အရိုးအသွားရှစ်လက်မခန့်ရှိ သားလှီးဓားဖြင့် မိမိဝမ်းဗိုက်ကို အချက်များစွာ ထိုးနေသည်ကို မြင်တွေ့လိုက်ရသဖြင့် အော်ဟစ်၍ အိမ်နီးနားချင်းများအား လိုက်လံနှိုးသည်။ ထို့ကြောင့် အနီးဝန်းကျင်ရှိလူများ ရောက်ရှိလာပြီး နေအိမ်အရှေ့ ဖိနပ်ချွတ်အခန်းထောင့်၌ သူမ၏ဝမ်းဗိုက်ကို ကိုယ်တိုင် ဓားနှင့်ထိုးသွင်း၍ သေဆုံးနေကြောင်း တွေ့ရှိရသည်။

စုံစမ်းစစ်ဆေး

ထို့ကြောင့်လည်း အမှတ် ၅ရပ်ကွက်ဥက္ကဋ္ဌ ဦးခင်ချစ်နှင့် နယ်ထိန်းအဖွဲ့က အသည်ကြီးရဲစခန်းသို့ သတင်းပို့တိုင်ကြားခဲ့ရာ စခန်းမှူးရဲအုပ်ကျော်ဖေယျနှင့် ဒုရဲအုပ်ခုပ်ခန့်မန်းတို့က အခင်းဖြစ်ပွားမှုကို စုံစမ်းစစ်ဆေး၍ အလောင်းကို ပုသိမ်မြို့ တိုင်းဆေးရုံကြီးသို့ တင်ပို့ပြီး သေမှုသေခင်းအမှတ် ၃/၂၀၀၉ဖြင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ (၁၅၇)

မင်္ဂလာတောင်ညွန့်မြို့နယ် အမှတ်(၂)အခြေခံပညာမူလတန်းလွန်ကျောင်း၏ ၂၀၀၇-၂၀၀၈ ပညာရည်ချွန် ဘက်စုံထူးချွန်ဆုပေးပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၄ရက်က အဆိုပါကျောင်းခန်းမ၌ ကျင်းပရာ ခြောက်နှစ်ဆက်တိုက် စံပြပထမဆုရ မောင်ဟိန်းထက်အောင်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်မြင့်မြင့်ချိုက ပညာရည်ချွန်ဆုချီးမြှင့်စဉ်။ (ပညာရေး)

မိုးညှင်းမြို့၌ ယာဉ်ယန္တရားများ ကြံ့ခိုင်မှုစစ်ဆေး

မိုးညှင်း ဖေဖော်ဝါရီ ၂

ကချင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးဝင်းသည် မိုးညှင်းခရိုင် မိုးညှင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ယာဉ်ယန္တရားများ ကြံ့ခိုင်မှု အခြေအနေကို ဇန်နဝါရီ ၁၈ ရက်က ကွင်းဆင်းစစ်ဆေးရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိနှင့် တာဝန်ခံအင်ဂျင်နီယာတို့က ရှင်းလင်းပြသခဲ့ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

တက္ကသိုလ်ဝင် စာမေးပွဲနှင့် စပ်လျဉ်းသော သတင်းကြေညာချက်ထုတ်ပြန်

ရန်ကုန် ဖေဖော်ဝါရီ ၁၉

၂၀၀၉ခုနှစ် မတ် ၁၁ ရက်မှ ၂၀ ရက်အထိ ကျင်းပမည့် တက္ကသိုလ်ဝင်စာမေးပွဲကို ဖြေဆိုခွင့်တောင်းထားကြသော ကျောင်းသား၊ ကျောင်းသူများသိရှိရန် သတင်းကြေညာချက်ကို သက်ဆိုင်ရာက ယနေ့ထုတ်ပြန်သည်။

ယင်းကြေညာချက်တွင် တစ်ပြည်လုံးရှိ နယ်စာစစ်ဌာနအသီးသီး၌ ဖြေဆိုကြမည့် ကျောင်းသား၊ ကျောင်းသူများအတွက် စာမေးပွဲဝင်ခွင့်ကတ်ပြားများနှင့် ခုံအမှတ်စာရင်းများကို သက်ဆိုင်ရာစာစစ်ဌာနကြီးကြပ်ရေးမှူးများထံ ပေးပို့ထားပြီးဖြစ်ရာ မိမိတို့၏ ဓာတ်ပုံကပ်ထားသည့် ခုံအမှတ်စဉ်ပါသော စာမေးပွဲဝင်ခွင့်ကတ်ပြား (Identity Card) များကို သက်ဆိုင်ရာစာစစ်ဌာန ကြီးကြပ်ရေးမှူးများထံမှ ဖေဖော်ဝါရီ ၂၇ရက်(သောကြာနေ့)မှစတင်၍ စာမေးပွဲရက်မတိုင်မီ ကြိုတင်စုံစမ်းမေးမြန်းထုတ်ယူကြရန် ဖြစ်သည်။

ရန်ကုန်မြို့မ စည်ပင်သာယာနယ်နိမိတ်အတွင်းရှိ မြို့နယ်အသီးသီးတွင် ဖြေဆိုကြမည့် ကျောင်းသား၊ ကျောင်းသူများအတွက် ခုံအမှတ်စာရင်းများနှင့် စာစစ်ဌာနစာရင်းများကို မြို့နယ်အလိုက် သက်ဆိုင်ရာ မြို့နယ်ပညာရေးမှူးရုံးများ၌ မတ် ၃ ရက်(အင်္ဂါနေ့)မှစတင်၍ ကပ်ထားပေးမည်ဖြစ်သည်။

ရန်ကုန်မြို့မ စည်ပင်သာယာနယ်နိမိတ်အတွင်းမှ ကျောင်းသား၊ ကျောင်းသူများသည် မိမိတို့၏စာမေးပွဲဝင်ခွင့်ကတ်ပြားများကို မတ် ၅ ရက် (ကြာသပတေးနေ့)မှစတင်၍ ထုတ်ယူကြရန်ဖြစ်ပြီး အခြေခံပညာအထက်တန်းကျောင်း၊ (ကျောင်းခွဲ)နှင့်(တွဲဖက်) အခြေခံပညာအထက်တန်းကျောင်းများမှ ကျောင်းသား၊ ကျောင်းသူများသည် မိမိတို့၏စာမေးပွဲဝင်ခွင့်ကတ်ပြားများကို သက်ဆိုင်ရာ မိမိတို့ကျောင်းအုပ်ကြီးများထံမှလည်းကောင်း၊ ပြင်ပမှ ဖြေဆိုသူများသည် စာမေးပွဲဝင်ခွင့်ကတ်ပြားများကို မိမိတို့ဖြေဆိုရမည့် စာစစ်ဌာနကြီးကြပ်ရေးမှူးများထံမှလည်းကောင်း အသီးသီးထုတ်ယူနိုင်ကြကြောင်းဖြစ်ပြီး ဖော်ပြပါရှိသည်။

(သတင်းစဉ်)

လူမှုဝန်ထမ်းဦးစီးဌာန ကော့မှူးမြို့နယ် ငှက်အော်စမ်းလူငယ်သင်တန်းကျောင်း၏ ကျောင်းအဝင်မုခ်ဦးကို ဤသို့ တွေ့ရသည်။ (မြန်မာ့အလင်း)

ငှက်အော်စမ်းမှ ပွင့်လန်းလာမည့် ပန်းကလေးများ

သတင်းမြင်ကွင်း - တက္ကသိုလ်ဟန်စိန်နှင့် သန်းမောင် ❖ စာမျက်နှာဖွဲ့စည်းမှု - မင်းထွန်း
ဓာတ်ပုံမှတ်တမ်း - သတင်းထောက် အုန်းကျော်(တာမွေ)

ရန်ကုန် ဖေဖော်ဝါရီ ၁၉

ပန်းကလေးတွေပွင့်နေကြ၏။
အရောင်စုံ အသွေးစုံ၊ သူ့အလှနှင့်သူ
ထိုပန်းကလေးတို့ ပွင့်နေသော ဥယျာဉ်ကား...

ရန်ကုန်တိုင်း ကော့မှူးမြို့နယ် ငှက်အော်စမ်းကျေးရွာမှ လူငယ်သင်တန်းကျောင်း....။

လေအဝှေ့တွင် ယိမ်းနွဲ့နေသော ပန်းကလေးတို့ထံမှ သင်းပျံ့ပျံ့ရနံ့တို့က ခရီးပန်းလာသူ သတင်းသမားသုံးဦး၏ရင်သို့ လှုပ်ခတ်နိုင်စွမ်းသည်။ သည်အတွက် သတင်းသမားတို့၏ရင်၌ ပန်းကလေးတို့၏ သတင်းကိုတင်ပြရန် ဆန္ဒများက စေတနာအပြည့်ဖြင့် ဝေဖြာနေခဲ့သည်။ *စာမျက်နှာ ၁၁ ကော်လံ ၁* ❐



ရောင်းတမ်းဝင် ရော်ဘာသစ်များ ထုတ်လုပ်ထားသည်ကို ဤသို့ တွေ့ရသည်။ (သတင်းစဉ်)

မွန်ပြည်နယ်ကို ရော်ဘာပြည်နယ်ဖြစ်ရေး ဆောင်ရွက်နေ

တစ်နိုင်ငံလုံး၏ စိုက်ဧက ၄၀ ရာခိုင်နှုန်းကျော် စိုက်ပျိုးမည်

➢ သတင်းဆောင်းပါး - မောင်မောင်ထွေး (သတင်းစဉ်)
➢ ဓာတ်ပုံမှတ်တမ်း-လှမိုး(သတင်းစဉ်) ➢ စာမျက်နှာဖွဲ့စည်းမှု - သန်းအေး

ရန်ကုန် ဖေဖော်ဝါရီ ၁၉

ကျွန်တော်တို့သတင်းအဖွဲ့ဟာ ပြီးခဲ့တဲ့ရက်ပိုင်းအတွင်းက မွန်ပြည်နယ်သို့ ရောက်ရှိစဉ်အတွင်း ရော်ဘာစိုက်ပျိုးထုတ်လုပ်မှုကိုလည်း သွားရောက်လေ့လာခဲ့ကြပါတယ်။

သတ်မှတ်

အင်္ဂလိပ်အမည် Rubber ကို မြန်မာလို တိုက်ရိုက်ရော်ဘာလို့သာ ခေါ်ဝေါ်ခဲ့ကြပေမယ့် ရုက္ခဗေဒ အမည်အားဖြင့်ကတော့ Heveabra-siliensis ဖြစ်ပါတယ်။ မျိုးရင်းက Euphorbiaceae ဖြစ်ပြီး မူရင်းဒေသကတော့ တောင်အမေရိကတိုက်ရှိ ဘရာဇီးနိုင်ငံရဲ့ အမေဇုန်မြစ်ဝှမ်းက ဖြစ်တယ်လို့ ပညာရှင်များက သတ်မှတ်ခဲ့ကြပါတယ်။

စာမျက်နှာ ၅ ကော်လံ ၁ ■

မြန်မာ့အလင်း အင်တာနက် ကျန်းမာရေး

မော်တော်ယာဉ် သွားလာမှုများသည့်အရပ်၌ နေထိုင်ခဲ့ပါလျှင် ကလေးငယ်များ ပန်းနာရောဂါဖြစ်ပွားနိုင်

မော်တော်ယာဉ်သွားလာမှုများသော အရပ်ဒေသ၌ နေထိုင်သော ကလေးငယ်များသည် အသက်ငယ်ရွယ်စဉ်အချိန်မှစတင်ကာ ပန်းနာရောဂါရရှိမှု အခွင့်အလမ်းများကြောင်း ဗြိတိသျှသုတေသနပညာရှင်များ သတိပေးလိုက်သည်။

အန္တရာယ်ပေး

မော်တော်ယာဉ်များမှ ထွက်ရှိသော အခိုးအငွေ့များသည် လေထုကို ညစ်ညမ်းစေသည့်အပြင် ကလေးငယ်တို့အား အဆုတ်ရောဂါနှင့် ပန်းနာရောဂါတို့ဖြစ်ပွားစေရန် အဓိက အန္တရာယ်ပေးကြောင်း ၎င်းတို့က ပြောကြားသည်။

ထောက်ပြ

အထူးသဖြင့် အသက်ငါးနှစ်အောက် ကလေးငယ်များသည် မော်တော်ယာဉ် များပြားစွာ *စာမျက်နှာ ၃ ကော်လံ ၁* ✻

အလင်းစွမ်းအားမှ ဓာတ်အားထုတ်ယူနိုင်တော့မည်

ဘာသာပြန် သတင်းမှတ်စု မိုးမြင့်လင်းလက်

တိုကျို ဖေဖော်ဝါရီ ၁၉



သဘာဝ သယံဇာတများမှ နည်းမျိုးစုံဖြင့် ထုတ်ယူရရှိသော စွမ်းအင်များကို ကမ္ဘာ့နိုင်ငံအသီးသီးတွင် သုတေသနပြု ထုတ်ယူလျက်ရှိရာ ယခုအခါ အလင်းရောင်၏စွမ်းအားမှ ဓာတ်အားထုတ်ယူနိုင်ရန် ဂျပန်သုတေသနပညာရှင်များက စမ်းသပ်နေပြီဖြစ်သည်။

စမ်းသပ်

အလင်းရောင်၏အားဖြင့် ဓာတ်အားထုတ်ယူရရှိမှုမှာ နည်းလမ်းအသစ်ဖြစ်ရာ အခြားသယံဇာတများမှ ထုတ်ယူရရှိသည့် ဓာတ်အားများကဲ့သို့ပင် သုံးစွဲနိုင်မည်ဖြစ်သဖြင့် ဂျပန်သုတေသနပညာရှင်များက ယခုအခါ သုတေသနပြု စမ်းသပ်နေကြခြင်းဖြစ်သည်။

မကုန်ခန်းနိုင်

ဒြပ်တစ်ခု၏အဏုမြူဖြင့် ဖွဲ့စည်းထားသော မော်လီကျူးများဖြင့် ပြုလုပ်ထားသည့် ဝိုင်ယာကြိုးကို *စာမျက်နှာ ၃ ကော်လံ ၁* ●

မြန်မာ့အလင်း **ဆောင်းပါး အညွှန်း**

ကျော်ရဲမင်း၏ **လမ်းမှန်နဲ့ ပိုပြီး ဝေးသည်ထက် ဝေးသွားမှာ စိုးရိမ်မိပါသည်(၂)** ဆောင်းပါး စာ-၁၀ တွင် ဖတ်ရှုနိုင်ပါသည်။